ကြေးမုံ
The Mirror Daily
၁၉၅၇ ခုနှစ် ဒီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

**ယောကျ်ားအာဇာနည်**

ယောကျ်ားအာဇာနည်မျိုးသည် ဖြစ်ထွန်းပေါ်ပေါက်နိုင်ခဲ၏။ ထိုယောကျ်ားအာဇာနည်မျိုးသည် ခပ်သိမ်းသော အရပ်ဒေသ၊ ခပ်သိမ်းသော အမျိုးအနွယ်တို့၌ မဖြစ်ထွန်းနိုင်၊ ပညာရှိသော အာဇာနည်ယောကျ်ားမျိုးသည် အကြင်အမျိုးအနွယ်၌ ဖြစ်၏။ ထိုအမျိုးအနွယ်သည် ချမ်းသာခြင်းသို့ ရောက်၏။

ဗုဒ္ဓဝဂ်(ဓမ္မပဒ-၁၉၃)

၁၃၇၉ ခုနှစ် ဝါဆိုလပြည့်ကျော် ၆ ရက် သောကြာနေ့။ Friday, 14 July 2017 (၈၉၈၅)

# တောင်သူများသို့ ယာယီလုပ်ပိုင်ခွင့်ပြုလက်မှတ် (ပုံစံ-၃) ထုတ်ပေးပြီးနောက် သားစဉ်မြေးဆက် လုပ်ပိုင်ခွင့်ရရှိစေရန် (ပုံစံ-၇)ရရှိရေး ဆက်လက်ဆောင်ရွက်ပေးမည်

နေပြည်တော် ဇူလိုင် ၁၃

လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီဥက္ကဋ္ဌ တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဦးဆောင်အဖွဲ့ခေါင်းဆောင် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်နှင့်အတူ ယနေ့နံနက်ပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် တန့်ဆည်မြို့နယ်ခန်းမ၌ ကျင်းပသည့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာနမှ ပြန်လည်စွန့်လွှတ်သည့်မြေများအား မူလတောင်သူများထံသို့ ယာယီလုပ်ပိုင်ခွင့်ပြုလက်မှတ်(ပုံစံ-၃) ပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားသည်။ စာမျက်နှာ ၃ ကော်လံ ၃ သို့ ✪



# ပြည်သူများအကြား နစ်နာမှုများ၊ ဝေဖန်မှုများ မြင့်တက်လျက်ရှိသည့်အတွက် ဆက်သွယ်ရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်သို့ တင်သွင်း

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၂၉)ရက်မြောက်နေ့ ကျင်းပစဉ်။

**နေပြည်တော် ဇူလိုင် ၁၃**

ဆက်သွယ်ရေးဥပဒေပုဒ်မ ၆၆(ဃ)ကို အသုံးပြု၍ ပုဂ္ဂိုလ်များအကြား တိုင်ကြားမှုများ တစ်နေ့တခြား များပြားလာသည်ကို တွေ့ရှိရပြီး လက်ရှိ ပြဋ္ဌာန်းထားသည့် ဥပဒေအရ တရားစွဲဆိုခံရသူအနေဖြင့် မမှန်မကန် စွပ်စွဲ တိုင်ကြားခြင်းခံရပါက နစ်နာမှုများ ဖြစ်ပေါ်လျက်ရှိသည်ကို ပြည်သူများအကြား ဝေဖန်မှုများ မြင့်တက်လျက်ရှိကြောင်း တွေ့ရှိရသည့်အတွက် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအနေဖြင့် ဆက်သွယ်ရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေ(မူကြမ်း)ကို အမျိုးသားလွှတ်တော်မှ ဆွေးနွေးအတည်ပြုပေးနိုင်ပါရန် အဆိုတင်သွင်းအပ်ပါကြောင်း ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုးက ပြောကြားသည်။

ယနေ့ကျင်းပသည့် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန် အစည်းအဝေး (၂၉)ရက်မြောက်နေ့တွင် ဒုတိယဝန်ကြီး ဦးကျော်မျိုးက ဆက်သွယ်ရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းအား လွှတ်တော်သို့ တင်သွင်းစဉ် ပြောကြားခဲ့ခြင်းဖြစ်သည်။

ဒုတိယဝန်ကြီးက ရာဇသတ်ကြီးဥပဒေတွင် ပါဝင်ပြီးဖြစ်သော ဆက်သွယ်ရေး ကွန်ရက်ကို အသုံးပြုခြင်းနှင့်ဆက်စပ်ပြီး အဓိပ္ပာယ်တိတိကျကျ သတ်မှတ်ဖော်ပြ ရန်ခက်သည့် ပြဋ္ဌာန်းချက်အချို့ကို ပယ်ဖျက်ခြင်းဖြင့် တရားဥပဒေတစ်ရပ်၏ အင်္ဂါရပ်များနှင့် ပိုမိုညီညွတ်စေရန်အတွက် **စာမျက်နှာ ၅ ကော်လံ ၁ သို့** ❖

**အရည်အသွေးမြင့်မားသည့် ဆက်သွယ်ရေးဝန်ဆောင်မှုများရရှိစေရန်၊ ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်း လုပ်ကိုင်သူများနှင့် အသုံးပြုသူများအတွက် ဥပဒေနှင့်အညီ ကြီးကြပ်အကာအကွယ်ပေးနိုင်ရန် ၂၀၁၃ ခုနှစ် ဆက်သွယ်ရေးဥပဒေကို ပြဋ္ဌာန်းခဲ့**

## ဇူလိုင်မိုးစက်များရဲ့ အောက်ဝယ်

နှစ် (၇၀)ပြည့် အာဇာနည်နေ့ဂုဏ်ပြုဆောင်းပါး

စာမျက်နှာ - ၆

## နိုင်ငံတစ်ဝန်းတွင် ကြီးမားစွာဖြစ်ပွားလျက်ရှိသော သစ်မှောင်ခိုမှုများ၊ သစ်ခိုးထုတ်မှုများနှင့်စပ်လျဉ်း၍ လွှတ်တော်တွင် ဆွေးနွေး

စာမျက်နှာ - ၅





## နိုင်ငံရေးနှင့် စည်းကမ်းကို ခွဲခြားနားလည်

နိုင်ငံရေးနှင့်စည်းကမ်းကို ခွဲခြားနားလည်ပါ။ စည်းကမ်းမရှိရင် အလုပ်မဖြစ်ဘူး။ စည်းကမ်းတစ်ခု ဖောက်ဖျက်ချင်တယ်ဆိုရင် ဒီစည်းကမ်းဖောက်ဖျက်လို့ ခံရမယ့်အပြစ်ကို နားလည်စေရမယ်။ အမိန့်ပြင်အောင် စည်းကမ်းနဲ့ ကြိုးစားပါ။ မပြင်ခင် ဒီအမိန့်အတိုင်း လိုက်နာနေပါ။ နိုင်ငံရေးနှင့် စည်းကမ်း ခွဲခြားနားလည်ခြင်းဖြစ်တယ်။

(ဗိုလ်ချုပ်အောင်ဆန်း၏ ၁၉၄၇ ခုနှစ်၊ မတ်လ ၂၅ ရက်နေ့ နတ်မောက်မြို့ အမှုထမ်းပေါင်းစုံသမဂ္ဂနှင့် ညစာစားပွဲတွင် ပြောကြားခဲ့သည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)

## လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ခန့်အပ်တာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**အမိန့်အမှတ်၊ ၁၇/ ၂၀၁၇**
**၁၃၇၉ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၅ ရက်**
**(၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၁၃ ရက်)**
**လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးခန့်အပ်တာဝန်ပေးခြင်း**

ချင်းပြည်နယ် လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးကျော်ကျော်နှင့် ရှမ်းပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးစိုးမိုးအောင်တို့ကို စစ်ဘက်မူလတာဝန်များပြန်လည်ထမ်းဆောင်စေပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၂၊ ပုဒ်မခွဲ(က)၊ ပုဒ်မခွဲငယ်(၂)၊ ပုဒ်မခွဲ(ခ)၊ ပုဒ်မခွဲ(င)နှင့် ပုဒ်မခွဲ(စ)၊ ပုဒ်မ ၂၆၄၊ ပုဒ်မခွဲ(ဂ)၊ ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေပုဒ်မ ၁၉၊ ပုဒ်မခွဲ(ဂ)၊ ပုဒ်မ ၈၂၊ ပုဒ်မခွဲ(ဂ) နှင့်တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ ဥပဒေပုဒ်မ ၈၊ ပုဒ်မခွဲ(က)၊ ပုဒ်မခွဲငယ်(၂)၊ ပုဒ်မခွဲ(ခ)၊ ပုဒ်မခွဲ(စ)နှင့်ပုဒ်မခွဲ(ဆ)၊ ပုဒ်မ ၅၆၊ ပုဒ်မခွဲ(က)တို့ပါ ပြဋ္ဌာန်းချက်များအရ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) မှ အောက်ဖော်ပြပါအရာရှိကြီးများကို ယှဉ်တွဲပါ ပြည်နယ်အစိုးရအဖွဲ့များတွင် လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်-

(၁) ဗိုလ်မှူးကြီးဟန်ဝင်းအောင် — ချင်းပြည်နယ်အစိုးရအဖွဲ့
(၂) ဗိုလ်မှူးကြီးနိုင်ဝင်းအောင် — ရှမ်းပြည်နယ်အစိုးရအဖွဲ့

**(ပုံ)ထင်ကျော်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် ဆေးရှဲလ်သမ္မတနိုင်ငံတို့အကြား သံတမန်အဆက်အသွယ်ထူထောင်

**နေပြည်တော် ဇူလိုင် ၁၃**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် ဆေးရှဲလ်သမ္မတနိုင်ငံတို့သည် ကုလသမဂ္ဂပဋိညာဉ်စာတမ်းပါ မူကြီးများနှင့် အပြည်ပြည်ဆိုင်ရာဥပဒေတို့ကိုအခြေခံပြီး သံတမန်ဆက်ဆံရေးနှင့် ကောင်စစ်ဆက်ဆံရေးဆိုင်ရာ ဗီယင်နာ ကွန်ဗင်းရှင်းများနှင့်အညီ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးတက်ခိုင်မာစေရန် ဆန္ဒရှိကြသည့်အားလျော်စွာ ဇူလိုင် ၁၂ ရက်မှစတင်၍ နှစ်နိုင်ငံအကြားသံအမတ်ကြီးအဆင့်ဖြင့် သံတမန်အဆက်အသွယ် ထူထောင်ကြသည်။

မြန်မာနိုင်ငံနှင့် ဆေးရှဲလ်နိုင်ငံတို့အကြား သံတမန်အဆက်အသွယ်ထူထောင်သည့် ပူးတွဲကြေညာချက်ကို ကုလသမဂ္ဂဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ်နှင့် ကုလသမဂ္ဂဆိုင်ရာ ဆေးရှဲလ်အမြဲတမ်းကိုယ်စားလှယ်တို့သည် ဇူလိုင် ၁၂ ရက်တွင် နယူးယောက်မြို့၌ လက်မှတ်ရေးထိုးခဲ့ကြသည်။

ဆေးရှဲလ်သမ္မတနိုင်ငံသည် မြန်မာနိုင်ငံ၏ (၁၂၁)နိုင်ငံမြောက် သံတမန်အဆက်အသွယ်ထူထောင်သည့်နိုင်ငံ ဖြစ်သည်။ **(သတင်းစဉ်)**

## သံအမတ်ကြီး ဦးသာအောင်ညွန့် ဖီဂျီနိုင်ငံသမ္မတထံ ခန့်အပ်လွှာပေးအပ်

**နေပြည်တော် ဇူလိုင် ၁၄**

ဖီဂျီသမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးသာအောင်ညွန့်သည် ၎င်း၏ ခန့်အပ်လွှာကို ၂၀၁၇ ခုနှစ် ဇူလိုင် ၁၁ ရက်တွင် ဆူးဗားမြို့၌ ဖီဂျီသမ္မတနိုင်ငံ သမ္မတ ဗိုလ်ချုပ်(အငြိမ်းစား) ဂျော်ဂျီကွန်နူစီ ကွန်ရော့တီ ထံ ပေးအပ်ခဲ့ပြီးဖြစ်သည်။ **(သတင်းစဉ်)**



**ပြန်လည်စွန့်လွှတ်သည့်မြေများအား မူလတောင်သူများသို့ ယာယီလုပ်ပိုင်ခွင့်ပြုလက်မှတ်(ပုံစံ-၃) ပေးအပ်ပွဲအခမ်းအနားတွင် တက်ရောက်လာသည့် တောင်သူလယ်သမားများအား ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။**

**✪ တောင်သူများမှ**

အခမ်းအနားတွင် ဒုတိယသမ္မတက ၂၀၁၇ ခုနှစ် မတ်လအတွင်းက စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ် ပဇီကြီးကျေးရွာအုပ်စုအတွင်း စွန့်လွှတ်မြေဧရိယာ ၃၇၉၂ ဒသမ ၄၆ ဧကကို တောင်သူ ၂၂၈ ဦးထံ ပြန်လည်လွှဲပြောင်းပေးအပ်ခဲ့ပြီးဖြစ်ကြောင်း။

ယနေ့အခမ်းအနားတွင် ရွှေဘိုခရိုင် တန့်ဆည်မြို့နယ်ရှိ စိုက်ပျိုးရေးဦးစီးဌာနမှ မျိုးသန့်ခြံအဖြစ်အသုံးပြုခဲ့သည့် ဧရိယာ ၃၇၂၆ ဧကအနက် ၂၅၂၆ ဧကကို နိုင်ငံတော်သို့ပြန်လည်အပ်နှံခဲ့ပြီး ယင်းအပ်နှံမြေဧရိယာထဲမှ ၇၃၈ ဒသမ ၉၉ ဧကကို မူလတောင်သူ ၂၃၉ ဦးထံ လယ်ယာမြေလုပ်ကိုင်ခွင့်ပြုလက်မှတ်ထပ်မံပေးအပ်နိုင်ခဲ့သည့်အတွက် အလွန်ဝမ်းမြောက်ဖွယ်ကောင်းသည့်နေ့ဖြစ်ပြီး ပြန်လည်စွန့်လွှတ်ပေးခဲ့သည့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် ပြန်လည်လွှဲပြောင်းပေးနိုင်ရေး ကြိုးပမ်းဆောင်ရွက်ပေးသည့် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ကော်မတီအဆင့်ဆင့်ကို အသိအမှတ်ပြုဂုဏ်ပြုရမည်ဖြစ်ကြောင်း။

စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် တောင်သူလယ်သမားများ အကျိုးအတွက်စဉ်းစား၍ လယ်မဲ့၊ ယာမဲ့များအတွက် မြေယာများဖော်ထုတ်ဆောင်ရွက်ပေးနိုင်သည်ကို တွေ့မြင်ရသည့်အတွက် ချီးကျူးဂုဏ်ပြုပါကြောင်း၊ တောင်သူလယ်သမားများအနေဖြင့်လည်း စိုက်ပျိုးရေးနှင့် မွေးမြူရေးထွက်ကုန်များ တိုးတက်ထုတ်လုပ်နိုင်အောင် ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းလိုကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် ဘက်ပေါင်းစုံက နိုင်ငံဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးလျက်ရှိသော်လည်း သဘာဝဘေးအန္တရာယ်ကြောင့် ပျက်စီးဆုံးရှုံးနစ်နာမှုများ နှစ်စဉ်ဖြစ်ပေါ်လျက်ရှိရာ ယင်းဆုံးရှုံးမှုများကို တတ်နိုင်သမျှ လျော့ပါးသက်သာအောင်ဆောင်ရွက်နိုင်မှ မိမိတို့ကြိုးပမ်းအားထုတ်မှုများ အရာထင်မည်ဖြစ်ကြောင်း။

တောင်သူများအတွက် ရေ၊ မြေ၊ လုပ်သား၊ စိုက်ပျိုးစရိတ်လိုအပ်ချက်များအပြင် သီးနှံထွက်ချိန်တွင် ဈေးကောင်းရရှိရေးသည်လည်း အရေးကြီးသည့်အတွက် ဈေးကွက်၏အနေအထားနှင့်ဝယ်လိုအားတို့အပေါ်မူတည်ပြီး ထိုက်သင့်သည့်ဈေးနှုန်းရရှိရေးကို နိုင်ငံတော်အနေဖြင့် အလေးထားဆောင်ရွက်ပေးလျက်ရှိကြောင်း။

နိဂုံးချုပ်အနေဖြင့် စိုက်ပျိုးရန်လယ်ယာမြေများ လက်ဝယ်ပြန်လည်ရရှိပြီးဖြစ်သည့် တောင်သူများအနေဖြင့်လည်း နိုင်ငံတော်၏စေတနာကို သိမြင်နားလည်ပြီး မိမိတို့ တစ်မိသားစုဝမ်းစာဖူလုံရေးမှသည် နိုင်ငံ့စီးပွားတိုးတက်မှုကို အထောက်အကူပြုနိုင်သည့် ကုန်ထုတ်လယ်ယာမြေများဖြစ်အောင် ကြိုးပမ်းဆောင်ရွက်ပေးကြစေလိုကြောင်း ပြောကြားသည်။

ယင်းနောက် စစ်ကိုင်းတိုင်းဒေသကြီး လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်က စစ်ကိုင်းတိုင်းဒေသကြီးအနေဖြင့် လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများကြောင့် ပြည်သူများနစ်နာမှုမရှိစေရေး လျင်မြန်စွာဆောင်ရွက်နိုင်ရန်အတွက် ဗဟိုကော်မတီ၏ ညွှန်ကြားချက်များနှင့်အညီ လယ်ယာမြေနှင့် အခြားမြေများသိမ်းဆည်းခံရမှု ကော်မတီအဆင့်ဆင့်ကို ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပြီး ဆောင်ရွက်လျက်ရှိကြောင်း။

တောင်သူများသို့ ယခုကဲ့သို့ ယာယီလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ (၃) ထုတ်ပေးပြီးသည့်နောက် သားစဉ်မြေးဆက်လုပ်ပိုင်ခွင့်ရရှိစေရန် ၂၀၁၂ ခုနှစ် လယ်ယာမြေဥပဒေနှင့်အညီ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ပုံစံ(၇)ရရှိရေးအတွက် ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း။

တိုင်းဒေသကြီးအတွင်း ဖြေရှင်းဆောင်ရွက်ပေးရမည့် ကျန်ရှိနေသော တိုင်ကြားစာများအား သက်ဆိုင်ရာဝန်ကြီးဌာနများ၊ ခရိုင်/ မြို့နယ်/ ရပ်ကွက်/ ကျေးရွာအုပ်စု လယ်ယာမြေနှင့် အခြားမြေများသိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီအဖွဲ့များဖြင့် ညှိနှိုင်းဖြေရှင်းဆောင်ရွက်လျက်ရှိကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးသန်း၊ တိုင်းဒေသကြီးဝန်ကြီး ဦးကမ်ဇာမုံ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် အမြဲတမ်းအတွင်းဝန်များက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာနမှ စွန့်လွှတ်သည့်မြေများအား မူလတောင်သူများကိုယ်စား တောင်သူကိုယ်စားလှယ်များထံ ယာယီလုပ်ပိုင်ခွင့်ပြုလက်မှတ်(ပုံစံ-၃) များကို ပေးအပ်ကြသည်။

ယင်းနောက် ဒုတိယသမ္မတသည် တန့်ဆည်မြို့နယ် ပြည်သူ့ဆေးရုံကိုလည်းကောင်း၊ တန့်ဆည်မြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းကိုလည်းကောင်းကြည့်ရှုပြီး ဆေးရုံနှင့် ကျောင်းလိုအပ်ချက်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် ရေဦး မူးမြစ်ကူးတံတားပေါ်မှ မူးမြစ်တွင် သောင်ထွန်းနေမှုအခြေအနေကို ကြည့်ရှုသည်။

ယင်းနောက် ရွှေဘိုမြို့သို့ရောက်ရှိပြီး ပြည်သူ့ဝန်ဆောင်မှုရုံး၌ ပြည်သူများအား ဌာနဆိုင်ရာဝန်ထမ်းများက ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုကို ကြည့်ရှုအားပေးသည်။

ထို့နောက် ဒုတိယသမ္မတသည် ဝက်လက်မြို့ လှတောကျေးရွာ အခြေခံပညာအထက်တန်းကျောင်းသို့ရောက်ရှိပြီး ဆရာ ဆရာမများ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံ၍ ကျေးရွာနှင့်ကျောင်းအတွက် လိုအပ်ချက်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။ **(သတင်းစဉ်)**

# လာမည့်ဆယ်စုနှစ်အတွင်း ကျင်းပမည့် အိုလံပစ်ပွဲတော်များ ပါရီနှင့် လော့စ်အိန်ဂျလိစ် လက်ခံကျင်းပခွင့်ရရန်တာစူ

**လော်ဆိန်း (ဆွစ်ဇာလန်) ဇူလိုင် ၁၃**

လာမည့်ဆယ်စုနှစ်တာကာလအတွင်း ကျင်းပမည့် နွေရာသီ အိုလံပစ်အားကစားပွဲတော်များကို အိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့်ရရှိရန် ပါရီမြို့နှင့် လော့စ်အိန်ဂျလိစ်မြို့တို့ တာစူလျက်ရှိကြသည်ဟု ဆွစ်ဇာလန်နိုင်ငံ လော်ဆိန်းမြို့ရှိ ဆွစ်နည်းပညာကွန်ဗင်းရှင်းဌာန၌ ကျင်းပသော နိုင်ငံတကာ အိုလံပစ်ကော်မတီ(အိုင်အိုစီ)အစည်းအဝေးအပြီးတွင် ထုတ်ပြန်ကြေညာလိုက်ကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြသည်။

၂၀၂၄ ခုနှစ် နွေရာသီ အိုလံပစ်အားကစားပွဲတော်အတွက် အိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့်ရရှိရေးအတွက် ယှဉ်ပြိုင်ရန် နောက်ဆုံးကျန်ရှိသည့် မြို့ကြီးနှစ်မြို့မှာ ပြင်သစ်နိုင်ငံ ပါရီမြို့နှင့် အမေရိကန်ပြည်ထောင်စုရှိ လော့စ်အိန်ဂျလိစ်မြို့တို့ဖြစ်ကြသည်။ အိုလံပစ်ပွဲတော် လက်ခံကျင်းပခွင့် ရရှိရေးယှဉ်ပြိုင်မှုနှင့် လက်ခံကျင်းပမှုတို့နှင့်ပတ်သက်၍ ကုန်ကျစရိတ်ကြီးလေးလှသည်ဟု ဆိုကာ အော်စလို၊ ရောမ၊ ဘူဒါပက်၊ မြူးနစ်စသည့်မြို့ကြီးများက အိုလံပစ်အားကစားပွဲကို အိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့် ရရှိရေး လျှောက်ထားမှုမှ နုတ်ထွက်သွားခဲ့ကြသည်။

အိုင်အိုစီသည် ရှေးထုံးစဉ်လာမရှိခဲ့သည့် ဆောင်ရွက်ချက်တစ်ရပ်အဖြစ် အိုလံပစ်ပွဲတော်ကျင်းပခြင်းနှင့် ပတ်သက်နေသော ဥပဒေစည်းမျဉ်းပြင်ဆင်ချက်တစ်ရပ်ကို ဇွန် ၉ ရက်က အတည်ပြုခဲ့သည်။ ဥပဒေစည်းမျဉ်းပြင်ဆင်ချက်အရ ၂၀၂၄ ခုနှစ်နှင့် ၂၀၂၈ ခုနှစ် နွေရာသီ အိုလံပစ်အားကစားပွဲတော်တို့အတွက် အိမ်ရှင်မြို့ကြီးများကို တစ်ပြိုင်နက်တည်း ရွေးချယ်ခွင့်ရရှိမည်ဖြစ်သည်။

မည်သည့်နှစ်တွင် မည်သည့်မြို့ကြီးက အိုလံပစ်အားကစားပွဲတော်ကို အိမ်ရှင်အဖြစ်လက်ခံကျင်းပခွင့်ရရှိမည်ကို အိုင်အိုစီက ထုတ်ဖော်ပြောကြားခြင်းမရှိခဲ့ပေ။ သို့ရာတွင် ၂၀၂၄ ခုနှစ်သည် ၁၉၂၄ ခုနှစ် ပါရီအိုလံပစ်ပွဲတော်၏ ရာပြည့်နှစ်ပတ်လည် အထိမ်းအမှတ်နှင့် တိုက်ဆိုင်လျက်ရှိသည်။

၂၀၂၄ ခုနှစ်နှင့် ၂၀၂၈ ခုနှစ် အိုလံပစ်အားကစားပြိုင်ပွဲများအတွက် အိမ်ရှင်အဖြစ် လက်ခံကျင်းပရေးနောက်ဆုံးဆုံးဖြတ်ချက်ကို စက်တင်ဘာ ၁၃ ရက်တွင် ပီရူးနိုင်ငံ လီမာမြို့၌ ပြုလုပ်မည့် (၁၃၁) ကြိမ်မြောက် အိုင်အိုစီ အစည်းအဝေးတွင် ဆုံးဖြတ်မည်ဖြစ်သည်။

**ဆင်ဟွာ။**






# ဘရာဇီးသမ္မတဟောင်း အဂတိလိုက်စားမှုဖြင့် ထောင်ဒဏ်ကိုးနှစ်ခွဲ ပြစ်ဒဏ်ချမှတ်ခံရ အပြစ်ဒဏ်၏ထက်ဝက်ကာလကို အကျဉ်းထောင်တွင်ကျခံစေရမည်ဟုဆို

**ဘရာဇီးလီးယား ဇူလိုင် ၁၃**

ဘရာဇီးသမ္မတဟောင်း လူဝီအန်နာစီယိုလူးလားဒါလ်ဆေးဗားအား နိုင်ငံပိုင်စွမ်းအင်ကုမ္ပဏီပက်ထရိုဘရာ၏ငွေကြေး အမေရိကန်ဒေါ်လာ ဘီလီယံပေါင်းများစွာနှင့်သက်ဆိုင်နေသော အလွဲသုံးမှုတွင် ပါဝင်ပတ်သက်မှုဖြင့် ထောင်ဒဏ်ကိုးနှစ်နှင့် ခြောက်လကျခံစေရန် တရားရုံးတော်က ဆုံးဖြတ်ချက်ချမှတ်လိုက်ကြောင်း တာဝန်ရှိသူများက ဇူလိုင် ၁၂ရက်တွင် ပြောကြားကြသည်။

ဘရာဇီးသမ္မတဟောင်းလူလာသည် ရေရီစ် ၃ ဒသမ ၇ သန်း(အမေရိကန်ဒေါ်လာ ၁ ဒသမ ၂ သန်း)ခန့်ရှိသော ငွေကြေးကို လာဘ်ငွေအဖြစ် အိုအေအက်စ်အက်စ်အေအင်ဂျင်နီယာလုပ်ငန်းထံမှ ရယူခဲ့ကြောင်း၊ ယင်းလုပ်ငန်းအဖွဲ့အစည်းသည် ဘရာဇီးသမ္မတဟောင်း၏ အကူအညီဖြင့် ပက်ထရိုလီယို ဘရာဇီးရိုယာကိုကုမ္ပဏီကို ကန်ထရိုက်လုပ်ငန်းများရရှိစေခဲ့ကြောင်း သတင်းတွင်ဖော်ပြသည်။

ဘရာဇီးသမ္မတဟောင်းလူလာ၏ ပင်လယ်ကမ်းခြေအပန်းဖြေတိုက်ခန်းကြီးတစ်ခန်းကို ကန်ထရိုက်ရ ကုမ္ပဏီက တိတ်တဆိတ်မွမ်းမံပြင်ဆင်ပေးခဲ့ကြောင်း အစိုးရရှေ့နေချုပ်၏ စွဲချက်တင်လွှာတွင်ဖော်ပြခဲ့သည်။

**ဆင်ဟွာ။**

# ပေကျင်းနှင့်ပြုံယမ်းအကြား ကုန်သွယ်မှုငွေကြေးပမာဏသည် ယခင်နှစ်များထက် မြင့်တက်လျက်ရှိ

**ပေကျင်း ဇူလိုင် ၁၃**

နျူကလီးယားလက်နက်ဖွံ့ဖြိုးမှုအစီအစဉ်နှင့်ပတ်သက်ပြီး မြောက်ကိုရီးယားနိုင်ငံအား နိုင်ငံတကာမှ စီးပွားရေးပိတ်ဆို့မှုများချမှတ်လင့်ကစား ပြုံယမ်းနှင့် တရုတ်နိုင်ငံတို့၏ ယခုပထမနှစ်ဝက်အတွင်း ကုန်သွယ်ရေးငွေကြေးပမာဏသည် ယခင်နှစ်များထက် ၁၀ ရာခိုင်နှုန်းပိုမိုများပြားလျက်ရှိကြောင်း အင်န်အိတ်ချ်ကေ သတင်းတစ်ရပ်အရသိရသည်။

နှစ်နိုင်ငံအပြန်အလှန် ကုန်သွယ်မှုငွေကြေးပမာဏသည် ယခုနှစ် ဇန်နဝါရီလမှ ဇွန်လအတွင်း အမေရိကန်ဒေါ်လာ ၂ ဒသမ ၅၅ ဘီလီယံခန့်ရှိခဲ့ကြောင်း တရုတ်အကောက်ခွန် တာဝန်ရှိသူများက ဆိုသည်။ ယင်းငွေကြေးပမာဏသည် ယမန်နှစ်ပထမနှစ်ဝက်အတွင်း ကုန်သွယ်မှုငွေကြေးပမာဏ၏ ၁၀ ဒသမ ၅ ရာခိုင်နှုန်းမြင့်တက်ခဲ့ကြောင်း တွေ့ရှိရသည်။

မြောက်ကိုရီးယားနိုင်ငံမှ တရုတ်နိုင်ငံအတွင်းသို့ တင်သွင်းမှုငွေကြေးပမာဏမှာ အမေရိကန်ဒေါ်လာသန်း ၈၈၀ (၁၃ ဒသမ ၂ ရာခိုင်နှုန်း) ထိလျော့ကျခဲ့ကြောင်း တရုတ်အကောက်ခွန်တာဝန်ရှိသူများက ဆက်လက်ပြောကြားခဲ့သည်။

ထိုသို့ တရုတ်နိုင်ငံအတွင်းသို့ တင်သွင်းမှုငွေကြေးပမာဏလျော့ကျခဲ့ခြင်းမှာ မြောက်ကိုရီးယား၏ ကျောက်မီးသွေးတင်သွင်းမှုကို ပိတ်ပင်ခဲ့သည့်အတွက်ပင်ဖြစ်သည်။ တရုတ်နိုင်ငံက ဖေဖော်ဝါရီလမှစပြီး ကုလသမဂ္ဂလုံခြုံရေးကောင်စီ ဖြေရှင်းချက်နှင့်အညီ မြောက်ကိုရီးယားနိုင်ငံ၏ ကျောက်မီးသွေးတင်သွင်းမှုကို ရပ်ဆိုင်းခဲ့သည်။

တစ်ဖက်ကလည်း မြောက်ကိုရီးယားနိုင်ငံသို့ တင်ပို့သည့် ငွေကြေးပမာဏသည် အမေရိကန်ဒေါ်လာ ၁ ဒသမ ၆၇ ဘီလီယံ (၂၉ ဒသမ ၁ ရာခိုင်နှုန်း) ထိ မြင့်တက်ခဲ့သည်။ မြောက်ကိုရီးယားနိုင်ငံသို့ အထည်အလိပ်များအပါအဝင် အခြားသော တင်ပို့မှုပိတ်ပင်ထားသည့်စာရင်းတွင် မပါဝင်သည့် ထုတ်ကုန်များကိုသာ တင်ပို့ခဲ့ကြောင်း တရုတ်အကောက်ခွန်တာဝန်ရှိသူများက ဆိုသည်။

နှစ်နိုင်ငံကုန်သွယ်ရေး ငွေကြေးပမာဏကို ကြည့်ခြင်းအားဖြင့် နိုင်ငံတကာက ပြုံယမ်းအား ဖိအားများပေးရန် စီးပွားရေးပိတ်ဆို့မှုများချမှတ်နေချိန်တွင် တရုတ်နိုင်ငံက မြောက်ကိုရီးယားနှင့် ကုန်သွယ်မှုများပြုလုပ်ကာ ပြုံယမ်း၏စီးပွားရေးကို ထောက်ပံ့ပေးလျက်ရှိကြောင်း သိရသည်။

ပေကျင်းနှင့်ပြုံယမ်းအကြား ကုန်သွယ်မှုငွေကြေးပမာဏသည် ပထမနှစ်ဝက်တွင် ၄၀ ရာခိုင်နှုန်းထိ တိုးတက်ခဲ့ကြောင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်က ပြောကြားကာ ၎င်း၏တွစ်တာစာမျက်နှာပေါ်တွင် ယင်းကိစ္စနှင့်ပတ်သက်ပြီး မေးခွန်းထုတ်ခဲ့သည်။

တရုတ်အကောက်ခွန်ဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ဆောင်းဆွန်ပင်းက တရုတ်အကောက်ခွန်တာဝန်ရှိသူများအနေဖြင့် ကုလသမဂ္ဂလုံခြုံရေးကောင်စီကချမှတ်ထားသော စည်းမျဉ်းများကို တိကျစွာလိုက်နာလျက်ရှိပါကြောင်း မီဒီယာသို့ ပြောကြားခဲ့သည်။

**အင်န်အိတ်ချ်ကေ။**

# အန္တာတိကတိုက်ရှိ ရောမရေခဲလွှာကြီးကွဲထွက်၊ အနီးအပါးမှ ဖြတ်သန်းသော သင်္ဘောများအန္တရာယ်ရှိ



**လန်ဒန် ဇူလိုင် ၁၃**

အန္တာတိကတိုက်ရှိ စံချိန်တင်ရလောက်အောင် အရွယ်အစားကြီးမားလှသည့် ရေခဲလွှာကြီးတစ်လွှာ ကွဲထွက်သွားခဲ့ရာ ယင်းတိုက်အနီးတစ်ဝိုက်မှ ဖြတ်သန်းသွားသော သင်္ဘောများကို ဘေးဥပဒ်ပေးရန် ခြိမ်းခြောက်လျက်ရှိကြောင်း သိပ္ပံပညာရှင်များက ပြောကြားကြသည်။

စံချိန်တင်အရွယ်အစားရှိ ရေခဲလွှာအပိုင်းအစမှာ စတုရန်းကီလိုမီတာ ၅၈၀၀ ရှိပြီး အလေးချိန် တန်ချိန် တစ်ထရီလီယံအထိရှိကြောင်း၊ အန္တာတိကတိုက်ရှိ လာဆင်-စီ အမည်ရှိ ရေခဲချပ်လွှာမှနေ၍ ဇူလိုင် ၁၀ ရက်နှင့် ၁၂ ရက်အကြား ကာလတွင် ပဲ့ထွက်ခဲ့ခြင်းဖြစ်ကြောင်း ဗြိတိန်နိုင်ငံ ဆွန်ဆီးတက္ကသိုလ်နှင့်အန္တာတိကဒေသ လေ့လာရေးဌာနတို့မှ သိပ္ပံပညာရှင်များက ပြောကြားကြသည်။

ပင်လယ်အတွင်း မျောပါနေသော ရေခဲလွှာမှာ အမေရိကန်ပြည်ထောင်စုရှိ ဒယ်လာဝဲပြည်နယ် သို့မဟုတ် အင်ဒိုနီးရှားနိုင်ငံရှိ ဘာလီကျွန်း၏ အရွယ်အစားတမျှရှိကြောင်း၊ ရေခဲလွှာကြီးတစ်လွှာ ပဲ့ထွက်ရန် တာစူမှုအဖြစ် ကွဲအက်လာနေမှုကို အန္တာတိကဒေသ ဆောင်းဥတုတစ်လျှောက်လုံးတွင် သိပ္ပံပညာရှင်များက ဥရောပအာကာသအေဂျင်စီ၏ဂြိုဟ်တုများက ရိုက်ကူးပေးပို့သော ဂြိုဟ်တုဓာတ်ပုံများကို သရုပ်ခွဲလေ့လာကာ အချိန်နှင့်တစ်ပြေးညီ လေ့လာစောင့်ကြည့်ခဲ့ကြကြောင်း ပါမောက္ခ အက်ဒရီယန်လုခမင်းက ပြောကြားသည်။ လုခမင်းသည် ဆွန်းဆီးတက္ကသိုလ်၌ တာဝန်ထမ်းဆောင်လျက်ရှိပြီး အန္တာတိကရေခဲချပ်လွှာများကို နှစ်ပေါင်းကြာရှည်လေ့လာစောင့်ကြည့်နေခဲ့သော MIDAS စီမံကိန်းအဖွဲ့၏ စုံစမ်းစစ်ဆေးရေးမှူးချုပ်ဖြစ်သည်။

အရွယ်အစားအရ စံချိန်တင်ထားသည့် ရေခဲလွှာတစ်ချပ် ကွဲထွက်မှုကြောင့် အနာဂတ်တွင် မည်သို့အကျိုးသက်ရောက်မည်ကို ဟောကိန်းထုတ်ရန်ခဲယဉ်းကြောင်း၊ ပဲ့ထွက်သော ရေခဲလွှာအစိတ်အပိုင်းသည် ရေခဲလွှာ အပိုင်းအစတစ်ခုအဖြစ် ဆက်လက်တည်တံ့နေမည်ဟု ယူဆရသော်လည်း နောက်ထပ် အစိတ်အပိုင်းငယ်များအဖြစ်သို့ ထပ်မံပြိုကွဲသွားနိုင်သေးကြောင်း ပါမောက္ခလုခမင်းက ပြောကြားသည်။

၂၀၀၉ ခုနှစ်က အန္တာတိက ကျွန်းဆွယ်၏ ကမ်းလွန်တွင် ရေခဲလွှာတစ်လွှာနှင့် တိုက်မိသော အမ်တီဗွီအိတ်စပလိုရာအမည်ရှိ သင်္ဘောကြီးမှ ခရီးသည်များနှင့် ရေယာဉ်ဝန်ထမ်းအဖွဲ့ဝင် စုစုပေါင်း ၁၅၀ ကျော်ကို ဘေးကင်းရာသို့ ရွှေ့ပြောင်းပေးခဲ့ရသည်။

**ရိုက်တာ။**

# နိုင်ငံတစ်ဝန်းတွင် ကြီးမားစွာဖြစ်ပွားလျက်ရှိသော သစ်မှောင်ခိုမှုများ၊ သစ်ခိုးထုတ်မှုများနှင့်စပ်လျဉ်း၍ လွှတ်တော်တွင် ဆွေးနွေး

**နေပြည်တော် ဇူလိုင် ၁၃**

**နိုင်ငံတစ်ဝန်းတွင် ကြီးမားစွာဖြစ်ပွားလျက်ရှိသော သစ်မှောင်ခိုမှုများ၊ သစ်ခိုးထုတ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ ဖြေရှင်းဆောင်ရွက်ပေးပါရန် နိုင်ငံတော်အစိုးရအား တိုက်တွန်းကြောင်း** အဆိုကို ပြည်သူ့လွှတ်တော်၌ လက်ခံဆွေးနွေးရန် ယနေ့ကျင်းပသည့် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်တွင် ဆုံးဖြတ်လိုက်သည်။

အဆိုရှင် ဦးကျော်အောင်လွင်က "တရားမဝင် သစ်ခိုးထုတ်မှုတွေ အကြီးအကျယ်ဖြစ်ပွားနေတာဟာ ဆိတ်ကွယ်ရာကြောင့်မဟုတ်ဘဲ သစ်တောဂိတ်၊ ရဲဂိတ်၊ လမ်းတံတားဂိတ်တွေ အဆင့်ဆင့်ကိုဖြတ်ကျော်ဖြစ်ပွားနေတာပါ။ ကားရော၊ လူရောဖမ်းမိရင် တာဝန်ရှိသူတွေက ဥပဒေ၊ နည်းဥပဒေပိုင်နိုင်စွာ ပိုင်ရှင်ခွဲပြ၊ တန်ချိန်လျှော့ပြပါတယ်။ သစ်ခိုးထုတ်မှုတွေမှာ ကျေးရွာအုပ်ချုပ်ရေးမှူးတွေ၊ မြို့နယ်တာဝန်ရှိသူတွေကိုယ်တိုင် ပါဝင်ပတ်သက်ကျူးလွန်နေတာတွေရှိပါတယ်။ သစ်မှောင်ခိုသမားတွေကို အကာအကွယ်ပေးတယ်။ နိုင်ငံတော်နဲ့ နိုင်ငံသားတွေရဲ့ အကျိုးစီးပွားကို ကာကွယ်ဖို့ကြိုးစားနေတဲ့သူတွေကို သစ်မှောင်ခိုသမားတွေက အသက်အန္တရာယ်ပြုမယ်လို့ ခြိမ်းခြောက်နေပါပြီ။ မြို့နယ်အဆင့်တာဝန်ရှိသူတွေက မိမိတို့မြို့နယ်အလိုက် တာဝန်ကျေပွန်ကြရင် ယခုဖြစ်ပွားနေတဲ့ သစ်ခိုးထုတ်မှုတွေရဲ့ ၇၀ ရာခိုင်နှုန်း၊ ၈၀ ရာခိုင်နှုန်းကို တားဆီးနိုင်ပါလိမ့်မယ်"ဟု လွှတ်တော်သို့ တင်ပြခဲ့သည်။

၂၀၀၂-၂၀၀၃ ခုနှစ်မှ ၂၀၁၇-၂၀၁၈ ခုနှစ်အတွင်း တရားမဝင်သစ်များ ရှာဖွေဖော်ထုတ်ဖမ်းဆီးရာတွင် သစ်ခိုးထုတ်သူများ၏ ရန်ပြုတိုက်ခိုက်မှုများကြောင့် လက်ထောက်ညွှန်ကြားရေးမှူးအဆင့် တစ်ဦးအပါအဝင် ရှစ်ဦး သေဆုံးပြီး ၄၂ ဦး ဒဏ်ရာရရှိခဲ့ကြောင်း သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနမှ သိရသည်။

အစည်းအဝေးတွင် လိုင်းဘွဲ့မဲဆန္ဒနယ်မှ ဦးခင်ချို၏ **၂၀၁၅-၂၀၁၆ နှင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်များအတွင်း ဖမ်းဆီးရမိသော ပုံစံ(၈)ဝင်သစ်များနှင့်ပတ်သက်၍ ဖမ်းဆီးပမာဏ၊ ခန့်မှန်းတန်ဖိုး၊ အမှုအရေအတွက်၊ အရေးယူဆောင်ရွက်ပြီးပြတ်မှုအခြေအနေ၊ အများဆုံးဖမ်းဆီးရမိဒေသနှင့် ကာကွယ်တားဆီးဆောင်ရွက်နေမှု အခြေအနေများကို ပွင့်လင်းမြင်သာစွာချပြနိုင်ခြင်း ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းက တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် တရားမဝင်သစ် ဖမ်းဆီးနိုင်ရေးကို နည်းလမ်းမျိုးစုံဖြင့်



ဦးကျော်အောင်လွင်

ဆောင်ရွက်လျက်ရှိပါကြောင်း၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် တရားမဝင် ကျွန်း၊ သစ်မာနှင့်အခြား စုစုပေါင်း ၄၆၁၅၃ တန်နှင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် တရားမဝင် ကျွန်း၊ သစ်မာနှင့်အခြား စုစုပေါင်း ၅၀၀၂၆ တန် ဖမ်းဆီးရမိခဲ့ပါကြောင်း။

ဖမ်းဆီးရမိသည့် အမှုအရေအတွက်မှာ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွင်း ၁၅၂၄၃ မှုဖြစ်ပြီး ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွင်း အမှု ၁၆၃၂၀ ဖြစ်ပါကြောင်း၊ ယခင်နှစ်အမှုလက်ကျန် ၂၃၈၀ မှုအပါအဝင် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွင်း ၁၆၃၅၅ မှုနှင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွင်း ၁၅၁၆၆ မှုကို အမှုပြီးပြတ်အောင် ဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွင်း အမှုပြီးပြတ်၍ ပုံစံ(၈)ဝင် တရားမဝင်သစ် ကျွန်း၊ သစ်မာ (လုံး/ခွဲသား)စုစုပေါင်းမှာ ၃၄၂၂၁ တန်ဖြစ်ပြီး ကြမ်းခင်းဈေးနှုန်းများအရ စုစုပေါင်းငွေကျပ်သန်း ၃၈၅၀ ကျော်ရရှိခဲ့ပါကြောင်း၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွင်း အမှုပြီးပြတ်၍ ပုံစံ(၈)ဝင် တရားမဝင်သစ် ကျွန်း၊ သစ်မာ (လုံး/ခွဲသား) စုစုပေါင်းမှာ ၅၀၂၄၅ တန်ဖြစ်ပြီး ကြမ်းခင်းဈေးနှုန်းအရ စုစုပေါင်းငွေကျပ်သန်း ၅၃၁၀ ကျော် ရရှိခဲ့ပါကြောင်း။

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ရှမ်းပြည်နယ် ကွန်ဟိန်းမြို့နယ် ခိုလမ်ဒေသ၌ တရားမဝင်သစ် စုစုပေါင်း ၁၃၂၉ ဒသမ ၃၆၂ တန်ကိုလည်းကောင်း၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ကချင်ပြည်နယ် ပူတာအိုခရိုင် ခေါင်လန်ဖူးဒေသတွင် တရားမဝင်သစ် စုစုပေါင်း ၇၀၄၃ ဒသမ ၈၈၄ တန်ကိုလည်းကောင်း အများဆုံးဖမ်းဆီးရမိခဲ့ပါကြောင်း။

တရားမဝင်သစ် သယ်ယူသည့်လမ်းကြောင်းနှင့် မြစ်ကြောင်းများတစ်လျှောက် စစ်ကြောင်းပုံစံဖြင့် ဖမ်းဆီးခြင်း၊ တိုင်းဒေသကြီး/ပြည်နယ်များ၊ တရားမဝင်သစ်များ ထွက်ရှိသည့် ခရိုင်များတွင် စစ်ကြောင်းပုံစံဖြင့်ဖမ်းဆီးခြင်း၊ သတင်းပေးတိုင်ကြားချက်အပေါ် သစ်တောဦးစီးဌာနရုံးချုပ်၊ စစ်ဆေးရေးဌာနအစီအစဉ်ဖြင့် ကွင်းဆင်းဖမ်းဆီးခြင်း စသည့်နည်းလမ်းမျိုးစုံဖြင့် စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားသည်။

ပွင့်ဖြူမဲဆန္ဒနယ်မှ ဦးထွန်းထွန်း၏ **သမဝါယမချေးငွေများကို မည်သို့ချေးထားပါသနည်း၊ အသင်းသား အသင်းသူသစ်များ ထပ်မံတိုးချဲ့၍ ပွင့်လင်းမြင်သာစွာချေးပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်က သမဝါယမအသင်းသားများကိုသာ ချေးငွေများထုတ်ချေးနေခြင်းဖြစ်ပြီး ငွေကျပ် တစ်သိန်းချေးယူလျှင် ချေးငွေ၏ ၁၀ ရာခိုင်နှုန်းကို စုဆောင်းစေပြီး ခြောက်လ တစ်ကြိမ် ပြန်ဆပ်စေသည့်စနစ်ကို ကျင့်သုံးလျက်ရှိပါကြောင်း။

အသင်းသားများသို့ ချေးငွေထုတ်ချေးပေးသည့် အတိုးနှုန်းမှာ တစ်လလျှင် ၁ ဒသမ ၅၀ ကျပ်နှုန်း (တစ်နှစ်လျှင် ၁၈ ရာခိုင်နှုန်း)ဖြစ်ပြီး အသင်းသား၏စုဆောင်းငွေကို (တစ်နှစ်လျှင် ၁၂ ရာခိုင်နှုန်း)အတိုးခံစားခွင့်ပြုထားပါကြောင်း၊ သမဝါယမဦးစီးဌာန၏စီမံခန့်ခွဲမှုဖြင့် အသေးစား အရင်းအနှီးချေးငွေလုပ်ငန်း ဆောင်ရွက်လျက်ရှိရာ အသင်းသား တောင်သူလယ်သမားများအား ရာသီအလိုက် သီးနှံပေါ်ချိန်တွင် (၆)လတစ်ကြိမ် အရင်း၊ အတိုးပြန်လည်ပေးဆပ်စေပြီး ချေးငွေကြေသည်နှင့် တစ်ပြိုင်နက် နောက်ရာသီအတွက် စိုက်ပျိုးစရိတ်ချေးငွေများ ပြန်လည်ထုတ်ချေးဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

သမဝါယမအသင်းသားအသစ်များ ထပ်မံတိုးချဲ့ဝင်ရောက်လိုပါက နီးစပ်ရာကျေးရွာသမဝါယမအသင်းများ၌ အဆိုပြုတင်ပြ၍ သတ်မှတ်ထားသည့် အစုငွေကိုထည့်ဝင်ပြီး အသင်းသားအဖြစ်ဝင်ရောက်နိုင်ပါကြောင်း၊ ၎င်းအသင်းသားအသစ်များသည် ချေးငွေများရယူဆောင်ရွက်လိုပါက သက်ဆိုင်ရာသမဝါယမအသင်းများတွင် ချေးငွေရရှိနိုင်ရေး တင်ပြလျှောက်ထားပြီး အသင်းအဆင့် လမ်းကြောင်းမှတစ်ဆင့် ချေးငွေများထုတ်ချေးနိုင်ရေးအတွက် ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ထို့ပြင် မဟာအောင်မြေမဲဆန္ဒနယ်မှ ဦးငြိမ်းသစ်(ခ) ဦးသောင်းထွန်း၊ မင်းကင်းမဲဆန္ဒနယ်မှ ဦးမောင်မြင့်၊ မင်းဘူးမဲဆန္ဒနယ်မှ ဦးဝင်းဝင်းနှင့် အုတ်တွင်းမဲဆန္ဒနယ်မှ ဒေါ်ချိုချိုတို့၏ အမျိုးသားစာပေဆုချီးမြှင့်ရာတွင် ခေတ်ပေါ်ကဗျာများကိုလည်း ထည့်သွင်းချီးမြှင့်ပေးရေး၊ စာပေဟောပြောပွဲများနှင့်ပတ်သက်သည့် ဥပဒေတစ်ရပ်ထုတ်ပြန်ရေး၊ မင်းဘူးမြို့တွင် ကမ်းပတ်တာနှင့် ရေထိန်းတံခါးများ တည်ဆောက်ပေးရေး၊ ခပေါင်းရေလွှတ်တမံကြောင့် ဆုံးရှုံးခဲ့ရသော လယ်ယာမြေများအတွက် နစ်နာမှုဖြေလျှော့ပေးရေးဆိုင်ရာ မေးခွန်းများကိုလည်း ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်နှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်တို့က ပြန်လည်ဖြေကြားခဲ့ကြသည်။

အစည်းအဝေးတွင် အောင်မြေသာစံမဲဆန္ဒနယ်မှ ဒေါက်တာဦးလှမိုးက **မြန်မာ့ပညာရေး ပြုပြင်ပြောင်းလဲမှု အထောက်အပံ့ဖြစ်စေရန်နှင့် ဖွံ့ဖြိုးတိုးတက်မှုအရှိန်အဟုန်မြှင့်တင်နိုင်စေရန်အတွက် အစိုးရ၏ ပညာရေးရုပ်မြင်သံကြားလိုင်း(Government Education TV Channel) တစ်လိုင်း သီးခြားထုတ်လွှင့်ပေးပါရန် ပြည်ထောင်စုအစိုးရအားတိုက်တွန်းကြောင်း** အဆိုကို လည်းကောင်း၊ တနိုင်းမဲဆန္ဒနယ်မှ ဦးလင်းလင်းဦးက **ကချင်ပြည်နယ် တနိုင်းမြို့နယ်နှင့် ဖားကန့်မြို့နယ်တို့တွင် တရားမဝင်ရွှေမှော်နှင့် ပယင်းမှော်များ တူးဖော်ဆောင်ရွက်နေမှုများကို ယခုလိုနောင်အခါမဖြစ်ရအောင် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနနှင့် ပြည်နယ်အစိုးရတို့က ထိထိရောက်ရောက် ကြပ်မတ်ဆောင်ရွက်ပေးနိုင်ပါရန် ပြည်ထောင်စုအစိုးရအားတိုက်တွန်းကြောင်း** အဆိုကို လည်းကောင်း တင်သွင်းကြရာ ယင်းအဆိုနှစ်ခုကို လွှတ်တော်က လက်ခံဆွေးနွေးရန် ဆုံးဖြတ်သည်။

ယနေ့အစည်းအဝေးတွင် ပြည်သူ့လွှတ်တော် ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာ ကော်မတီနှင့် ပြည်သူ့လွှတ်တော် ရင်းနှီးမြှုပ်နှံမှုနှင့် စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီတို့၏ အစီရင်ခံစာများအားဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အတည်ပြုချက်ရယူခြင်း၊ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာသော "တူးမြောင်းဥပဒေကြမ်း" လက်ခံရရှိကြောင်းနှင့် ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း လွှတ်တော်သို့ အသိပေးတင်ပြခြင်းတို့ကိုလည်း ဆောင်ရွက်ခဲ့ကြသည်။

**ကျော်သူထက်(သတင်းစဉ်)**

---

**❖ ရှေ့ဖုံးမှ**

မူလဥပဒေ ပုဒ်မ ၆၆၊ ပုဒ်မခွဲ (ဃ)တွင်ဖော်ပြထားသည့် ဆက်သွယ်ရေးကွန်ရက်တစ်ခုခုကိုအသုံးပြုသည့် ပြုလုပ်မှုများအနက် **အနိုင်အထက်ပြုခြင်း၊ မတရားတားဆီးကန့်ကွက်ခြင်းနှင့် မလျော်ဩဇာသုံးခြင်း**စသည့် ပြစ်မှုသုံးမျိုးကို ပယ်ဖျက်လိုခြင်းဖြစ်ပါကြောင်း။

ဆက်သွယ်ရေးဥပဒေပါ ပြဋ္ဌာန်းချက်များဖြင့် ပုဂ္ဂိုလ်ရေးဆိုင်ရာကိစ္စများအတွက် တရားစွဲဆိုရာတွင် ဝန်ကြီးဌာန၏ ကြိုတင်ခွင့်ပြုချက်ကို တောင်းခံရန်မလိုအပ်သဖြင့် နှောင့်နှေးကြန့်ကြာမှုမရှိဘဲ အရေးယူဆောင်ရွက်နိုင်ရန်အတွက် မူလဥပဒေပုဒ်မ ၈၀ ပုဒ်မခွဲ (ခ)ကို ပုဒ်မ ၆၆၊ ပုဒ်မခွဲ (ဂ)၊ (ဃ)နှင့် ပုဒ်မ ၆၈၊ ပုဒ်မခွဲ(က)တို့ပါ ပြစ်မှုများမှတစ်ပါး ကျန်ပြစ်မှုများကို တရားစွဲဆိုရာတွင် ဝန်ကြီးဌာန၏ ကြိုတင်ခွင့်ပြုချက်ရယူရမည်ဟု အစားထိုးပြင်ဆင်လိုခြင်းဖြစ်ပါကြောင်း၊ ဝန်ကြီးဌာန၏ ကြိုတင်ခွင့်ပြုချက်ရယူရန်လိုအပ်သည့် ကျန်ပြစ်မှုများမှာ နည်းပညာပိုင်းဆိုင်ရာနှင့် ဝန်ကြီးဌာန၏ ကြီးကြပ်မှုပိုင်းဆိုင်ရာ ပြစ်မှုများဖြစ်ပါကြောင်း။

တရားစွဲဆိုခံရသူများအနေဖြင့် ဖြေရှင်းထုချေရာတွင် ပွင့်လင်းမျှတစွာ အာမခံဖြင့် အချုပ်လွတ်ထုချေပိုင်ခွင့် အပြည့်အဝရရှိနိုင်စေရန်အတွက် မူလဥပဒေ ပုဒ်မ ၈၀ တွင် ပုဒ်မခွဲ (ဂ) ကို အသစ်ဖြည့်စွက်၍ ပုဒ်မ ၆၅၊ ပုဒ်မ ၆၆ ပုဒ်မခွဲ(က)၊ (ခ)နှင့် (ဃ) တို့ပါ ပြစ်မှုများကို အာမခံပေးနိုင်သည့် ပြစ်မှုများအဖြစ် သတ်မှတ်လိုခြင်းဖြစ်ပါကြောင်း၊ ပုဒ်မ ၆၆ ပုဒ်မခွဲ(ဂ)တွင် ငွေကြေးသို့မဟုတ် ပစ္စည်းခိုးယူခြင်း၊ လိမ်လည်ခြင်း၊ အလွဲသုံးစားပြုခြင်းနှင့် အကျိုးပျက်စီးစေခြင်းတို့နှင့် သက်ဆိုင်သည့် ပြစ်မှုများဖြစ်သည့်အတွက် အာမခံပေးနိုင်သည့်ပြစ်မှုများအဖြစ် မသတ်မှတ်ခြင်းဖြစ်ပါကြောင်း။

အသရေဖျက်မှုကဲ့သို့သော ကိစ္စမျိုးတွင် နစ်နာသူမဟုတ်ဘဲ အခြားမသက်ဆိုင်သူများမှ ဝင်ရောက်တိုင်ကြားနေမှုများကြောင့် မလိုလားအပ်သော ကိစ္စရပ်များ မဖြစ်ပေါ်စေရန်အတွက် မူလဥပဒေပုဒ်မ ၈၀ တွင် ပုဒ်မခွဲ(ဃ)ကို အသစ်ဖြည့်စွက်၍ ပုဒ်မ ၆၆၊ ပုဒ်မခွဲ (ဃ)ပါ ဆက်သွယ်ရေးကွန်ရက်တစ်ခုခုကို အသုံးပြု၍ ပုဂ္ဂိုလ်တစ်ဦးဦးကို အသရေဖျက်ကြောင်း သက်ဆိုင်ရာ နစ်နာသူကိုယ်တိုင်ဖြစ်စေ၊ ထိုသူ၏ ကိုယ်စားလွှဲအပ်ခြင်းခံရသူကဖြစ်စေ တိုင်တန်းချက်အရမဟုတ်လျှင် အရေးယူဆောင်ရွက်ခြင်းမပြုရေးအတွက် ပြင်ဆင်လိုခြင်းဖြစ်ပါကြောင်း။

ယခုအဆိုပြုသည့် ဆက်သွယ်ရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေ(မူကြမ်း) အပေါ် ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ သဘောထားမှတ်ချက်များနှင့်အညီ ညှိနှိုင်းပြင်ဆင်ဖြည့်စွက်ပြီး လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကော်မတီမှတစ်ဆင့် ၂၀၁၇ ခုနှစ် ဇူလိုင်လ ၆ ရက်တွင် ကျင်းပသည့် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးသို့တင်ပြခဲ့ရာ အဆိုပါဥပဒေ(မူကြမ်း)ကို အတည်ပြုပြဋ္ဌာန်းနိုင်ရေးအတွက် ပြည်ထောင်စုလွှတ်တော်သို့ ပေးပို့တင်ပြဆောင်ရွက်ရန် သဘောတူခဲ့ပါကြောင်း။

ပြည်သူလူထုအနေဖြင့် အရည်အသွေးမြင့်မားသည့် ဆက်သွယ်ရေးဝန်ဆောင်မှုများ ရရှိစေရန်နှင့် ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်း လုပ်ကိုင်သူများနှင့် အသုံးပြုသူများကို ဥပဒေနှင့်အညီ ကြီးကြပ်အကာအကွယ်ပေးနိုင်ရန် အဓိကရည်ရွယ်၍ ပြည်တွင်းပြည်ပ ပညာရှင်များနှင့် တိုင်ပင်ရေးဆွဲခဲ့သည့် ၂၀၁၃ ခုနှစ် ဆက်သွယ်ရေးဥပဒေကို ပြဋ္ဌာန်းခဲ့ခြင်းဖြစ်ပါကြောင်း ပြောကြားသည်။

အဆိုပါ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ချင်းပြည်နယ်မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးလားလ်မင်းထန်က ဖတ်ကြားရှင်းလင်းသည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော **အုပ်ထိန်းသူနှင့် အုပ်ထိန်းခြင်းခံရသူများ အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း**အား အမျိုးသားလွှတ်တော်က ဆွေးနွေးနိုင်ရန် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဥပဒေကြမ်းကော်မတီဝင် ဦးစိုင်းထွန်းအောင်က ဖတ်ကြားရှင်းလင်းရာတွင် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီသည် အုပ်ထိန်းသူနှင့် အုပ်ထိန်းခြင်းခံရသူများအက်ဥပဒေကြမ်းကို ပြင်ဆင်သည့် ဥပဒေကြမ်းကို လေ့လာစိစစ်ရာတွင် ဥပဒေရေးထုံးမှန်ကန်မှုရှိစေရန်နှင့် ပြင်ဆင်အစားထိုးသည့်ပုဒ်မများ အစီအစဉ်ကျနမှုရှိစေရန်အတွက် ပြည်သူ့လွှတ်တော်က အတည်ပြုသည့် ဥပဒေကြမ်း အပိုဒ် ၈ ကို အပိုဒ် ၆ ဟု လည်းကောင်း၊ အပိုဒ် ၆ ကို အပိုဒ် ၇ ဟုလည်းကောင်း၊ အပိုဒ် ၇ ကို အပိုဒ် ၈ ဟုလည်းကောင်း အသီးသီး ပြင်ဆင်သင့်သည်ကို လေ့လာတွေ့ရှိရပါကြောင်း။

အုပ်ထိန်းသူနှင့် အုပ်ထိန်းခြင်းခံရသူများ အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို ဥပဒေကြမ်းကော်မတီသည် ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်မှ ပညာရှင်များနှင့် ဆွေးနွေးညှိနှိုင်းခဲ့ပြီးဖြစ်ပါသဖြင့် အမျိုးသားလွှတ်တော်က ဆက်လက်အတည်ပြု ဆောင်ရွက်နိုင်ပါရန် အစီရင်ခံတင်ပြအပ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ယင်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ထို့နောက် ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော **ခရစ်ယာန်ထိမ်းမြားခြင်းဆိုင်ရာ အက်ဥပဒေ**ကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က ဆွေးနွေးနိုင်ရန် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ ဥပဒေကြမ်းကော်မတီဝင် ဒေါ်ကျင်ငိုက်မန်က ဖတ်ကြားရှင်းလင်းရာတွင် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီသည် ခရစ်ယာန်ထိမ်းမြားခြင်းဆိုင်ရာ အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို လေ့လာစိစစ်ရာတွင် ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ဖြည့်စွက်ချက်များသည် ခေတ်စနစ်နှင့် လျော်ညီစေရန် အသုံးအနှုန်း၊ အသက်ကန့်သတ်ချက်နှင့် ဒဏ်ငွေဆိုင်ရာ ပြဋ္ဌာန်းချက်များဖြစ်၍ ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်အတိုင်း ဆက်လက်အတည်ပြုသင့်သည်ကို လေ့လာတွေ့ရှိရပါကြောင်း။

ခရစ်ယာန်ထိမ်းမြားခြင်းဆိုင်ရာ အက်ဥပဒေကို အင်္ဂလိပ် ကိုလိုနီခေတ် ၁၈၇၂ ခုနှစ်တွင် အင်္ဂလိပ်ဘာသာဖြင့် ပြဋ္ဌာန်းခဲ့ခြင်းဖြစ်သဖြင့် ခေတ်စနစ်နှင့် လျော်ညီမှုရှိစေရန်၊ ခရစ်ယာန်ဘာသာဝင် မြန်မာနိုင်ငံသားအားလုံး လွယ်ကူရှင်းလင်းစွာ သိရှိလိုက်နာနိုင်စေရန်တို့အတွက် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းကဖြစ်စေ၊ ပြည်ထောင်စုအဆင့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးဦးကဖြစ်စေ ခရစ်ယာန်အသင်းတော်များနှင့် ညှိနှိုင်း၍ ဥပဒေကြမ်းအသစ်အဖြစ် မြန်မာဘာသာဖြင့် ပြုစုရေးသားခဲ့ပြီး ပြည်ထောင်စုလွှတ်တော်သို့ သင့်လျော်သည့်အချိန်တွင် တင်သွင်းသင့်ကြောင်းကိုလည်း ကော်မတီအနေဖြင့် အကြံပြုတင်ပြအပ်ပါကြောင်း။

ခရစ်ယာန်ထိမ်းမြားခြင်းဆိုင်ရာ အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို ဥပဒေကြမ်းကော်မတီသည် ပြည်ထောင်စုတရားလွှတ်တော်ရုံး၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ မြန်မာနိုင်ငံ ခရစ်ယာန်အသင်းတော်များကောင်စီတို့မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်မှ ပညာရှင်များနှင့် ဆွေးနွေးညှိနှိုင်းခဲ့ပြီးဖြစ်ပါသဖြင့် ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်အတိုင်း အမျိုးသားလွှတ်တော်က ဆက်လက်အတည်ပြုဆောင်ရွက်နိုင်ပါရန် အစီရင်ခံတင်ပြအပ်ပါကြောင်း ပြောကြားသည်။

ယနေ့အစည်းအဝေးတွင် ကြယ်ပွင့်ပြမေးခွန်းတစ်ခုမေးမြန်းခြင်း၊ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့်အတည်ပြုပြီးပေးပို့လာသော အထူးထိမ်းမြားခြင်းဆိုင်ရာအက်ဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်းနှင့် မြန်မာနိုင်ငံ လင်မယားကွာရှင်းရေးအက်ဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်းတို့အား အမျိုးသားလွှတ်တော်က ဆွေးနွေးနိုင်ရန် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာတို့ကို ဥပဒေကြမ်းကော်မတီဝင်တို့က ဖတ်ကြားရှင်းလင်းခြင်းနှင့် အဆိုပါ ဥပဒေကြမ်းတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာခြင်းတို့ကို ဆောင်ရွက်ကြသည်။

**အောင်ရဲသွင်၊ အေးအေးသန့် (သတင်းစဉ်)**

နှစ် (၇၀) ပြည့် အာဇာနည်နေ့ဂုဏ်ပြုဆောင်းပါး

# ဇူလိုင်မိုးစက်များရဲ့ အောက်ဝယ်...

မျိုးမြတ်မြတ်မြင့်မောင်

ဇူလိုင်မိုးက တဖွဲဖွဲ ရွာနေပါသည်။

ညို့မှိုင်းနေသော မိုးကောင်းကင်က မြန်မာတို့၏ စိတ်သောက၊

ရွာချနေသော မိုးစက်များက မြန်မာတို့၏ မျက်ရည်များ၊

ဩော်. . . မြန်မာ့လွတ်လပ်ရေးဗိသုကာ အမျိုးသားခေါင်းဆောင်ကြီးနှင့် အပေါင်းအပါများ လုပ်ကြံခံခဲ့ရ၍ ကျဆုံးခဲ့သည်မှာ ယခုနှစ် ဇူလိုင်လ (၁၉)ရက်နေ့တွင် နှစ်ပေါင်း (၇၀)တိတိ တိုင်ခဲ့ပါပြီကော။

**ရာဇဝင်ရိုင်းလှသည့် နိုင်ငံတော်လုပ်ကြံမှုကြီး**

အသားထဲက လောက်ထွက်၊ ဆန်ကောလောက်မှ ဇောက်မနက်သည့် အမျိုးသားသစ္စာဖောက်တို့၏ ကြိုတင်ကြံစည်မှုနှင့်အတူ ၁၉၄၇ ခုနှစ်၊ ဇူလိုင်လ(၁၉)ရက် စနေနေ့ တွင် ရန်ကုန်မြို့ အတွင်းဝန်များရုံး၌ ဝန်ကြီးများ အစည်းအဝေး တက်ရောက်နေကြသည့် ဗိုလ်ချုပ်နှင့်တကွ ဝန်ကြီးများ လုပ်ကြံခံခဲ့ရသည်။

အဆိုပါ နိုင်ငံရေးလုပ်ကြံမှု(ဝါ) နိုင်ငံတော်လုပ်ကြံမှုနှင့်အတူ နိုင်ငံ့လွတ်လပ်ရေးအတွက် ရုံးပိတ်ရက်မထား၊ မနားမနေ အားကြိုးမာန်တက် ဆောင်ရွက်နေကြသည့် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၊ သခင်မြ (ဘဏ္ဍာရေးနှင့်အခွန်တော်)၊ မန်းဘခိုင်(အလုပ်သမားနှင့်စက်မှုလက်မှုဌာန)၊ ဦးရာဇတ်(ပညာရေးဌာန)၊ ဒီးဒုတ်ဦးဘချို(ပြန်ကြားရေးဌာန)၊ မိုင်းပွန်စော်ဘွားကြီးစဝ်စံထွန်း(အတိုင်ပင်ခံ၊ တောင်တန်းဒေသရေးရာဝန်ကြီးဌာန)၊ ဦးဘဝင်း(ဗိုလ်ချုပ်၏အစ်ကိုကြီး၊ ထောက်ပံ့ရေးနှင့် ကူးသန်းရောင်းဝယ်ရေးဌာန)တို့နှင့်အတူ ဦးအုန်းမောင် (သယ်ယူပို့ဆောင်ရေးဌာန၊ ဝန်ကြီး၏ဒုတိယအတွင်းဝန်) နှင့် ရဲဘော်ကိုထွေး(ပညာရေးဝန်ကြီး ဦးရာဇတ်၏ သက်တော်စောင့်)တို့ ကျဆုံးခဲ့ရမှုသည် သက်ဆိုင်ရာ မိသားစုများ၏ သောကအပူမီး ဗျာပါဒအသီးသီးထက် မြန်မာပြည်သူတစ်ရပ်လုံး၏ ဝမ်းနည်းပူဆွေးရသည့် ပရိဒေဝမီးက ပိုမိုကြီးမားခဲ့သည်ဟု ဆိုရပါမည်။

အစားထိုးမရနိုင်သည့် အမျိုးသားတစ်ရပ်လုံး၏ ရင်နင့်ကြေကွဲဖွယ်ရာ ဆုံးရှုံးမှုကြီး/ မြန်မာ့သမိုင်းရိုင်းခဲ့လေပြီ။ နိုင်ငံရေးပြဿနာကို အကြမ်းဖက်နည်းဖြင့် ဖြေရှင်းခြင်း၏ သက်ရောက်မှုဆိုးကျိုးက နိုင်ငံနှင့်ချီ၍ ဆုံးရှုံးမှုပမာဏ ကြီးမားလွန်းလှသည်တကား။

တစ်နိုင်ငံလုံး မျက်ရည်ဖြိုင်လို့ ဘဝင်ညိုးခဲ့ရသည့် ဆယ့်ကိုးဇူလိုင်၏ အကျည်းတန်မြင်ကွင်း။ တွေးမိတိုင်း ယူကြုံးမရတသသဖြစ်ရပါ၏။

**အာဇာနည်ဟူသည်**

မြန်မာအဘိဓာန်တွင် အာဇာနည်၏ အဓိပ္ပာယ်ကို "အကြောင်းဟုတ်၊ မဟုတ်ကို ကောင်းစွာသိသောသူ၊ သာမန်ထက်လက်ရုံးရည် နှလုံးရည် ထူးကဲသာလွန်၍ အများအကျိုးအတွက် သက်စွန့်ကြိုးပမ်းဆောင်ရွက်သူ" ဟု ဖော်ပြထားပါသည်။

သို့ဖြစ်ရာ နိုင်ငံနှင့်လူမျိုး အကျိုးစီးပွားကို သက်စွန့်ကြိုးပမ်း၍ ထမ်းဆောင်ခဲ့ကြသူများဖြစ်သည့် ဗိုလ်ချုပ်နှင့်တကွမြန်မာ့ခေါင်းဆောင်ကြီးများ ကျဆုံးခဲ့ရသည့် ဇူလိုင်လ(၁၉)ရက်နေ့ကို အထိမ်းအမှတ်ပြု၍ နှစ်စဉ်အာဇာနည်နေ့အဖြစ်သတ်မှတ်ကာ နိုင်ငံတစ်ဝန်းကျင်းပခဲ့ကြပါသည်။

တစ်နည်းအားဖြင့်ဆိုလျှင် မြန်မာ့သမိုင်း အစဉ်အဆက်ဝယ် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ကိုအရင်းတည်၍ မိမိအကျိုးစီးပွားနှင့် အသက်ကို မငဲ့ကွက်ဘဲ နိုင်ငံနှင့်လူမျိုးကောင်းစားရေးအတွက် သန့်စင်သော စေတနာဖြင့် ပေးဆပ်ခဲ့ကြသည့် အာဇာနည်အပေါင်းကို လေးမြတ်စွာဂုဏ်ပြုသည့် နေ့ထူးနေ့မြတ်လည်း ဖြစ်ပါသည်။

အာဇာနည်ခေါင်းဆောင်ကြီးများ၏ စွမ်းဆောင်ခဲ့မှုအစုစုကသီဖွဲ့၍မကုန်၊ စာစီရုံနှင့်မလုံလောက်၊ ဂုဏ်ယူလေးစား၍ မဆုံးနိုင်ဖြစ်ရပါ၏။ လုပ်ဆောင်မှုတိုင်းက ခေတ်၏သမိုင်းအဖြစ် ရာဇဝင်တွင် တင်ကျန်ရစ်ခဲ့ပေပြီ။

**ရာဇဝင်ကို ဖန်တီးသူများ**

ဆရာကြီးဒေါက်တာသန်းထွန်းက သမိုင်းသင်သည်မှာ မ "အ" အောင်ဟု ဆိုပါသည်။ အလားတူ စာပေပညာရှင်များက မြန်မာရာဇဝင်ကို သင်ကြားပေးနေခြင်းမှာ အမျိုးနှင့်နိုင်ငံကို ချစ်တတ်လာစေရန် ရည်ရွယ်ကြောင်း ဆိုပါသည်။

ကျွန်ုပ်တို့လွတ်လပ်ရေးဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်းကလည်း ထိုသို့ရာဇဝင်များ သင်ယူရသည့် အပေါ် ထူးချွန်ထက်မြက်လှသည့် အတွေးအခေါ်ကောင်း တစ်ခုကို ဖော်ထုတ်ခဲ့ပါသေး၏။

"ရာဇဝင်သင်သူသည် ရာဇဝင်အကြောင်းကို သိနားလည်ရုံသာမက

ဖန်တီးသူ(ဝါ) ရာဇဝင်ကို ပြုလုပ်သူအဖြစ်လည်း ရောက်စေရမယ်"

သို့ဖြစ်ရာ မြန်မာ့သမိုင်းရာဇဝင်ကို ဆက်လက်ဖော်ဆောင်မည့် ကျွန်ုပ်တို့နောင်လာနောက်သား မျိုးဆက်များ အနေဖြင့် အတိတ်ကိုသင်ခန်းစာယူ၊ ပစ္စုပ္ပန်တွင်အကောင်းဆုံးကြိုးစားခြင်းဖြင့် အနာဂတ်ကောင်းကို ပုံဖော်နိုင်မည်ဖြစ်ပြီး သို့မှသာ သမိုင်းကြောင်းလည်း ကောင်းမွန်မည်ဖြစ်ပါသည်။

**ဘာကြောင့်တသ ထာဝရ**

ပြည်ထောင်စုသားအားလုံးက ထာဝရမမေ့နိုင်အောင် အာဇာနည်ခေါင်းဆောင်ကြီးများ ဘာတွေကြိုးပမ်း၊ ဘာတွေ စွမ်းဆောင်ပြီး နိုင်ငံတော်၏ အနာဂတ်ခရီးကို ပုံဖော်ရန် မည်သို့ဆောင်ရွက်ခဲ့သည်ကို စေ့ငုကြည့်နေမိပါသည်။

ကျွန်ုပ်တို့နိုင်ငံသည် လူမျိုးပေါင်းစုံနေထိုင်သော နိုင်ငံဖြစ်၏။ တိုင်းရင်းသားလူမျိုးပေါင်းစုံ စုပေါင်းနေထိုင်သည့် မြန်မာနိုင်ငံတွင် နိုင်ငံတည်ငြိမ်ရေး၊ အေးချမ်းရေးတို့အတွက် တိုင်းရင်းသားအချင်းချင်း ချစ်ကြည်ရင်းနှီးမှု၊ စည်းလုံးညီညွတ်မှုသည် အသက်သွေးကြောပမာ အရေးကြီးလှပါသည်။

ဗိုလ်ချုပ်က တိုင်းရင်းသားစည်းလုံးညီညွတ်ရေး အရေးကြီးပုံကို ဂျပန်ခေတ် ၁၉၄၂ ခုနှစ် အောက်တိုဘာလ ၁၁ ရက်နေ့ မြို့တော်ခန်းမတွင် မိန့်ခွန်းပြောကြားခဲ့စဉ်က ထည့်သွင်းပြောကြားခဲ့ပါ၏။

"လွတ်လပ်ရေးနဲ့ အချုပ်အခြာအာဏာကို အခွန့်ရှည်စွာထိန်းသိမ်းသွားနိုင်ဖို့အတွက် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးဟာ အလွန်အရေးကြီးတယ်။ လိုအပ်တယ်"

ဗိုလ်ချုပ်ပြောခဲ့သည့်အချိန်က မြန်မာနိုင်ငံလွတ်လပ်ရေးရရှိရန် လုံးဝမျှော်လင့်ချက်မရှိသေးချိန်၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၏ အမှတ်အသားဖြစ်သော"ပင်လုံစာချုပ်"ကို အိပ်မက်ပင် မမက်နိုင်သေးချိန် ဖြစ်ပါ၏။ အမျိုးသားခေါင်းဆောင်ကြီး၏ နိုင်ငံရေးအမြော်အမြင်ကြီးမားမှုက အံ့ဩဖွယ်ကောင်းပေစွ။

ဗိုလ်ချုပ်တို့ အာဇာနည်ခေါင်းဆောင်ကြီးများက အပြောနှင့်မဟုတ်၊ အလုပ်နှင့်ပါ သက်သေပြခဲ့ပါ၏။

နယ်ချဲ့နှင့်ဖက်ဆစ်အောက် နှစ်ပေါင်း (၁၀၀)ကျော် ကျရောက်စဉ်ကာလအတွင်း ၎င်းတို့၏ သွေးခွဲအုပ်ချုပ်မှုများကြောင့် သားချင်းများအကြား သံသယပွား၊ ရန်စများကို ဖြေဖျောက်ပေးနိုင်ခဲ့ပြီး ညီနောင်သားချင်းများ၏ တစ်စိတ်တစ်ဝမ်းတည်းသော စည်းလုံးညီညွတ်မှုကို ပင်လုံဂုဏ်ပုဒ်ဖြင့် ဖော်ထုတ်ကာ တစ်မျိုးသားလုံး၏ ဘုံအရေးဖြစ်သည့်လွတ်လပ်ရေးကို အရယူပေးနိုင်ခဲ့ပါသည်။ အာဇာနည်ခေါင်းဆောင်ကြီးများ၏ စစ်မှန်သောမျိုးချစ်စိတ်ဖြင့် မဆုတ်မနစ် ကြိုးပမ်းဆောင်ရွက်မှုတို့၏ အသီးအပွင့်ပင်ဖြစ်ပါ၏။

**ထိုစဉ်က စိတ်ကူးခဲ့သော မြန်မာပြည်**

ဗိုလ်ချုပ်တို့ ခေါင်းဆောင်ကြီးများ မျှော်မှန်းခဲ့သည်က **အမျိုးသားစည်းလုံးညီညွတ်မှုဖြင့် ပေါ်ထွန်းလာသည့် လွတ်လပ်သော မြန်မာနိုင်ငံသစ်တွင် ပျော်ရွှင်ခိုင်မာခေတ်မီသော နိုင်ငံတစ်နိုင်ငံအဖြစ် ဖန်တီးရန်**ဖြစ်၏။

လွန်ခဲ့သော နှစ်(၇၀)ကျော် တွေးခဲ့သော ခေတ်သစ်နိုင်ငံရေးအတွေးအခေါ်မှာ ယနေ့တိုင် သစ်လွင်တောက်ပနေဆဲ၊ အကောင်အထည်ဖော်နေရဆဲ။

မျက်မှောက်ခေတ် အမျိုးသားသွေးစည်းညီညွတ်ရေး ကြိုးပမ်းလျက်ရှိရာတွင် အတိတ်ကပေးခဲ့သည့် သင်ခန်းစာကိုသတိမူ၍ နိုင်ငံရေးပြဿနာအရပ်ရပ်ကို တွေ့ဆုံညှိနှိုင်းအဖြေရှာခြင်း၊ မတူတာတွေဘေးဖယ်ပြီး တူညီသော ဘုံအကျိုးကို ရှေးရှုလုပ်ဆောင်ခြင်း စသည့် ငြိမ်းချမ်းစွာ ဖြေရှင်းနေမှုများကို မြင်တွေ့နေရပါသည်။

အလားတူ တိုင်းရင်းသားသွေးချင်းများအကြား ဆူကြုံနိမ့်မြင့် နည်းနိုင်သမျှနည်းရလေအောင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး၊ မြန်ပြည်တစ်ဝန်း သွားလမ်းသာ၍ လာလမ်းဖြောင့်ရေး၊ ပြည်သူတို့၏ လူမှုစီးပွားဘဝ တိုးတက်မြင့်မားရေးတို့အတွက် ဆောင်ရွက်နေသည်များမှာ ဗိုလ်ချုပ်တို့ အာဇာနည်ခေါင်းဆောင်ကြီးများ မျှော်မှန်းခဲ့သည့် လမ်းစဉ်များကို အကောင်အထည်ဖော်ဆောင်နေခြင်းဖြစ်ကြောင်း လယ်ပြင်မှာ ဆင်သွားသလို ထင်ရှားနေပါသည်။

ဤခရီးနီး၊ မနီးမှာမူ မြန်မာပြည်ပွားတိုင်းရင်းသားအားလုံးတို့၏ ပြည်ထောင်စုစိတ်ဓာတ် ထက်သန်ပြင်းပြမှုနှင့်အတူ အားလုံးပူးပေါင်းပါဝင်ဆောင်ရွက်မှု၊ ဦးစီးဦးရွက်ပြုသူတို့၏ သဘောထားကြီးမားမှုနှင့် နိုင်ငံနှင့်လူမျိုးတို့၏ အကျိုးစီးပွားကို ဆောင်ရွက်လိုစိတ် ခိုင်မာမြဲမြံမှုတို့အပေါ်တွင် မူတည်နေပေသည်။

**နည်းနဲ့လမ်းနဲ့ စည်းနဲ့ကမ်းနဲ့**

"စည်းကမ်းရှိမှ တိုးတက်မည်"၊ "စည်းကမ်းသည် လူ၏တန်ဖိုး" စသည်ဖြင့် စည်းကမ်းနှင့် ပတ်သက်သည့် လမ်းညွှန်ဆောင်ပုဒ်များစွာ ရှိပါသည်။ သို့သော် ဗိုလ်ချုပ်ကိုယ်တိုင် ဟောဟောဒိုင်းဒိုင်းပြောခဲ့သည့် စကားကို လူတိုင်းက ပိုမိုစွဲလမ်းနှစ်သက်ကြသည်။ ကြားတိုင်းပြုံး၍ ဖတ်မိတိုင်း သဘောကျကြသည်။

စာမျက်နှာ ၇ သို့ *



သွေးခွဲအုပ်ချုပ်မှုများကြောင့် သားချင်းများအကြား သံသယပွား၊ ရန်စများကို ဖြေဖျောက်ပေးနိုင်ခဲ့ပြီး ညီနောင်သားချင်းများ၏ တစ်စိတ်တစ်ဝမ်းတည်းသော စည်းလုံးညီညွတ်မှုကို ပင်လုံဂုဏ်ပုဒ်ဖြင့်ဖော်ထုတ်ကာ တစ်မျိုးသားလုံး၏ဘုံအရေးဖြစ်သည့် လွတ်လပ်ရေးကို အရယူပေးနိုင်ခဲ့ပါသည်။ အာဇာနည်ခေါင်းဆောင်ကြီးများ၏ စစ်မှန်သောမျိုးချစ်စိတ်ဖြင့် မဆုတ်မနစ် ကြိုးပမ်းဆောင်ရွက်မှုတို့၏ အသီးအပွင့်ပင်ဖြစ်ပါ၏



# နတ်မောက်မြို့ ဗိုလ်ချုပ်အောင်ဆန်း နေအိမ်ပြတိုက်တွင် ပြသမည့်ပစ္စည်းများ ပြင်ဆင်ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဇူလိုင် ၁၃**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုသည် မကွေးတိုင်းဒေသကြီး နတ်မောက်မြို့ ဗိုလ်ချုပ်အောင်ဆန်း နေအိမ်ပြတိုက်သို့ ဇူလိုင် ၁၂ ရက်တွင် သွားရောက်၍ နှစ်(၇၀)ပြည့် အာဇာနည်နေ့ အထိမ်းအမှတ်အဖြစ် အထူးဖွင့်လှစ်ပြသရန် ခင်းကျင်းပြသမည့်ပစ္စည်းများ ပြင်ဆင်ထားရှိမှုအခြေအနေ၊ အဆောက်အအုံ ကြံ့ခိုင်မှုအခြေအနေ၊ ယာယီခင်းကျင်း ပြသမည့်နေရာနှင့် ခြံစည်းရိုးကာရံထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ဆက်လက်၍ နတ်မောက်မြို့ရှိ ယဉ်ကျေးမှုပြတိုက်သို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး ဗိုလ်ချုပ်အောင်ဆန်း ငယ်စဉ်က ပညာသင်ကြားခဲ့သည့် ဒီပင်္ကရာပရိယတ္တိစာသင်တိုက်သို့ သွားရောက်၍ ဆရာတော်အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တစန္ဒဝံသအား ဖူးမြော်ကြည်ညိုကာ သြဝါဒခံယူပြီး သာသနာရေးဆိုင်ရာများ လျှောက်ထား၍ လှူဖွယ်ပစ္စည်းနှင့် ဝတ္ထုငွေများ ဆက်ကပ်လှူဒါန်းသည်။ ယင်းနောက် မြို့မဘုန်းတော်ကြီးကျောင်း၊ ဆုတောင်းပြည့်ဘုရားကြီးကျောင်းတိုက်၊ ရန်အောင်မြင်ကျောင်းတိုက် ဆရာတော်ကြီးများအား သွားရောက်ဖူးမြော်ကြည်ညို၍ သာသနာရေးဆိုင်ရာများ လျှောက်ထားကာ လှူဖွယ်ပစ္စည်းနှင့်ဝတ္ထုငွေများ ဆက်ကပ်လှူဒါန်းခဲ့သည်။



ယင်းနောက် နတ်မောက်မြို့မှ မြို့သစ်မြို့သို့ ရောက်ရှိပြီး စျေးဝင်းမင်းပရိယတ္တိစာသင်တိုက်၊ သုခသမ္ပဒါလေသာကျောင်းတိုက်၊ လှိုင်နံ့သာမေ့ရိပ်သာကျောင်းတိုက်များသို့ သွားရောက်ပြီး ဆရာတော်ကြီးများအား ဖူးမြော်ကြည်ညို၍ သာသနာရေးဆိုင်ရာများ လျှောက်ထားကာ လှူဖွယ်ပစ္စည်းနှင့်ဝတ္ထုငွေများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ညောင်ဦးတွင် နှစ် (၇၀)ပြည့် အာဇာနည်နေ့အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲ၊ နံရံကပ်၊ ဓာတ်ပုံနှင့် စာအုပ်ပြပွဲပြုလုပ်

**ညောင်ဦး ဇူလိုင် ၁၃**

ညောင်ဦးမြို့၌ ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက စီစဉ်ကျင်းပသည့် နှစ်(၇၀)ပြည့် အာဇာနည်နေ့အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲ၊ စာအုပ်ပြပွဲနှင့် အာဇာနည်ခေါင်းဆောင်ကြီးများနှင့် ပတ်သက်သည့် နံရံကပ်စာစောင်များပြပွဲကို ဇူလိုင် ၁၃ ရက် က အဆိုပါရုံးရှိ ကွန်မြူနတီခန်းမ၌ ကျင်းပသည်။

နှစ်(၇၀)ပြည့် အာဇာနည်နေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲကို "၁၉ ဇူလိုင် မမေ့နိုင်" ခေါင်းစဉ်ဖြင့် ဖြေဆိုပွဲအား ကျင်းပပေးခဲ့ရာ ဇေတဝန်ဘုန်းတော်ကြီးသင်ပညာရေး မူလွန်ကျောင်းမှ ဆင့မတန်း၊ သတ္တမတန်းနှင့် အဋ္ဌမတန်းများမှ ကျောင်းသား ကျောင်းသူ ၂၆ ဦးတို့ ဝင်ရောက်ဖြေဆိုကြသည်။ စာစီစာကုံးဖြေဆိုပွဲအပြီးတွင် ကျောင်းသား ကျောင်းသူများသည် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက ခင်းကျင်းပြသထားသည့် အာဇာနည်ခေါင်းဆောင်ကြီးများနှင့် ပတ်သက်သည့် နံရံကပ်စာစောင်များ၊ ဓာတ်ပုံပြဘုတ်များ၊ သုတ/ရသ စာအုပ်စာစောင်များကို လှည့်လည်ကြည့်ရှုလေ့လာကြသည်။

ဆက်လက်၍ နှစ်(၇၀)ပြည့် အာဇာနည်နေ့အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိကြသည့် ကျောင်းသား ကျောင်းသူများအား ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါ်တင်မာမျိုးနှင့် အခမ်းအနားသို့ တက်ရောက်လာကြသည့် တာဝန်ရှိသူများက ဆုများအသီးသီးပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**ရဲသူရအောင်(ညောင်ဦး)**

❐

# သတိပေးနှိုးဆော်ချက်

၂၀၁၇ ခုနှစ် ဇူလိုင်လ ၁၉ ရက်နေ့တွင် ကျင်းပပြုလုပ်မည့် နှစ်(၇၀)ပြည့် အာဇာနည်နေ့ အခမ်းအနားကို ဗဟန်းမြို့နယ်ရှိ အာဇာနည်ဗိမာန်၌ ကျင်းပမည်ဖြစ်ရာ အခမ်းအနားကျင်းပမည့် နံနက် ၄ နာရီမှ အခမ်းအနားပြီးဆုံးသည်အထိ အနောက်ရွှေဂုံတိုင်လမ်းနှင့် လင့်လမ်းဆုံ၊ ဓမ္မစေတီလမ်းနှင့် အင်းလျားလမ်းဆုံ၊ ဓမ္မစေတီလမ်းနှင့် ဦးဝိစာရလမ်းဆုံ၊ အနောက်ရွှေဂုံတိုင်လမ်းနှင့် ဦးဝိစာရလမ်းဆုံတို့မှ လမ်းလွှဲစနစ်ဆောင်ရွက်မည်ဖြစ်ပြီး အာဇာနည်လမ်း၊ ရွှေတိဂုံဘုရားအရှေ့ဘက်မုခ်၊ ရွှေတိဂုံဘုရားအနောက်ဘက်မုခ်၊ ရွှေတိဂုံဘုရားတောင်ဘက်မုခ်၊ ရွှေတိဂုံဘုရားမြောက်ဘက်မုခ် (သွေးဆေးကန်)လမ်းတို့ကို ခေတ္တပိတ်ထားမည်ဖြစ်ကြောင်း ကြိုတင်သတိပေးနှိုးဆော်အပ်ပါသည်။

**ရန်ကုန်တိုင်းဒေသကြီး ယာဉ်စည်းကမ်း**
**ထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ**

# သတိပေးနှိုးဆော်ချက်

၂၀၁၇ ခုနှစ် ဇူလိုင်လ ၁၉ ရက်နေ့ အာဇာနည်နေ့တွင် ဗိုလ်ချုပ်အောင်ဆန်းပြတိုက်သို့ လာရောက်ကြည့်ရှုသူပြည်သူများသွားလာမှု အဆင်ပြေစေရေးအတွက် ဗိုလ်ချုပ်ပြတိုက်လမ်းအား နံနက် ၅ နာရီမှ ပြတိုက်ပိတ်ချိန်အထိ မော်တော်ယာဉ်များသွားလာခွင့်မပြုဘဲ ခေတ္တလမ်းပိတ်ထားမည်ဖြစ်သဖြင့် မော်တော်ယာဉ်များအနေဖြင့် အခြားလမ်းများမှ သွားလာအသုံးပြုကြပါရန် ကြိုတင်သတိပေးနှိုးဆော်အပ်ပါသည်။

**ရန်ကုန်တိုင်းဒေသကြီး ယာဉ်စည်းကမ်း**
**ထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ**

✱ စာမျက်နှာ ၆ မှ

"လွတ်လပ်ရေးကိုလိုချင်ရင် လွတ်လပ်ရေးရတဲ့ စည်းကမ်းညီညွတ်မှုတွေကို ထိန်းထားပါ။ ထူထောင်မှုကို လုပ်ကြပါ။ အဲဒီလို လုပ်ပြီးတဲ့နောက် ရှေ့ကို လွတ်လပ်ရေး အရသာကိစ္စအတွက် အလုပ်လုပ်တဲ့နေရာမှာ စည်းကမ်းရှိဖို့၊ ပြင်ဆင်သင့်တာတွေ ပြင်ဆင်ဖို့ ခင်ဗျားတို့ ××× ကျင့်တွေ ပြင်ဖို့လိုနေပြီလို့ ကျွန်တော်ပြောခဲ့မယ်"

ဖခင်ဗိုလ်ချုပ်အောင်ဆန်းက ဒီမိုကရေစီကို လိုလားတောင့်တပါသည်ဟူသည့် မြန်မာပြည်သူတစ်ရပ်လုံးကို ဒီမိုကရေစီနှင့်ထိုက်တန်သည့် စည်းကမ်းရှိရန် လိုအပ်ကြောင်း အခါမလပ် မီးမောင်းထိုးပြနေသည့်နှယ်။

**ပုံပေါ်သင့်ပြီ မြန်မာပြည်**

ကျွန်ုပ်တို့ မြန်မာလူမျိုးများသည် ကိုယ့်ရိုးရာ၊ ကိုယ့်ယဉ်ကျေးမှုနှင့် ရပ်တည်နိုင်ခဲ့ကြသူများ ဖြစ်၏။ ကိုယ့်အမျိုး၊ ကိုယ့်ဘာသာ၊ ကိုယ့်သာသနာကို ထိန်းသိမ်းစောင့်ရှောက်သည့် သန္ဓေကောင်းကို ပိုင်ဆိုင်ထားသူများလည်း ဖြစ်၏။ အမျိုးကို ချစ်မြတ်နိုးစိတ်၊ တိုးတက်လိုစိတ်ရှိသော ဝံသာနုရက္ခိတတရားကိန်းအောင်းနေကြသူများလည်း ဖြစ်၏။ ပင်ကိုပါရမီထူးချွန်ကြသူများလည်း ဖြစ်၏။

ပြည်ထောင်စုတည်းဟူသော အိမ်ကြီးသာယာအေးချမ်းအောင်၊ တိုးတက်ဖွံ့ဖြိုးအောင် ဆောင်ရွက်ရန်မှာ အိမ်သူအိမ်သား ပြည်ထောင်စုတိုင်းရင်းသားအားလုံး၏ မွေးရာပါတာဝန်ဖြစ်ပါ၏။

အာဇာနည်ခေါင်းဆောင်ကြီးများ မျှော်မှန်းခဲ့သည့်၊ စိတ်ကူးခဲ့သည့် မြန်မာပြည်ကို လက်တွေ့အကောင်အထည်ဖော်ရမည့် အချိန်ဖြစ်ပါသည်။ ကာလနှင့်တွက်စစ်ပါက များစွာပင် နောက်ကျနေပါပြီ။ နောင်မျိုးဆက်သစ်များအတွက် ကောင်းမွန်သောအနာဂတ်ကို လက်ဆင့်ကမ်းပေးသင့်နေပါပြီ။ အထူးသဖြင့် ငြိမ်းချမ်းရေးနှစ်အဖြစ် သတ်မှတ်ကြိုးပမ်းဆောင်ရွက်လျက်ရှိသည့် ၂၀၁၇ ခုနှစ်တွင် ပြည်သူတစ်ရပ်လုံး တောင့်တမွတ်တမ်းသည့် ငြိမ်းချမ်းရေး၏ အလားအလာကောင်းများကို ပြည်သူတစ်ရပ်လုံး ပါဝင်မှုဖြင့် အင်တိုက်အားတိုက် အကောင်အထည်ဖော်ဆောင်ရွက်သင့်လှပေသည်။

**အာဇာနည်နေ့ ဆုတောင်း**

ယနေ့ကာလလို ခေတ်ပြောင်းစနစ်ပြောင်းဖြင့် ပြည်တွင်းငြိမ်းချမ်းရေးနှင့် ပြည်သူတစ်ရပ်လုံး၏ လူမှုအကျိုးစီးပွားတိုးတက်မြင့်မားရေးကို ပြည်သူနှင့်အတူလက်တွဲ၍ နိုင်ငံတော်သစ်တည်ဆောက်ရေးကို ဆောင်ရွက်လျက်ရှိရာ မြန်မာတစ်မျိုးသားလုံးပါဝင်သော အမျိုးသားသွေးစည်းညီညွတ်မှု **ရ ကို ရ ရ မည်။** စည်းကမ်းနှင့်အညီ ဒီမိုကရေစီထူထောင်မှု. . . **အောင် ကို အောင် မြင် ရ မည်** ဟူသည့် သန္နိဋ္ဌာန်စိတ်ဖြင့် ပြည်ထောင်စုစိတ်ဓာတ်အရင်းတည်၍ အမျိုးသားစည်းလုံးညီညွတ်မှုကို အမြန်တည်ဆောက်ကြပါစို့။

နိုင်ငံနှင့်လူမျိုးတို့၏ အမျိုးသားအကျိုးစီးပွားကို ဖြစ်ထွန်းတိုးတက်စေမည့် ဒီမိုကရေစီနိုင်ငံတော်သစ်ကို ထူထောင်ကြပါစို့။

သို့မှသာလျှင် အာဇာနည်ခေါင်းဆောင်ကြီးများ ချမှတ်ခဲ့သောလမ်းစဉ်ကို အကောင်အထည်ဖော်ရာရောက်မည့်အပြင် ၎င်းတို့၏ ဂုဏ်ကျေးဇူးအထူးထူးကို တုံ့ပြန်ကျေးဇူးဆပ်ရာလည်းရောက်ပြီး ဗိုလ်ချုပ်နှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများက ကောင်းမွန်ရာဘုံဘဝမှ ကြည်နူးကျေနပ်စွာ သာဓုခေါ်ဆိုနိုင်မည်ဖြစ်ပါ၏။

ဇူလိုင်မိုးကတော့ တဖွဲဖွဲနှင့် ရွာနေဆဲပါပေ။ ။

# မမေ့ဇူလိုင် လွမ်းမျက်ရည်ဖြိုင်

☆ ကျမျက်ရည် စွေကာဖြိုး
ဒေဝါမိုးနှင့် အပြိုင်။
နှစ်လတွေ ပြောင်းကာရွေ့
ဟောင်းကာ မမေ့ခဲ့
ယနေ့ထိတိုင်။
တစ်ဆယ့်ကိုး ရက်ဇူလိုင်
ရတက်ဆူလှိုင် "ကိုးပွင့်ပန်း"။
နယ်ချဲ့ လက်ပါးစေတို့
သခင်အားရ ကျွန်ပါးဝစေဖို့
သနားမညှာ ရက်စက်ခဲ့တာကြောင့်
ဖက်ရှက်ပမာ အသက်ခန္ဓာကြွေ
ရတက်ဖြာဝေ
အာဇာနည်ကြီးတွေရဲ့
သွေးမြေခလွှမ်း။
☆ တို့နိုင်ငံ လွတ်လပ်ရေးအတွက်
အသက်သွေးချွေး အရင်းတည်
စတေးခဲ့သည်။
နှစ်ခုနှစ်ဆယ် ပြည့်လေပြီ
ကမ္ဘာတည်သရွေ့ တို့မမေ့။
ယနေ့ထက်တိုင်
မမေ့ရက်နိုင်
ပြည်သူတွေရဲ့ အသည်းစိုင်မှာလ
အမြဲခိုင်မာ အစဉ်သာ
တမ်းတလျက်
( ကွယ် ) လွမ်းမျက်ရည်ဝေ့။ ။

**တက္ကသိုလ် ဆန်းတင့်နိုင်**

[ နှစ်(၇၀)ပြည့်အာဇာနည်နေ့ကို ကြိုဆိုဂုဏ်ပြုလျက် ]



# အနတ္တလက္ခဏာသုတ်တရားတော်နှင့် မင်းသုဝဏ်၏ 'ငါ' ကဗျာနှစ်ပုဒ်

လင်းအေး

**(ယမန်နေ့မှအဆက်)**

**မင်းသုဝဏ်၏ "ငါ"ကဗျာနှစ်ပုဒ်**

ကဗျာဆရာကြီးမင်းသုဝဏ်သည် ငယ်ရွယ်စဉ်အသက် (၁၃)နှစ်သားအရွယ် ၁၉၂၂ ခုမှစ၍ အိုမင်းတွင်းဆုံးအရွယ် အသက်(၉၀)ကျော်အထိ ကဗျာပုဒ်ရေအမြောက်အမြားကို ရေးဖွဲ့ခဲ့ပါသည်။ ဆရာကြီး၏ ကဗျာများတွင် ကလေးကဗျာများ၊ အချစ်ကဗျာများ၊ အလွမ်းအဆွေးကဗျာများ၊ လောကအမြင် ဘဝအမြင်ပါသော ကဗျာများ၊ တိုင်းရေးပြည်ရာကဗျာများ၊ တရားဓမ္မနှင့်စပ်ဆိုင်သော ကဗျာများ စသည်ဖြင့် အမျိုးအစားမျိုးစုံ၊ အကြောင်းအရာမျိုးစုံ ပါဝင်ပါသည်။ စာရေးသူသည် ဆရာကြီးကဗျာများကိုဖတ်ပြီး ကြည်နူးရသည်၊ နှစ်သက်ရသည်၊ လွမ်းမောရသည်၊ ငြိမ်းအေးခဲ့ရပါသည်။ ဆရာကြီး၏ ကဗျာများသည် သိက္ခာရှိသည်ဟု စာရေးသူယူဆပါသည်။ ယုတ်စွအဆုံး အလွမ်းအဆွေး ကဗျာမျိုးကို ရေးဖွဲ့ရာ၌ပင် ခံစားချက်ကို စိတ်ရှိတိုင်းလွှတ်မပေးဘဲ ထိန်းထိန်းသိမ်းသိမ်း ဣန္ဒြေရရဖြင့် ရေးဖွဲ့ခဲ့ပါသည်။ ထို့ကြောင့် ဆရာကြီး မင်းသုဝဏ်၏ အချစ်ကဗျာ၊ အလွမ်းအဆွေးကဗျာများသည်ပင် သိက္ခာရှိသော ကဗျာများဖြစ်နေပါသည်။ ဆရာကြီးသည် အသက်အရွယ်ကြီးရင့်လာသောအခါ ဗုဒ္ဓ တရားတော်နှင့် စပ်ဆိုင်သောအကြောင်းအရာများကို အလေးပေးရေးဖွဲ့ခဲ့ပါသည်။ ငါးရာ့ငါးဆယ်ဇာတ်တော် ၂၄၀ ကျော်ကို ဘာသာပြန်ခဲ့ပြီး ဓမ္မပဒပါဠိတော်လာ ဂါထာပေါင်း ၄၂၃ ပုဒ်လုံးကို ပြန်ဆိုခဲ့ပါသည်။ ဓမ္မပဒဂါထာများကို ပြန်ဆိုရာ၌ စကားပြေအနေဖြင့် ပြန်ဆိုခြင်းမျိုးမဟုတ်ဘဲ ကဗျာလင်္ကာအသွားပုံစံဖြင့် ပြန်ဆိုခဲ့ခြင်းဖြစ်ပါသည်။ ဓမ္မပဒ မြန်မာပြန်များတွင် ဆရာကြီး၏ သဒ္ဓါတရားနှင့် အားထုတ်မှုကို တွေ့ရမည်ဖြစ်ပါသည်။ ဆရာကြီး က "သဗ္ဗေဓမ္မာ၊ အနတ္တာတိ အစချီသော ဓမ္မဂါထာအပိုဒ် ၂၇၉ ကို အောက်ပါအတိုင်း မြန်မာပြန်ခဲ့ပါသည်။

ခန္ဓာငါးပါးအားလုံးသည်
ကိုယ်ပိုင်မဟုတ်ပါတကား၊
ဤသို့ဉာဏ်ဖြင့် မြင်သောအခါ
ဝဋ်ဆင်းရဲ၌ငြီးငွေ့၏
ဤငြီးငွေ့မှုတရားသည်
ကိလေသာတို့စင်ကြယ်ရာ
နိဗ္ဗာန်ရောက်ကြောင်းလမ်းဖြစ်၏

ဆရာကြီးမင်းသုဝဏ်သည် "ငါ"ဟူသော အတ္တကြောင့် (အတ္တချင်းတိုးတိုက်မိကြသောကြောင့်) ဆင်းရဲပူလောင်ခြင်းဖြစ်ရပုံနှင့် ခန္ဓာငါးပါးတွင် "ငါ" မပါသည့်အတွက် ငါစွဲကိုဖြုတ်ကြရန်၊ ငါစွဲမရှိမှ ချမ်းသာသုခရနိုင်မည်ဖြစ်ကြောင်းတို့ကို ကဗျာနှစ်ပုဒ်ရေးဖွဲ့၍ တင်ပြခဲ့ပါသည်။ ဆရာကြီး၏ ပထမကဗျာမှာ "ငါ"ဟု တစ်လုံးတည်း အမည်တပ်ထားသော ကဗျာဖြစ်သည်။ ၁၉၈၂ ခုနှစ် မတ်လထုတ် ရှုမဝမဂ္ဂဇင်းတွင် ထည့်သွင်းခဲ့သော ကဗျာဖြစ်ပါသည်။ ကဗျာမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

**ငါ**

ငါ့မှာလည်းငါ၊ သူ့မှာငါနှင့်
ငါ့ငါသူ့ငါ၊ တွေ့ကြခါဝယ်
ငါနှင့်ငါချင်း၊ ငါစစ်ခင်းလျက်
ပူပြင်းလျှံရဲ ငါပေါက်ကွဲ၏။
ငါဒုက္ခပေး၊ ငါမအေး၍
ငါအေးရကြောင်း၊ ခွင့်ခါချောင်းလျက်
ငါကောင်းကိုရှာ၊ ငါဆိုးခွာသော်
ကွာလေသည်သို့၊ ဖြစ်သမို့လည်း
ခေါင်းလျှို့ကိုယ်ခွေ၊ ပခြုပ်ဗွေ၌
ငန်းမြွေမခြား၊ နှဲသံကြားလျှင်
ပါးပျဉ်းထောင်လျက်၊ ငါသည်ထွက်၏
အို- ဖွား ဖက်ငါ၊ အသင်ငါနှင့်
ငါမလျှော့တမ်း၊ အားအင်စမ်းအံ့
အစွမ်းသာသူ၊ ပန်းဆွတ်ယူလိမ့်
ငါမူ ငါ့ကိုအောင်မည်လော
ငါ့ကို ငါကအောင်မည်လော။

ဆရာကြီး၏ကဗျာမှာ အလွန်ရိုးရှင်းပါသည်။ အထူးတလည် အဓိပ္ပာယ်ဖွင့်စရာမလိုပါ။ ပုထုဇဉ်လူသားတွေ အတ္တချင်းတိုက်မိကြသောအခါ အမျက်ဒေါသထွက်ကြ၊ ဒေါသကြောင့် ပူလောင်ပေါက်ကွဲကြပုံကို ကဗျာပထမအပိုဒ်တွင် ရေးဖွဲ့ထားသည်။ ကဗျာ ဒုတိယအပိုဒ်တွင် ငါစွဲ၊ အတ္တစွဲကြောင့် ပူပန်ကြောင့်ကြစိတ် ဒုက္ခရောက်ရသည့်အပေါ် ကိုယ့်ကိုယ်စောင့်စည်းထိန်းသိမ်းရန် ကြိုးစားသည်။ ထိုသို့ ကြိုးစားခြင်းကြောင့် မကောင်းသော စိတ်ဆိုးစိတ်ညစ်များ ကင်းစင်ပပျောက်သွားသယောင် ထင်ရသော်လည်း ဒေါသဖြစ်စရာကိစ္စရပ်များနှင့် တွေ့ကြုံရပြန်သည့်အခါ ကိလေသာကို မပယ်သတ်နိုင်သေးခြင်းကြောင့် စိတ်ဆိုးမိ၊ အမျက်ထွက်မိပြန်သည်။ ဆရာကြီးသည် အတ္တစွဲမကျွတ်သေးသူ၊ ကိလေသာမကင်းစင်သေးသူကို ငန်းမြွေနှင့်ပမာပြု၍ ထိုသူကိုလာတိုးတိုက်သော မကောင်းသည့်အာရုံတို့ကို နှဲသံနှင့်နှိုင်းပြခဲ့ပါသည်။ လူတစ်ယောက်သည် ကိုယ်ဟာကိုယ်ဟုတ်နေပြီဟု ထင်သော်လည်း ကိုယ်မခံနိုင်သည့်ကိစ္စများ မကောင်းသော (အာရုံများ)နှင့် ကြုံတွေ့ရသည့်အခါ မခံမရပ်နိုင်ဖြစ်သွားတတ်ကြောင်း၊ ဣန္ဒြေပျက်သွားတတ်ကြောင်း ဆင်ခြင်ဖွယ်ဖြစ်ပါသည်။

ကဗျာ၏ တတိယနောက်ဆုံးအပိုဒ်၌မူ လူတွင်မွေးကတည်းကပါလာသော အတ္တစွဲ(ဒိဋ္ဌိငါ)ကို ပုဂ္ဂိုလ်ပညတ်အားဖြင့် ငါဟုခေါ်ဝေါ်သုံးနှုန်းသော ရိုးရိုးငါက ကြုံးဝါးကြိမ်းပလိုက်သည်။ မိမိကိုယ်တွင်းကိန်းအောင်နေသည့် မကောင်းသော စိတ်ဆိုးများကို စိတ်ကောင်းစိတ်မြတ်ဖြင့် မလျှော့တမ်းနိုင်အောင် တိုက်မည်ဟု စိန်ခေါ်လိုက်ခြင်းဖြစ်သည်။ အစွမ်းသာသူက အနိုင်ရလိမ့်မည်ဟုလည်း ဆိုလိုက်သည်။ ကဗျာအဆုံးတွင်မူ ရိုးရိုးငါက ဒိဋ္ဌိငါကိုနိုင်မည်လား၊ ဒိဋ္ဌိငါက မိမိ (ရိုးရိုးငါ)ကိုနိုင်မည်လားဟု ကဗျာဆန်ဆန်အဆုံးသတ်ထားသည်။ ဆရာကြီးမင်းသုဝဏ်၏ ကဗျာမှာ အလွန်သိမ်မွေ့လှပါသည်။ ပခုက္ကူဆရာတော်ကြီး၏ အသုံးအနှုန်းအရဆိုလျှင် "သဘာဝလူ"နှင့် "အာသဝလူ"တို့၏ တိုက်ပွဲဖြစ်ပါသည်။ စိတ်ဆိုးစိတ်ညံ့နှင့် စိတ်ကောင်းစိတ်မြတ်တို့ တိုက်ကြခြင်းဖြစ်သည်။ ဆရာတော်ကြီးက "ငါနှစ်ကောင် လူယောင်ဆောင် တစ်ကောင်ဒိဋ္ဌိ သူ့ကိုသိ" ဟု ကဗျာလေးဖွဲ့၍ ဟောခဲ့ပါသည်။ ရိုးရိုးငါနှင့် ဒိဋ္ဌိငါကိုဆိုလိုခြင်းဖြစ်ပါသည်။ ရိုးရိုးငါဟူသည်မှာ တကယ်ရှိနေသည့် ခန္ဓာငါးပါးကို ဆိုလိုခြင်းဖြစ်ပြီး "အခေါ်ငါ"ဟုလည်း သုံးနှုန်းပြောဆိုကြပါသည်။ တကယ်မရှိဘဲ စိတ်အစွဲကြောင့် "ရှိနေသည်ဟုထင်ရသော " ဥပါဒါနက္ခန္ဓာကို"အစွဲငါ"ဟုခေါ်ဝေါ်ကြပါသည်။

မသိမမြင်ဖူးသူ၊ စောင်းသံကို မကြားဖူးသူ မင်း(ရှင်ဘုရင်)သည် စောင်းသံကို ကြားရသောအခါ "အချင်းတို့ ဤသို့စွဲမက်ဖွယ်ရှိသော၊ နှစ်သက်ဖွယ်ရှိသော၊ ယစ်မူးဖွယ်ရှိသော၊ တွေဝေဖွယ်ရှိသော ဤသို့ဖွဲ့ချည်တတ်သောအသံကား အဘယ်အရာ၏ အသံဖြစ်လေသနည်း"ဟု မေးမြန်းရာ၏။ ထိုမင်းကို ထိုအသံသည် စောင်း၏အသံဖြစ်ပါသည်ဟု ပြောဆိုကြကုန်ရာ၏။ ထိုမင်းသည် အချင်းတို့သွားကြကုန်၊ ငါ့ထံသို့ ထိုစောင်းကိုရယူခဲ့ကြကုန်ဟု ပြောဆိုရာ၏။ ထိုမင်းသည် အချင်းတို့သွားကြကုန် ငါ့ထံသို့ ထိုစောင်းကိုယူခဲ့ကြကုန်ဟု ပြောဆိုကုန်ရာ၏။ ထိုမင်းထံသို့ စောင်းကိုယူခဲ့ကုန်၍ "အသျှင်ဤသည်ပင် (အသျှင်အလိုရှိသော)စောင်းဖြစ်ပါ၏။ ဤသို့နှစ်သက်စွဲမက်ဖွယ်ဖြစ်သော၊ ဤသို့ဖွဲ့ချည်တတ်သော ဤအသံကား ယင်းစောင်း၏အသံပင်ဖြစ်ပါ၏ဟု ပြောဆိုကုန်ရာ၏။ ထိုမင်းသည် "အချင်းတို့ ငါသည် ထိုစောင်းကိုအလိုမရှိ၊ ထိုအသံကိုသာ ငါ့ထံယူခဲ့ကြကုန်"ဟု ပြောဆိုရာ၏။ ထိုမင်းကို "အရှင် ဤစောင်းမည်သည်ကား များပြားကြီးကျယ်သော အဆောက်အအုံရှိ၏။ များပြားကြီးကျယ်သော အဆောက်အအုံဟူသည် စောင်းခွက်ကိုစွဲ၍လည်းကောင်း၊ သရေကိုစွဲ၍လည်းကောင်း၊ စောင်းလက်တံရိုးကို စွဲ၍လည်းကောင်း၊ စောင်းကြိုးအလျှော့အတင်းခလုတ်များကိုစွဲ၍လည်းကောင်း၊ စောင်းကြိုးတို့ကို စွဲ၍လည်းကောင်း၊ လက်ခတ်ကိုစွဲ၍လည်းကောင်း၊ ယောက်ျား၏ ထိုစောင်းအားလျော်သော လုံ့လကိုစွဲ၍လည်းကောင်း မြည်ပါ၏။ အသျှင်

> "ငါငါငါ ကဗျာကို ဖွဲ့စပ်ရာ၌ ဝိဏောပမသုတ်တွင် ဟောကြားတော်မူသည့် ခန္ဓာငါးပါး၌ ငါမရှိသည်ကို စောင်းနှင့်ပမာပြု၍ စောင်းသံသည် စောင်းထဲတွင် မရှိကြောင်းတရားတော်ကို အင်မတန် ကျစ်လျစ်လှပစွာဖြင့် ဖွဲ့ဆိုခဲ့ပါသည်။ ဆရာကြီးသည် အနတ္တတရားကို သဘောပေါက်လွယ်အောင် ကဗျာကိုရေးစပ်ခဲ့ပါသည်။ ဗုဒ္ဓဘာသာဝင်တို့၏ပန်းတိုင်သည် နိဗ္ဗာန်ဖြစ်လေရာ "ငါ"ဟူ၍ မရှိတော့လျှင် "ငါ"ပြုတ်သွားလျှင် ခန္ဓာငါးပါးတွင် "ငါ"မရှိဟူသော အသိ(အနတ္တဉာဏ်) ကို သိမြင်ရရှိသွားလျှင် ပန်းတိုင်သို့ ရောက်ရှိသွားပြီဖြစ်ပါ၏။"

ဆရာကြီးမင်းသုဝဏ်သည် "ငါ" ကဗျာကိုရေးစပ်ပြီး လေးနှစ်ကျော်ခန့်အကြာတွင် အနတ္တတရားတော်နှင့်စပ်လျဉ်းသည့် ကဗျာတစ်ပုဒ်ကို ထပ်မံရေးဖွဲ့ပြန်ပါသည်။ ကဗျာအမည်မှာ "ငါ ငါ ငါ"ဟူ၍ ဖြစ်ပါသည်။ ထိုကဗျာသည် ဒဂုန်မဂ္ဂဇင်း၊ ၁၉၈၆ ခုနှစ် စက်တင်ဘာလထုတ်တွင် ပါရှိခဲ့ပါသည်။

**ငါငါငါ**

ငါပဲငါပါ ငါ့ဥစ္စာ
ငါတွေတစ်ခွဲသား
ငါနှင့်ငါချင်းငါစစ်ခင်း
ငါမင်းအယူမှား
စောင်းကောက်ထဲမှာ စောင်းသံရှာ
တွေ့နိုင်မှာတဲ့လား
ထို့အတူပဲ ခန္ဓာထဲ
ငါစွဲမရှိငြား
ဤသို့မြတ်စွာဟောခဲ့ပါ
ရှာကြလူအများ
ငါပြုတ်ပါမှမြတ်သုခ
ရမည်မှန်တကား။

ခေါင်းစဉ်တွင် "ငါ"သုံးလုံးထပ်ထားသည်။ လူတွေ တငါငါဖြစ်နေကြပုံပေါ်လွင်အောင်"ငါ"တွေကို ဖောဖော သီသီသုံးထားသည်၊ "ငါ"တွေများလှပုံကို "ငါတွေတစ်ခွဲသားဟု သုံးနှုန်းသည်။ ငါဟူသော အတ္တအရင်းခံ၍ ငါချင်းတိုက်ကြပုံ၊ န-အတ္တာ၊ "ငါ" မရှိသည်ကို "ငါ"ရှိသည်ဟု အယူအမှားကြပုံ (ဒိဋ္ဌိဖြစ်ကြပုံ)ကို ရေးဖွဲ့သည်။ "စောင်းကောက်ထဲမှာ စောင်းသံရှာ၊ တွေ့နိုင်မှာတဲ့လား"မှာ ဘုရားဟောတရားတော်ကို ရည်ညွှန်းထားခြင်းဖြစ်သည်။ သံယုတ္တနိကာယ်သဠာယတနဝဂ္ဂသံယုတ်ပါဠိတော်မှ နဝမသုတ်ဖြစ်သော ဝိဏောပမသုတ်တွင် ခန္ဓာငါးပါးတို့၌ ငါဟူ၍လည်းကောင်း၊ ငါ၏ဥစ္စာဟူ၍လည်းကောင်း စွဲလမ်းမှုမဖြစ်အပ်ကြောင်းကို စောင်းနှင့်ဥပမာပြု၍ ဟောကြားတော်မူသည်။ စောင်း၌အသံကိုရှာမတွေ့သကဲ့သို့ ခန္ဓာငါးပါး၌ အတ္တ(ငါ)ကို ရှာမတွေ့နိုင်ကြောင်း ဟောကြားခြင်းဖြစ်သည်။

ဝိဏောပမသုတ်တရားတော်အကျဉ်းမှာ ဤသို့ဖြစ်သည်။ စောင်းကို

ဤစောင်းမည်သည်ကား များပြားကြီးကျယ်သော အဆောက်အအုံတို့ဖြင့် ကောင်းစွာတီးခတ်အပ်သည်ဖြစ်၍ မြည်ပါ၏" ဟု ပြောဆိုကုန်၏။

ထိုမင်းသည် ထိုစောင်းကို ဆယ်စိတ်သော်လည်းကောင်း၊ အစိတ်တစ်ရာသော်လည်းကောင်း ခွဲရာ၏၊ ခွဲပြီးလျှင် အစိတ်စိတ်အမှုန့်မှုန့်ပြုလုပ်ရာ၏၊ ပြီးလျှင် မီးဖြင့်တိုက်ရာ၏၊ မီးဖြင့်တိုက်ပြီးလျှင် ပြာဖြစ်အောင်ပြုရာ၏၊ ပြာဖြစ်အောင်ပြုပြီးလျှင် လေပြင်း၌သော်လည်း လွင့်ရာ၏၊ လျင်မြန်သော အယဉ်ရှိသောမြစ်၌သော်လည်း မျောလေရာ၏။ ထိုမင်းသည် " အချင်းတို့ ဤစောင်းမည်သည်ကား ယုတ်မာလေစွ၊ ဤစောင်းကဲ့သို့ပင် အခြားကြိုးတပ်အရာဟူသမျှအားလုံးသည် ယုတ်မာလှ၏။ ယင်းသို့ ယုတ်မာလျက် ဤစောင်း၌ လူအများသည် လွန်စွာမေ့လျော့ဘိ၏၊ မြူးတူးဘိ၏"ဟု ပြောဆိုရာ၏။ ရဟန်းတို့ ဤအတူ ရဟန်းသည် ရုပ်၏ဖြစ်ရာ၊ ခံစားမှုဝေဒနာ၏ဖြစ်ရာ၊ မှတ်သားမှုသညာ၏ဖြစ်ရာ၊ ပြုပြင်မှုသင်္ခါရတို့၏ဖြစ်ရာ၊ ဝိညာဏ်ဖြစ်ရာ "ဂတိ"ကို စူးစမ်းရှာဖွေရာ၏၊ "ဂတိ"ကို စူးစမ်းရှာဖွေသောထိုရဟန်းအား ငါဟူ၍လည်းကောင်း၊ ငါ၏ဥစ္စာဟူ၍လည်းကောင်း စွဲလမ်းမှုသည် မဖြစ်နိုင်တော့ချေဟု မိန့်တော်မူ၏။ (သံယုတ်ပါဠိတော်မြန်မာပြန် ဒုတိယတွဲ စာ-၃၉၄-၃၉၅)

ဆရာကြီးမင်းသုဝဏ်သည် ငါငါငါ ကဗျာကို ဖွဲ့စပ်ရာ၌ ဝိဏောပမသုတ်တွင် ဟောကြားတော်မူသည့် ခန္ဓာငါးပါး၌ ငါမရှိသည်ကိုစောင်းနှင့်ပမာပြု၍ စောင်းသံသည် စောင်းထဲတွင်မရှိကြောင်းတရားတော်ကို အင်မတန် ကျစ်လျစ်လှပစွာဖြင့် ဖွဲ့ဆိုခဲ့ပါသည်။ ဆရာကြီးသည် အနတ္တတရားကို သဘောပေါက်လွယ်အောင် ကဗျာကိုရေးစပ်ခဲ့ပါသည်။ ဗုဒ္ဓဘာသာဝင်တို့၏ပန်းတိုင်သည် နိဗ္ဗာန်ဖြစ်လေရာ "ငါ"ဟူ၍မရှိတော့လျှင် "ငါ"ပြုတ်သွားလျှင် ခန္ဓာငါးပါးတွင် "ငါ"မရှိဟူသောအသိ(အနတ္တဉာဏ်)ကို သိမြင်ရရှိသွားလျှင် ပန်းတိုင်သို့ ရောက်ရှိသွားပြီဖြစ်ပါ၏။ ဆရာကြီးက ကဗျာအဆုံးသတ်တွင် "ငါပြုတ်ပါမှ၊ မြတ်သုခ၊ ရမည်မှန်တကား" ဟူ၍ "မြတ်သုခ"(နိဗ္ဗာန်)ရဖို့ "ငါ"ပြုတ်အောင် ကြိုးစားကြရန် နှိုးဆော်တိုက်တွန်းထားပါသည်။ ဗုဒ္ဓဘာသာဝင်တစ်ဦးအဖို့ အမြင့်ဆုံး အမြတ်ဆုံးသော၊ ချမ်းသာသုခကိုခံစား၊ စံစားရရှိစေလိုသော ဆရာကြီး၏စေတနာကို လေးစားကြည်ညိုမိပါသည်။ ထိုစေတနာဖြင့်ရေးဖွဲ့သော "ငါ"ကဗျာနှင့် "ငါငါငါ" ကဗျာနှစ်ပုဒ်ကိုလည်း များစွာနှစ်သက်မြတ်နိုးမိပါသည်။ ။

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား အိန္ဒိယနိုင်ငံအရှေ့ပိုင်း ရေတပ်ကွပ်ကဲမှုဌာနချုပ်မှူးက ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံ

**နေပြည်တော် ဇူလိုင် ၁၃**

အိန္ဒိယနိုင်ငံ၌ ချစ်ကြည်ရေးခရီးရောက်ရှိနေသည့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အဖွဲ့အား ဇူလိုင် ၁၂ ရက် ညပိုင်းတွင် အရှေ့ပိုင်း ရေတပ်ကွပ်ကဲမှုဌာနချုပ် ဌာနချုပ်မှူး Vice Admiral HCS Bisht က ၎င်း၏နေအိမ်၌ ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံသည်။**(ယာပုံ)**

ထို့အတူ အဖွဲ့ဝင်အဖြစ်လိုက်ပါလာသော တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဇနီး ဒေါ်ကြူကြူလှနှင့်အဖွဲ့သည် ဒေသစံတော်ချိန် နံနက် ၉ နာရီခွဲတွင် အရှေ့ပိုင်း ရေတပ်ကွပ်ကဲမှုဌာနချုပ်ရှိ အိန္ဒိယရေတပ်မိသားစုဝင်ဇနီးများ သက်သာချောင်ချိရေးအဖွဲ့ (Navy Wife Warfare Association-NWWA)သို့ သွားရောက်ကာ NWWA က ဆောင်ရွက်နေသော မသန်မစွမ်းကလေးငယ်များ ပြုစုစောင့်ရှောက်ရေးကျောင်းကိုလေ့လာ၍ လှူဒါန်းငွေများ ပေးအပ်သည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သော မြန်မာ့တပ်မတော် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ယနေ့ နံနက်ပိုင်းတွင် ဗီဇာခါပတ်တနမ်မြို့ရှိ ရေတပ်လေ့ကျင့်ရေးသင်တန်းကျောင်းသို့ သွားရောက်လေ့လာကြသည်။

ရှေးဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က သင်တန်းကျောင်း၌ တက်ရောက်နေကြသည့် မြန်မာ့တပ်မတော်(ရေ)မှ အရာရှိ/စစ်သည်များအား တွေ့ဆုံ အမှာစကားပြောကြားပြီး သင်တန်းသားများအတွက် လက်ဆောင်ပစ္စည်းများနှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် ဒေသစံတော်ချိန် မွန်းလွဲ ၁ နာရီတွင် ဗီဇာခါပတ်တနမ်မြို့မှ အိန္ဒိယတပ်မတော် အထူးလေယာဉ်ဖြင့် ထွက်ခွာကြပြီး ညနေပိုင်းတွင် နယူးဒေလီမြို့သို့ရောက်ရှိရာ အိန္ဒိယနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးမောင်ဝေနှင့်ဇနီး၊ အိန္ဒိယတပ်မတော် ရေတပ်ဌာနချုပ်မှ နိုင်ငံတကာဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဌာန လက်ထောက်ရေတပ်ဦးစီးချုပ် Rear Admiral Dhiren Vig နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။ **(သတင်းစဉ်)**



# မစ္စယန်ဟီလီ စစ်တွေမြို့ရှိ ကယ်ဆယ်ရေးစခန်းများသို့ သွားရောက်လေ့လာပြီး ရန်ကုန်မြို့သို့ရောက်ရှိ

**စစ်တွေ ဇူလိုင် ၁၃**

ကုလသမဂ္ဂ၏ မြန်မာနိုင်ငံ လူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ မစ္စယန်ဟီလီနှင့်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် ဘူးသီးတောင်မြို့မှ ရေကြောင်းခရီးဖြင့်ထွက်ခွာခဲ့ရာ စစ်တွေမြို့သို့ နံနက် ၁၀ နာရီတွင် ပြန်လည်ရောက်ရှိသည်။

မစ္စယန်ဟီလီနှင့်အဖွဲ့သည် နံနက်ပိုင်းတွင် စစ်တွေမြို့ အောင်မင်္ဂလာရပ်ကွက်ရှိ မဒ္ဒရာဆာအိစ္စလာမီစာသင်ကျောင်း၌ အောင်မင်္ဂလာရပ်ကွက်ရှိ အစ္စလာမ်ဘာသာဝင်များနှင့် တွေ့ဆုံသည်။

မွန်းလွဲပိုင်းတွင် စစ်တွေမြို့နယ် သက္ကယ်ပြင် ကယ်ဆယ်ရေးစခန်း ရှင်းလင်းဆောင်၌ စခန်းအတွင်းရှိ အစ္စလာမ်ဘာသာဝင်များနှင့် တွေ့ဆုံဆွေးနွေးပြီး သိရှိလိုသည်များကို မေးမြန်းကာ စခန်းအတွင်း လှည့်လည်ကြည့်ရှုသည်။

ထို့နောက် လေကြောင်းခရီးဖြင့် စစ်တွေမြို့မှ ရန်ကုန်မြို့သို့ ပြန်လည်ထွက်ခွာသွားသည်။



**မစ္စယန်ဟီလီနှင့် မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ ဒုတိယဥက္ကဋ္ဌ(၁) ဦးအောင်လှထွန်းတို့ ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။**

ကုလသမဂ္ဂ၏ မြန်မာနိုင်ငံ လူ့အခွင့်အရေး အခြေအနေဆိုင်ရာ အထူးအစီရင်ခံစာ တင်သွင်းသူ မစ္စယန်ဟီလီနှင့် အဖွဲ့သည် ယနေ့ ညနေပိုင်းတွင် ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီသို့ သွားရောက်၍ တာဝန်ရှိသူများနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် မစ္စယန်ဟီလီက မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ၏ ဆောင်ရွက်ချက်များ၊ သတင်းမီဒီယာသမားများ လက်ရှိကြုံတွေ့နေရသည့်အခက်အခဲများ၊ သတင်းမီဒီယာသမားများအပေါ် တရားစွဲဆိုအရေးယူမှု အခြေအနေများနှင့် ပတ်သက်၍ သိရှိလိုသည်များကို မေးမြန်းရာ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ ဒုတိယဥက္ကဋ္ဌ(၁) ဦးအောင်လှထွန်း၊ ဒုတိယဥက္ကဋ္ဌ(၂) ဒေါက်တာ မျိုးသန့်တင်၊ အတွင်းရေးမှူး ဦးသီဟစောနှင့် အဖွဲ့ဝင်များက ရှင်းလင်းဖြေကြားကြသည်။

မစ္စယန်ဟီလီအနေဖြင့် မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီနှင့် ယနေ့ တွေ့ဆုံမှုမှာ တတိယအကြိမ်မြောက်ဖြစ်ကြောင်းသိရသည်။ **(သတင်းစဉ်)**

# ငြိမ်းချမ်းရေးဂီတပွဲတော် သီချင်းဆိုပြိုင်ပွဲအတွက် မြစ်ကြီးနားမြို့တွင် ပဏာမအဆင့်အသံစစ်

**နေပြည်တော် ဇူလိုင် ၁၃**

ငြိမ်းချမ်းရေးဂီတပွဲတော် တေးသီချင်းဆိုပြိုင်ပွဲများကို မြန်မာနိုင်ငံတစ်ဝန်းရှိ မြို့ကြီး ၁၀ မြို့တွင် ကျင်းပမည်ဖြစ်ရာ ယနေ့တွင် ကချင်ပြည်နယ် မြစ်ကြီးနားမြို့၌ ပဏာမအဆင့် အသံစစ်ဆေးခြင်းစတင်ပြုလုပ်ကြောင်း သိရသည်။

ပဏာမအသံစစ်ဆေးခြင်းတွင် အကဲဖြတ် ဒိုင်လူကြီးများအဖြစ် တေးရေးဆရာ အောင်နိုင်စန်း၊ ဂီတအနုပညာရှင် ခင်မြတ်မွန်တို့က ဆောင်ရွက်ကြပြီး ကချင်ပြည်နယ်အတွင်း ခရိုင်နှင့်မြို့နယ်အသီးသီးမှ လျှောက်လွှာတင်သွင်းထားသူ အဆိုဝါသနာရှင် ၂၀၀ ကျော်က လာရောက်သီဆိုပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။

ပဏာမ အသံစစ်ဆေးရာတွင် ဝင်ရောက်ယှဉ်ပြိုင်သူများသည် မိမိတို့စိတ်ကြိုက် တေးသီချင်းများကို တီးလုံးသံမပါဘဲ အသံသက်သက်ဖြင့် သီဆိုယှဉ်ပြိုင်ကြပြီး အသံစစ်ဆေးမှု အောင်မြင်သူများအနေဖြင့် ဇူလိုင် ၁၄ ရက်တွင် ဒုတိယအဆင့် အသံစစ်ဆေးခြင်းအနေဖြင့် တူရိယာတစ်မျိုးမျိုးဖြင့် ကိုယ်တိုင်တီးခတ်၍လည်းကောင်း(သို့မဟုတ်) အခြားသူ၏ တီးခတ်မှုဖြင့်လည်းကောင်း ထပ်မံသီဆိုယှဉ်ပြိုင်သွားကြရမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**



# ပြည်ပမီဒီယာအဖွဲ့များ ဘူးသီးတောင်မြို့တွင် ကြည့်ရှုလေ့လာ

**မောင်တော ဇူလိုင် ၁၃**

ရခိုင်ပြည်နယ် မောင်တောဒေသသို့ သွားရောက်သတင်းရယူရန် စစ်တွေမြို့သို့ ရောက်ရှိနေသည့် ပြည်ပသတင်းမီဒီယာများပါဝင်သည့် သတင်းအဖွဲ့သည် ယနေ့ နံနက်ပိုင်းတွင် ရေယာဉ်ဖြင့်ထွက်ခွာရာ ဘူးသီးတောင်သို့ မွန်းလွဲပိုင်းတွင် ရောက်ရှိကြသည်။

ထို့နောက် ပြည်ပသတင်းမီဒီယာအဖွဲ့များသည် ဘူးသီးတောင်မြို့မှ တောင်ပဇာကျေးရွာသို့ ရေယာဉ်ဖြင့် ဆက်လက်ထွက်ခွာကြပြီး အနီးပတ်ဝန်းကျင်ကျေးရွာများကို လှည့်လည်သတင်းရယူကြသည်။(အပေါ်ပုံ) **(သတင်းစဉ်)**

# ဆီးဂိမ်းပြိုင်ပွဲတွင် မြန်မာဟော်ကီအားကစားအသင်း ငွေတံဆိပ်မျှော်မှန်း

**ရန်ကုန် ဇူလိုင် ၁၃**

မလေးရှားနိုင်ငံတွင်ကျင်းပမည့်(၁၉) ကြိမ်မြောက်ဆီးဂိမ်းပြိုင်ပွဲတွင် မြန်မာ့လက်ရွေးစင် ဟော်ကီအားကစားအသင်းအနေဖြင့် ငွေတံဆိပ်မျှော်မှန်းထားကြောင်း မြန်မာနိုင်ငံဟော်ကီအဖွဲ့ချုပ် အတွင်းရေးမှူး ဦးခင်မောင်လတ်က ပြောသည်။

မြန်မာနိုင်ငံ ဟော်ကီအဖွဲ့ချုပ်အနေဖြင့် ဆီးဂိမ်းပြိုင်ပွဲဝင်မည့် အမျိုးသားလက်ရွေးစင်အသင်းကို မလေးရှားနိုင်ငံတွင်လည်းကောင်း၊ အမျိုးသမီးလက်ရွေးစင်အသင်းကို ထိုင်းနိုင်ငံတွင် လည်းကောင်း သွားရောက် လေ့ကျင့်စေခဲ့ပြီး ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနကလည်း အဘက်ဘက်မှ ထောက်ပံ့ပေးကြောင်း သိရသည်။



ထို့အပြင် ဟော်ကီအားကစားဝါသနာရှင်များ သိမ်ဖြူကွင်းတွင် လာရောက်ကစားနိုင်ပြီး ပစ္စည်း၊ နည်းပြနှင့် နည်းစနစ်နှင့်များကို အခမဲ့ကူညီပေးမည်ဖြစ်သည်။ စာသင်ကျောင်းများတွင် ဝါသနာပါသည့် ကျောင်းသား ကျောင်းသူများကိုလည်း အသင်းအဖွဲ့ များရှိပါက အခမဲ့ လိုက်လံသင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။ **သတင်းနှင့်ဓာတ်ပုံ-ဇာဏီ**



**နှစ်(၇၀)ပြည့် အာဇာနည်နေ့အထိမ်းအမှတ်အကြို အထက်တန်းအဆင့်ကျောင်းတွင်းစာစီစာကုံးပြိုင်ပွဲကို ဇူလိုင် ၁၃ ရက်က နေပြည်တော် ပုဗ္ဗသီရိမြို့နယ် အမှတ်(၁၃)အခြေခံပညာအထက်တန်းကျောင်း၌ပြုလုပ်ရာ ကျောင်းသား ကျောင်းသူ ၂၃ ဦး ဝင်ရောက်ယှဉ်ပြိုင်ကြစဉ်။**

(ရွှေရဲရင့်)

**✱ မြစ်ရေကြီးမှုမှ**

နောက်နှစ်ရက်အတွင်း ကလေးဝမြို့နှင့် မင်းကင်းမြို့တို့တွင် နှစ်ပေခွဲခန့်စီ၊ နောက်သုံးရက်အတွင်း ကနီမြို့တွင် နှစ်ပေခန့်နှင့် မုံရွာမြို့တွင် တစ်ပေခွဲခန့် ဆက်လက်တက်လာနိုင်ကာ ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အသီးသီးအထက် ဆက်လက် တည်ရှိနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်သည်။

**(ကြေးမုံ)**

# ရန်ကုန်တိုင်းဒေသကြီးအတွင်း၌ သွေးလွန်တုပ်ကွေးရောဂါကာကွယ်နှိမ်နင်းရေး ဆောင်ရွက်

**ရန်ကုန် ဇူလိုင် ၁၃**

မိုးရာသီကာလတွင် သွေးလွန်တုပ်ကွေးရောဂါများ ဖြစ်ပွားလျက်ရှိရာ သွေးလွန်တုပ်ကွေးရောဂါကာကွယ်နှိမ်နင်းရေးလုပ်ရှားမှု တစ်ရပ်အနေဖြင့် ဇူလိုင် ၁၂ ရက် နံနက် ၈ နာရီမှ ၁၁ နာရီအထိ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ခရိုင်၊ မြို့နယ်များအလိုက် လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအဖွဲ့အစည်းများမှ စုပေါင်း၍ ကျန်းမာရေးအသိပညာပေး ဟောပြောပွဲများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။



ယခုနှစ် မိုးရာသီမှစ၍ ယနေ့အချိန်အထိ ရန်ကုန်တိုင်းဒေသကြီးအတွင်း သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားမှုကြောင့် အသက်နှစ်လခွဲမှ တစ်ဆယ့်ငါးနှစ်အထိ ကလေး ၁၈ ဦး အသက်ဆုံးရှုံးခဲ့ရကြောင်း ကျန်းမာရေးဦးစီးဌာန၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားမှုနှုန်းတွင် ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်မှ ဒုတိယအများဆုံးဖြစ်ရာ အဆိုပါဖြစ်ပွားမှုနှုန်းနှင့်ပတ်သက်၍ ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးညီညီက "ရန်ကုန်တိုင်းဒေသကြီးတစ်ခုလုံးမှာ တောင်ဒဂုံက ဒုတိယအဆင့်မှာရှိပါတယ်။ ၁၆၀ ကျော် ဖြစ်ပွားတယ်။ ၁၀၂ ယောက်မှာ (၅၄)ရပ်ကွက်တွင် ကလေးတစ်ယောက် ဆုံးပါးသွားတယ်။ ၁၄၀ ဝန်းကျင်လောက်မှာ (၂၂) ရပ်ကွက်တွင် နှစ်လခွဲ သမီးလေးတစ်ယောက် ဆုံးရှုံးသွားတယ်။ ဆုံးရှုံးတယ် ဆိုတာကလည်း သွေးလွန်တုပ်ကွေးဖြစ်နေတာကိုမသိဘဲ နီးစပ်ရာ အဆင်ပြေတဲ့ဆေးတွေသောက်တယ်။ သွေးလွန်တုပ်ကွေးဖြစ်ပြီဆိုရင် နီးစပ်ရာ ဒေသန္တရဆေးပေးခန်းတွေကို အမြန်ဆုံးသွားရမယ်။ ဆေးရုံ၊ ဆေးခန်းတွေကို တင်ရမယ်။ အဲဒီလိုကုသမှသာ အထိရောက်ဆုံးကုသမှုဖြစ်တယ်။ ပြောချင်တာက တောင်ဒဂုံဟာ ဒုတိယအများဆုံးဖြစ်တာဆိုတော့ ကျန်းမာရေးဝန်ထမ်းတွေနဲ့ အရေးပေါ်အစည်းအဝေးခေါ်ပြီး သွေးလွန်တုပ်ကွေးရောဂါကျဆင်းရေး ကော်မတီတစ်ရပ်ကို ဖွဲ့စည်းနိုင်ခဲ့တယ်။ ဌာနဆိုင်ရာတွေ၊ ပြည်သူတွေအားလုံး ပူးပေါင်းပါဝင်ပြီးတော့ အင်နဲ့အားနဲ့ ဆောင်ရွက်ကြတယ်။ ဘယ်အရာမဆို စည်းစည်းလုံးလုံးနဲ့ အားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်ကြမယ်ဆိုရင် အောင်မြင်မှုဆိုတာရရှိမှာပါ"ဟု ပြောသည်။

ဆက်လက်၍ သွေးလွန်တုပ်ကွေးရောဂါကျဆင်းရေးနှင့်ပတ်သက်ပြီး ဒေါက်တာမြမြဝင်း (ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ် မြို့နယ်ကျန်းမာရေးဦးစီးမှူး)ကလည်း "ကျွန်မတို့အနေနဲ့ ကျန်းမာရေးပညာပေးဟောပြောပွဲတွေလုပ်တယ်။ ခြင်ထောင်တွေဆေးစိမ်တယ်။ ပိုးလောက်လမ်းသေစေတဲ့ဆေးတွေ ခတ်တယ်။ ရပ်ကွက်ထဲမှာ ကလေးတွေရှိတဲ့အိမ်တွေက ခြင်ထောင်တွေကို ဆေးစိမ်ပေးတယ်။ (၅၄)ရပ်ကွက်မှာ ခြင်ထောင်အလုံး ၂၀၀ လောက်ကို ဆေးစိမ်ပေးတယ်။ တောင်ဒဂုံက ဒုတိယအများဆုံးဖြစ်ပွားတာဆိုတော့ သွေးလွန်တုပ်ကွေးရောဂါကာကွယ်နှိမ်နင်းရေးကို အရှိန်အဟုန်မြှင့်ဆောင်ရွက်နေပါတယ်။ ပညာပေးအနေနဲ့ကတော့ သွေးလွန်တုပ်ကွေးမဖြစ်ဖို့ ခြင်ကိုနှိမ်နင်းရာမှာ အပိုင်းနှစ်ပိုင်းရှိတယ်။ ခြင်ကနေဥလိုက်တဲ့လောက်လမ်းအဆင့်မှာ နှိမ်နင်းတာနဲ့ ကြီးကောင်ခြင်နှိမ်နင်းတာရှိတယ်။ ကြီးကောင်ခြင်နှိမ်နင်းတာကတော့ နည်းနည်းခက်ခဲတယ်။ အဲဒီတော့ လောက်လမ်းအဆင့်ကို အဓိကထားပြီးလုပ်ရတယ်။ သွေးလွန်တုပ်ကွေးအဖြစ်များတဲ့ ရပ်ကွက်တွေကို အဓိကထားပြီး ဆောင်ရွက်တယ်။ ပြည်သူတွေကိုလည်း ပညာပေးမှုတွေ တစ်ပတ်ကို နှစ်ရက် လုပ်ပေးပါတယ်။ သွေးလွန်တုပ်ကွေးကျဆင်းဖို့ဆိုတာ ပြည်သူလူထုပူးပေါင်းပါဝင်ဖို့က အရေးကြီးပါတယ်။ အဲဒီအတွက် ကျန်းမာရေးအသိရှိဖို့လည်း လိုအပ်ပါတယ်။ သိမှသာလျှင် ပါဝင်နိုင်မှာပါ"ဟု ပြောကြားသည်။

သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားလာပြီဆိုရင် ရောဂါလက္ခဏာများအနေဖြင့် ဖျားနာလာမယ်။ နှစ်ရက်ကနေ သုံးရက်အတွင်း အဖျားတွေကြီးမယ်။ မှိန်းလာမယ်။ ဝမ်းအမည်းတွေ သွားမယ်၊ အန်မယ်၊ အန်တဲ့အခါမှာလည်း ကော်ဖီရောင်တွေ အန်လာမယ်။ အဲဒါမျိုးတွေဆိုရင်တော့ အန္တရာယ်များပါတယ်။ သုံးရက်က ခုနစ်ရက်အတွင်းမှာ အဖျားကျပြီး သွေးလန့်တဲ့လက္ခဏာတွေ ဖြစ်လာပါမယ်။ ဒါကြောင့် ကိုယ့်အိမ်မှာရှိတဲ့ ဘုရားပန်းအိုးတွေ၊ အိမ်တွင်းအိမ်ပြင် ရေအိုး၊ ရေစည်တွေကို သေချာစွာ ဖုံးအုပ်ထားရမယ်။ ရေတွေ လှယ်ရမယ်။ သန့်ရှင်းအောင်လုပ်ပြီး သွေးလွန်တုပ်ကွေးရောဂါကျဆင်းအောင် ဆောင်ရွက်ရမှာဖြစ်ပါတယ်"ဟု ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ကျန်းမာရေးဌာန အရှေ့ပိုင်းခရိုင်မှူး ဒေါက်တာကိုကိုထွန်းက ပြောသည်။

အဆိုပါ သွေးလွန်တုပ်ကွေးရောဂါကာကွယ်နှိမ်နင်းရေး လှုပ်ရှားမှုများကို ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဒလမြို့နယ်(ရန်ကုန်တောင်ပိုင်းခရိုင်)၊ လှိုင်သာယာမြို့နယ်(ရန်ကုန်မြောက်ပိုင်းခရိုင်)၊ အလုံမြို့နယ်(ရန်ကုန်အနောက်ပိုင်းခရိုင်)၊ ဒဂုံတောင်မြို့နယ်(ရန်ကုန်အရှေ့ပိုင်းခရိုင်)တို့တွင် ကျန်းမာရေးအသိပညာပေးလှုပ်ရှားမှုများကို ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**သတင်း-ဇာနည်မောင်၊ အေးမင်းသူ**
**ဓာတ်ပုံ-ခင်မောင်ဝင်း(ကြေးမုံ)**

■

## လမ်းပြောင်းပြန်နှင့် ပြိုင်မောင်း၊ လုမောင်းခြင်း၊ ခရီးသည်အား မချေမငံဆက်ဆံခြင်းများအား ပြင်းထန်စွာ အရေးယူမည်

**ရန်ကုန် ဇူလိုင် ၁၃**

YBS ယာဉ်လိုင်းများတွင် လမ်းပြောင်းပြန်မောင်းနှင်ခြင်း၊ ပြိုင်မောင်းခြင်း၊ လုမောင်းခြင်းနှင့် ခရီးသည်အား မချေမငံဆက်ဆံခြင်းတို့အတွက် ပြင်းထန်စွာ အရေးယူသွားမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေး ကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့ အတွင်းရေးမှူး ဒေါက်တာမောင်အောင်က ပြောသည်။

YBS ယာဉ်လိုင်းများ၏ စည်းကမ်းချိုးဖောက်မှုများကို ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေး ကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့ YRTA နှင့် ယာဉ်ထိန်းရဲတပ်ဖွဲ့တို့ ပါဝင်သည့် အထူးစစ်ဆေးရေးအဖွဲ့ ၁၃ ဖွဲ့ဖြင့် ကြပ်မတ်စစ်ဆေးဆောင်ရွက်သွားမည်ဖြစ်ပြီး ထိရောက်စွာ စစ်ဆေးအရေးယူမှုများကို ဇူလိုင် ၁၂ ရက်က စတင်ကာ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"စည်းကမ်းချက်က ၁၄ ချက်ကို ထုတ်ပြန်ထားပြီး လိုက်နာပါမယ်ဆိုတဲ့ သဘောတူဝန်ခံမှုတွေ ရှိပါတယ်။ အဓိကအားဖြင့်တော့ အချက် ချက်ပေါ့။ လမ်းပြောင်းပြန်မောင်းတာ၊ ပြိုင်မောင်း၊ လုမောင်းတာ၊ ခရီးသည်တွေကို မချေမငံဆက်ဆံတာတွေကိုတော့ ပြင်းပြင်းထန်ထန် အရေးယူပါမယ်။ လိုင်းပိတ်တာ၊ ပြေးဆွဲခွင့်ပိတ်တာ၊ ယာဉ်မောင်း၊ ယာဉ်ပိုင်ရှင်တွေအပြင် အခြားလိုင်းတစ်လိုင်းလုံးနဲ့ အစားထိုးပြေးဆွဲစေတာမျိုးတွေ ဆောင်ရွက်မှာပါ" ဟု ဒေါက်တာမောင်အောင်က ပြောသည်။

လက်ရှိတွင် YBS ယာဉ်လိုင်းများကို နေ့စဉ်ယာဉ်လိုင်းပြေးဆွဲမှုမှ ရရှိသည့် ဝင်ငွေအပေါ် ယာဉ်မောင်း၊ ယာဉ်နောက်လိုက်နှင့် ယာဉ်ပိုင်ရှင်တို့ ပုတ်ပြတ်စနစ်(ကိုယ်ရကိုယ်ယူစနစ်) ခွဲဝေရယူမှုတို့ကို လက်မခံတော့ဘဲ အများပိုင်ကုမ္ပဏီယာဉ်လိုင်းစနစ်ဖြင့် ဆောင်ရွက်ရန် အစိုးရမှ တွန်းအားပေးလျက်ရှိသည်။

YBS ယာဉ်လိုင်းများတွင် ဝင်ရောက်ပြေးဆွဲရန် ပြည်ပမှဝယ်ယူထားသည့် ကားသစ်များလည်း အဆင်သင့်ဖြစ်နေပြီဖြစ်သည့်အတွက် စည်းကမ်းချိုးဖောက်သော ယာဉ်လိုင်းများကို လိုင်းပိတ်သိမ်းခြင်း၊ ရာသက်ပန်လိုင်းမှ ထုတ်ပယ်ခြင်းနှင့် ယာဉ်အသစ်များဖြင့် အစားထိုးပြေးဆွဲခြင်းတို့ကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေး ကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့ထံမှ သိရသည်။

**(ဝဝ၁)**

## ဧရာဝတီတိုင်းဒေသကြီးရှိ ကျေးရွာပေါင်း၇၀ ခန့်တွင် ရှားပါးကြိုးကြာငှက်နှင့် ဇီဝမျိုးစုံမျိုးကွဲများထိန်းသိမ်းရေး ဟောပြောမည်

**ဧရာဝတီ ဇူလိုင် ၁၃**

ဧရာဝတီတိုင်းဒေသကြီး၏ မြို့နယ်လေးမြို့နယ်အတွင်းမှ ကျေးရွာပေါင်း ၇၀ ခန့်တွင် ရှားပါးကြိုးကြာငှက်နှင့် ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းရေး ဟောပြောမှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

ဧရာဝတီတိုင်းဒေသကြီး၏ မအူပင်မြို့နယ်၊ ပန်းတနော်မြို့နယ်၊ ဝါးခယ်မမြို့နယ်နှင့် အိမ်မဲမြို့နယ်စသော မြို့နယ်အတွင်းရှိ ကျေးရွာပေါင်း ၇၀ ခန့်တွင် သစ်တောဦးစီးဌာန မိန်းမလှကျွန်း တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောမှ တာဝန်ရှိသူများ၊ မအူပင်တက္ကသိုလ်၊ စိုက်ပျိုးရေးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် သားငှက်ထိန်းသိမ်းရေးအဖွဲ့ (မြန်မာနိုင်ငံအစီအစဉ်)တို့ ပူးပေါင်း၍ ယင်းဒေသတွင် ပျံ့နှံ့နေထိုင်ကြသောကြိုးကြာငှက်များနှင့် ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းနိုင်ရေး ဟောပြောသွားမည်ဖြစ်ကြောင်း မိန်းမလှကျွန်းတောရိုင်းတိရစ္ဆာန်ဘေးမဲ့တော အုပ်ချုပ်ရေးမှူး ဦးဇော်ထူးအောင်က ပြောသည်။

"သူတို့ကျင်လည်ကျက်စားတဲ့ ကျေးရွာအနီးပတ်ဝန်းကျင်ကို ကျွန်တော်တို့က ထိန်းသိမ်းရေးတွေမှာ သူတို့ကိုယ်တိုင်ပါဝင်လာဖို့ အသိပညာပေးဟောပြောဖို့ ရှိပါတယ်။ ဇီဝမျိုးစုံမျိုးကွဲတွေ ထိန်းသိမ်းကာကွယ်တာနဲ့ ပတ်သက်ပြီး ဒေသခံပြည်သူတွေ အသိပညာတိုးလာအောင် ဘာကြောင့် ကာကွယ်ရတယ်။ ဘယ်လို ဥပဒေတွေနဲ့ ကာကွယ်ထားတယ်။ ဥပဒေအရ ဘယ်လိုကာကွယ်ထားသလဲဆိုရာမှာ သာမန်ကာကွယ်ထားတာလား၊ ရာသီအလိုက်ကာကွယ်ထားသလား၊ လုံးဝကာကွယ်ထားသလား စသဖြင့် ဟောပြောသွားဖို့ ရှိပါတယ်"ဟု ၎င်းက ပြောသည်။

အဆိုပါ ဟောပြောပွဲတွင် ကြိုးကြာငှက်နှင့် ဇီဝမျိုးစုံမျိုးကွဲများ၏ ရှားပါးအရေးပါမှုများ သိရှိနိုင်ရေး၊ အသိုက်ဆောက်လုပ်သောနေရာများကို ပိုမိုသိရှိဖော်ထုတ်နိုင်ရေး၊ ရေရှည်ထိန်းသိမ်းရေးလုပ်ငန်းများတွင် ဒေသခံများ၏ ပူးပေါင်းပါဝင်လာရေး ယခု ကျေးရွာပေါင်း ၇၀ ဟောပြောမှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း၊ ယင်းကျေးရွာများမှာ ကမ္ဘာ့ရှားပါးကြိုးကြာငှက်များ အဓိကပျံ့နှံ့ကျက်စားသောဒေသ၊ အသိုက်ဆောက်လုပ်သောဒေသများဖြစ်ကြောင်း သားငှက်ထိန်းသိမ်းရေးအဖွဲ့ (မြန်မာနိုင်ငံအစီအစဉ်)၊ ဧရာဝတီမြစ်ဝှမ်းဒေသထိန်းသိမ်းရေးတာဝန်ခံ ဦးနိုင်လင်းက ပြောသည်။

သားငှက် ထိန်းသိမ်းရေးအဖွဲ့ (မြန်မာနိုင်ငံအစီအစဉ်)မှ ငှက်ပညာရှင် ဦးသက်ဇော်နိုင်က ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသရှိ ကြိုးကြာငှက်မျိုးစိတ်သည် ကမ္ဘာပေါ်တွင်သာမက မြန်မာနိုင်ငံတွင်လည်း မျိုးသုဉ်းရန် အန္တရာယ်ကျရောက်နိုင်သော မျိုးစိတ်ဖြစ်ပြီး ယခုအချိန်တွင် ကြိုးကြာငှက်များသည် အကောင်ရေ ၂၀၀ မှ ၄၀၀ အတွင်းသာကျန်ရှိတော့ပြီး တစ်နိုင်ငံလုံးတွင် အကောင်ရေမှာ ၅၀၀ ခန့်ပင် ကျန်ရှိတော့ကြောင်း ပြောသည်။

ကြိုးကြာငှက်များသည် ၁၉၉၄ ခုနှစ် တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ ကာကွယ်ရေးနှင့် သဘာဝနယ်မြေများ ထိန်းသိမ်းရေးဥပဒေအရ လုံးဝကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်များစာရင်းတွင် ပါဝင်ကြောင်း သိရသည်။

**ညီထူး**



### သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီအစည်းအဝေး အောင်လံ၌ကျင်းပ

**အောင်လံ ဇူလိုင် ၁၃**။ ။ အောင်လံမြို့၌ ဧရာဝတီမြစ်ရေသည် စိုးရိမ်ရေမှတ် ၂၅၅၀ စင်တီမီတာတွင် ၂၄၁၁ စင်တီမီတာသို့ရောက်ရှိနေသဖြင့် ရေဘေးကြိုတင်ကာကွယ်ရေးအစီအမံများချမှတ်နိုင်ရေးအတွက် သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီအစည်းအဝေးကို ယနေ့ နံနက်ပိုင်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ကော်မတီဥက္ကဋ္ဌ ဦးကျော်ခိုင်ထွန်းက အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် မိုးလေဝသနှင့်ဇလဗေဒ မြို့နယ်တာဝန်ခံ ဦးအောင်အောင်က ဧရာဝတီမြစ်ရေ၏ လက်ရှိအခြေအနေကို ဆွေးနွေးတင်ပြခဲ့ကြပြီး တာဝန်ရှိသူများက ကဏ္ဍအလိုက် ညှိနှိုင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **သိန်းလွင်(အောင်လံ)**

**သစ်ပင်စိုက်လျှင် တို့ဝန်းကျင်**
**စိမ်းစိုလှပ ကြည်နူးရ၏။**

# မြို့တွင်းပတ် ၅၈ ယာဉ်လိုင်းတွင် ယာဉ်အသစ်များဖြင့် ပြောင်းလဲပြေးဆွဲမည်




**ရန်ကုန် ဇူလိုင် ၁၃**
မြို့တွင်းပတ် ယာဉ်လိုင်းသုံးလိုင်းတွင် မည်သည့်နေရာသို့စီးစီး ကားခကျပ် ၁၀၀ နှုန်းဖြင့် ပြေးဆွဲနေရာ ကမ်းနားလမ်းမှ မြို့တွင်းအသွား အနော်ရထာလမ်းမှမြို့တွင်းမှအထွက်လိုင်းကား ယာဉ်လိုင်းနံပါတ် ၅၈ တွင် ယာဉ်အသစ်များဖြင့် ပြောင်းလဲပြေးဆွဲရန် ပြင်ဆင်စီစဉ်နေသည်ဟု သိရသည်။

၂၀၁၇ ဇန်နဝါရီ ၁၆ ရက်မှ စတင်ပြောင်းလဲခဲ့သော ယာဉ်လိုင်းစနစ်သစ်တွင် မြို့တွင်းပတ် ယာဉ်လိုင်းသုံးလိုင်းဖြင့် မြို့ပြင်မှလာပြီး သခင်မြပန်းခြံ၊ မော်တင်၊ ဆူးလေ၊ ဗိုလ်တထောင်စသည့် ဂိတ်ဖျားခရီးစဉ်ဆုံးသည့် ယာဉ်လိုင်းများနှင့် ချိတ်ဆက်စီးနင်းရန်ပြေးဆွဲ နေဆဲဖြစ်သည်။

ကမ်းနားလမ်း အနော်ရထာလမ်းကြောင်းသွား ယာဉ်လိုင်း ၅၈ တွင် စတင်ပြေးဆွဲချိန်ကတည်းက ဝါစိမ်းနီဟု ခေါ်ဝေါ်ပြောဆိုနေသောယာဉ်ကြီးများဖြင့် ပြေးဆွဲခဲ့ပြီး မီနီဘတ်ယာဉ်ငယ်များပါ ဝင်ရောက်ပြေးဆွဲသည်။ မေ ၂၅ ရက်မှစ၍ မြို့တွင်းပတ် ယာဉ်လိုင်းသုံးလိုင်းစလုံးတွင် မီနီဘတ်ယာဉ်ငယ်များ ပြေးဆွဲခွင့်မပြုဘဲ ယာဉ်ကြီးများဖြင့်သာ ပြေးဆွဲခြင်းရှိလာသည်။ ဗိုလ်ချုပ်လမ်းမှ မြို့တွင်းအဝင် ကုန်သည်လမ်း၊ ကမ်းနားလမ်းမှအထွက် မြို့တွင်းပတ် ယာဉ်လိုင်းနံပါတ် ၅၆ တွင်လည်း ယာဉ်အသစ်များဖြင့် ပြောင်းလဲပြေးဆွဲခြင်းကို မေ ၂၅ ရက်မှစ၍ မြင်တွေ့လာရသည်။

ယခုမကြာမီ ယာဉ်အသစ်များဖြင့် ယာဉ်လိုင်းတစ်လိုင်းလုံး ပြောင်းလဲပြေးဆွဲခြင်းသည် ဒုတိယမြောက်ဖြစ်လာမည်။ ယာဉ်အသစ်များဖြင့် ပြေးဆွဲလာရာတွင် ယာဉ်မောင်းတစ်ဦးတည်းသာပါပြီး ခရီးသည်ကိုယ်တိုင်ငွေပုံးအတွင်း ကားခကိုယ်တိုင်ထည့် ရှေ့ပေါက်တက် နောက် ပေါက်ဆင်းစနစ်ဖြင့်ပြေးဆွဲပြီး လေအေးပေးစက်ဖွင့်ပေးထားသည်။

မြို့တွင်းပတ် ယာဉ်လိုင်းသုံးလိုင်းအနက် မြို့ပြင်မှလာသောယာဉ်လိုင်းအချို့ဂိတ်ဆုံး၍ မြို့တွင်းသို့ ကားပြောင်းစီးနေရသည့် မဟာဗန္ဓုလလမ်း မော်တင်မှတ်တိုင်ဖြတ် မဟာဗန္ဓုလလမ်းအတိုင်းသွား ကမ်းနားလမ်းမှအပြန် ယာဉ်လိုင်းနံပါတ် ၅၇ တစ်လိုင်းသာ ပုံစံတူယာဉ်အသစ်များဖြင့် ပြောင်းလဲရန်ကျန်ရှိသည်။ ခရီးစဉ်တစ်ပတ်ကြာမြင့်ချိန်မှာ တစ်နာရီခွဲဝန်းကျင်သာရှိသဖြင့် ယာဉ်အရေအတွက်မှာ အစီးရေ ၄၀ ဝန်းကျင်သာ လိုအပ်သည်။

သို့သော် ကြုံတွေ့ခဲ့ရသည့်ဖြစ်စဉ်အချို့အရ ရပ်စီးခရီးသည်ပိုမိုတင်ဆောင်၍ ကားခဝင်ငွေတိုးမြင့်ရရှိရေးအတွက် ထိုင်ခုံအရေအတွက် လျှော့ထားခြင်းမျိုး ခရီးသည်များ ကြုံတွေ့ခဲ့ရပြီးဖြစ်သည်။ ယာဉ်အတွင်း ရပ်စီးခရီးသည် နည်းချိန် ခရီးသည်အချို့ ယာဉ်ကြမ်းပြင်အထက်များတွင် ထိုင်စီးနေရသည့်မြင်ကွင်းအချို့ လူမှုကွန်ရက်မီဒီယာတွင် မြင်တွေ့ခဲ့ရသည်။

စီးပွားရေးမဆန်ဘဲ အများပြည်သူ သွားလာမှုလွယ်ကူအောင် လုပ်ဆောင်ရန် ရည်မှန်းထားသဖြင့် အကျိုးအမြတ်ရရှိရန် မျှော်လင့်မထားကြောင်း၊ အရှုံးပင်ရှိနိုင်၍လက်ရှိအချိန်ကာလ အကျိုးအမြတ်များရရှိနေသော ရန်ကုန်မြို့တွင်း စက်သုံးဆီဖြန့်ဖြူးရောင်းချရေးလုပ်ငန်းကို လုပ်ကိုင်ရန် ရည်မှန်းထားခြင်းများပင်ရှိသည်ဟု မီဒီယာများတွင် ၂၀၁၇ နှစ်ဦးဝန်းကျင်ကာလများအတွင်းက ဖော်ပြခဲ့သည်။

ကားခကိုယ်တိုင်ထည့် စနစ်တွင် မသမာမှုများကို ယာဉ်ပေါ်ပါ CCTV ကင်မရာမှတ်တမ်းများဖြင့် တိုက်ဆိုင်စစ်ဆေးနိုင်သည်။ ထိုင်ခုံအများအပြားပါရှိပြီး ရပ်စီးခရီးသည်များ ယခုကဲ့သို့မများရန် ယာဉ်များစီစစ်တိုးလွှတ်ပေးခြင်းနှင့်အတူ စောင့်ကြည့်ကင်မရာ မှတ်တမ်းများကြောင့် ယာဉ်ပေါ် အလစ်သုတ်ခံနေရသည့် ဖြစ်စဉ်များ လျော့ကျသွားလာနိုင်မည်။

ယာဉ်အသစ်များဖြင့် ပြောင်းလဲပြေးဆွဲပေးခြင်းနှင့်အတူ ယာဉ်မောင်း၊ ခရီးသည် လမ်းကြောင်းနှင့် ဂိတ်ရင်း၊ ဂိတ်ဖျားတို့ရှိ ယာဉ်လိုင်းဆိုင်ရာ ဝန်ထမ်းများပါ အတူတကွစည်းကမ်းထိန်းသိမ်းရေးအပိုင်းကို အလေးထားလုပ်ဆောင်လာပါလျှင် မျှော်လင့်နေသော မြို့တွင်းခရီးသည်တင်ယာဉ်လိုင်းများ၏ ဝန်ဆောင်မှုကောင်းများ ကြုံလာနိုင်သည်ဟု ယာဉ်လိုင်းများ နေ့စဉ်စီး၍ အလုပ်ဆင်းနေရသူ လှိုင်သာယာ အောင်ဇေယျကြိုးတံတားအနီးနေ ကိုကျော်ကျော်နိုင်က ပြောဆိုသည်။

အလုပ်သွား၊ အလုပ်ပြန်ယာဉ်စီးသူများချိန် ယာဉ်စီးရေပိုမိုလွှတ်ပေးခြင်း၊ မှတ်တိုင်များတွင် ခရီးသည်စောင့်တင်ခြင်းမျိုး မပြုလုပ်စေရန် ကြပ်မတ်ပေးရမည်ဖြစ်သည်။ ခရီးသည်တင် ယာဉ်လိုင်းများတွင် တွေ့ကြုံနေရသော မပြေလည်မှုများသည် ယာဉ်စီးရေနှင့်ခရီးသည် မမျှတခြင်းအပေါ် အခြေခံ၍ဖြစ်နေခြင်းအပြင် ကိုယ်ရကိုယ်ယူစနစ် ဆက်လက် ကျင့်သုံးနေခြင်း၊ ထိရောက်သော စည်းကမ်းထိန်းသိမ်းမှု အားနည်းခြင်းများသည်လည်း ယာဉ်လိုင်းအများစုတွင် မပြေလည် မကျေလည်သည့်ဖြစ်စဉ်အချို့ ဖြစ်ပေါ်ရခြင်းအကြောင်း ရင်းသဖွယ်ဖြစ်နေသည်ဟု ခရီးသွားများက ပြောဆိုသည်။

ယခုလက်ရှိ ၅၈ ယာဉ်လိုင်းတွင်ပြေးဆွဲနေသော ယာဉ်ကြီးများအား ယာဉ်လိုင်း နံပါတ် ၇ တွင် ထည့်သွင်းပြေးဆွဲမည်ဟု ယာဉ်လိုင်းကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးက ပြောကြားထားသည်။ သို့ဖြစ်ရာ လက်ရှိ ၅၈ ယာဉ်လိုင်းမှ ယာဉ်ကြီးအချို့တွင် ယာဉ်နောက်ပိုင်းတံဆိပ်များ နဖူးစည်းမှ ဖြုတ်ထားသည်ကို မြင်တွေ့လာရသည်ဟု စံပြရုပ်ရှင်ရုံအနီး စျေးရောင်းချနေသူ တာမွေနေ ကိုဝင်းထိုက်က ဆိုသည်။

**မောင်စေအောင်**

# ယခုဘဏ္ဍာရေးနှစ် ဇူလိုင်လလယ်အထိ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အမေရိကန်ဒေါ်လာ သုံးဘီလီယံကျော်ရှိလာ

**ရန်ကုန် ဇူလိုင် ၁၃**
ယခု ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ဇူလိုင်လလယ်အထိ ဘဏ္ဍာနှစ် သုံးလကျော်ကာလအတွင်း မြန်မာနိုင်ငံတွင် စုစုပေါင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ သုံးဘီလီယံကျော်ရှိလာကြောင်း မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်က သိရသည်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွက် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ခွင့်ပြုပေးခဲ့မှုမှာ ဇူလိုင်လလယ်အထိ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ၉၃ ခု၊ ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ ၂၇၆၈ ဒသမ ၅၂၅ သန်းဖြစ်ပြီး ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ခြင်းအပါအဝင် စုစုပေါင်းရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိဒေါ်လာ ၂၉၈၉ ဒသမ ၈၁၃ စီးဝင်ခြင်းဖြစ်သည်။ ယင်းအပြင် အထူးစီးပွားရေးဇုန်ဥပဒေအရ သီလဝါအထူးစီးပွားရေးဇုန်တွင် ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ ၁၂၇ ဒသမ ၄၈၀ သန်း ခွင့်ပြုခဲ့ခြင်းဖြစ်သဖြင့် စုစုပေါင်း ရင်းနှီးမြှုပ်နှံမှုပမာဏမှာ အမေရိကန်ဒေါ်လာ ၃၁၁၇ ဒသမ ၂၉၃ သန်း (သုံးဘီလီယံကျော်) စီးဝင်ခဲ့ခြင်းဖြစ်ကြောင်း မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်က ယမန်နေ့ပြုလုပ်ခဲ့သော သတင်းစာရှင်းလင်းပွဲတွင် တရားဝင်ထုတ်ပြန်ခဲ့သည်။

မြန်မာနိုင်ငံ၏ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကဏ္ဍတွင် အများဆုံး ရင်းနှီးမြှုပ်နှံထားမှုမှာ စင်ကာပူနိုင်ငံမှဖြစ်ပြီး အမေရိကန်ဒေါ်လာ ၁၀၉၁ ဒသမ ၇၁ သန်း၊ ဒုတိယအများဆုံး ရင်းနှီးမြှုပ်နှံထားမှုမှာ တရုတ်နိုင်ငံဖြစ်ပြီး အမေရိကန်ဒေါ်လာ ၅၃၀ သန်းကျော်၊ တတိယအများဆုံး ရင်းနှီးမြှုပ်နှံထားမှုမှာ နယ်သာလန်နိုင်ငံဖြစ်ပြီး အမေရိကန်ဒေါ်လာ ၅၁၈ ဒသမ ၁၀၇ သန်းဖြစ်ကြောင်း သိရသည်။ အများဆုံး ရင်းနှီးမြှုပ်နှံထားသည့်ကဏ္ဍမှာ စက်မှုလုပ်ငန်းဖြစ်ပြီး ဒုတိယအများဆုံး ရင်းနှီးမြှုပ်နှံထားသည့်လုပ်ငန်းမှာ အိမ်ရာအဆောက်အအုံလုပ်ငန်းဖြစ်ကာ တတိယအများဆုံးမှာ ဝန်ဆောင်မှုလုပ်ငန်းများဖြစ်ကြောင်း မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်က သိရသည်။

"ဒီဘဏ္ဍာနှစ်ရဲ့ သုံးလကျော် ကာလမှာကိုပဲ ရင်းနှီးမြှုပ်နှံမှုပမာဏက အမေရိကန်ဒေါ်လာ သုံးဘီလီယံကျော်သွားပါပြီ။ လျာထားချက်က ခြောက်ဘီလီယံဖြစ်ပေမယ့် အခုမှ သုံးလတာကာလရှိသေးတယ်ဆိုတော့ လျာထားချက်ကို ကျော်လွန်ပြီး အလားအလာကောင်းနိုင်မယ်လို့ ယူဆပါတယ်။ ဒီနှစ်က ပုံမှန်အတိုင်း ရင်းနှီးမြှုပ်နှံမှုက စီးဝင်နေပြီးတော့ မနှစ်က အနေအထားထက် ကျော်လွန်တယ်လို့ ပြောလို့ရပါတယ်။ ရင်းနှီးမြှုပ်နှံမှုဝင်ရောက်တာ နည်းတယ်လို့ ပြောလို့မရပါဘူး။ အများကြီးလာမယ် မျှော်လင့်ထားလို့သာ နည်းတယ်လို့ထင်နေရတာပါ"ဟု မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ယင်းအပြင် ယခုဘဏ္ဍာနှစ်အတွင်း မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှု ခွင့်ပြုပေးခဲ့မှုမှာ ယခုနှစ်ဇူလိုင်လလယ်အထိ လုပ်ငန်း ၃၃ ခု၊ အမေရိကန်ဒေါ်လာ ၃၉၆ ဒသမ ၈၇၃ သန်း အပါအဝင် ငွေကျပ် ၈၃၉၁၈၀ ဒသမ ၀၂၃ သန်းဖြစ်ကြောင်း သိရသည်။ ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ခြင်းအပါအဝင် စုစုပေါင်း ရင်းနှီးမြှုပ်နှံမှုပမာဏ ကျပ် ၈၃၉၂၉၃ ဒသမ ၄၂၃ သန်း စီးဝင်ခြင်းဖြစ်ကြောင်း သိရသည်။

ဇူလိုင် ၁၁ ရက်က မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင် အစည်းအဝေး ၁၀/၂၀၁၇ ကို ပြုလုပ်ခဲ့ပြီး ယင်းအစည်းအဝေးပွဲတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ၂၇ ခု ခွင့်ပြုပေးခဲ့ပြီး ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ ၉၁၆ ဒသမ ၅၉၃ သန်းနှင့် ပြည်တွင်းလုပ်သားများအတွက် အလုပ်အကိုင်အခွင့်အလမ်းပေါင်း ၇၁၅၅ ခုကို ဖန်တီးပေးနိုင်ခဲ့ကြောင်း မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ သိရသည်။ အဆိုပါ ခွင့်ပြုလုပ်ငန်း ၂၇ ခုမှာ စက်မှုကဏ္ဍလုပ်ငန်း ၁၄ ခု၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးကဏ္ဍ နှစ်ခု၊ မွေးမြူရေးနှင့် ရေလုပ်ငန်းတစ်ခု၊ အခြားဝန်ဆောင်မှုလုပ်ငန်း ခုနစ်ခု၊ အိမ်ရာအဆောက်အအုံ တည်ဆောက်မှုဖွံ့ဖြိုးမှုကဏ္ဍနှစ်ခုနှင့် စိုက်ပျိုးရေးကဏ္ဍလုပ်ငန်းတစ်ခုတို့ကို ခွင့်ပြုပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ဆုနှင်းလှဲ့**

# ရေးမြို့နယ် အအေးခန်းစက်ရုံ ငါးကုန်ချောထုတ်လုပ်မှု ကျဆင်း

**ရေး ဇူလိုင် ၁၃**
မွန်ပြည်နယ် ရေးမြို့နယ် အစင်စံပြကျေးရွာရှိ အအေးခန်းစက်ရုံမှတစ်ဆင့် ငါးကုန်ကြမ်းမှ ကုန်ချောထုတ်လုပ်မှုမှာ ယခင်နှစ်ထက်ထုတ်လုပ်တင်ပို့မှု ကျဆင်းလာနေလျက်ရှိကြောင်း သိရသည်။

"အအေးခန်းစက်ရုံတွေမှာ ဒီနှစ်ကတော့ မနှစ်ကလို ငါးမရတာရယ်၊ မုန်တိုင်းဒဏ်ခံရတာရယ် လှေဝင်လှေထွက်နည်းလာတဲ့အပြင် အအေးခန်းစက်ရုံ သုံးရုံမှ လုပ်သားအင်အား ၃၅၀ လောက်နဲ့ စရိတ်တွေနဲ့အရှုံးပေါ်နေတဲ့အပြင် ငါးကုန်ချောထုတ်လုပ်မှုပါ ကျဆင်းလာနေတယ်" ဟု သံလွင်အေး အအေးခန်းမှအုပ်ချုပ်မှုတာဝန်ခံ ဦးကျော်မောင်က ပြောသည်။

၂၀၁၇ -၂၀၁၈ ခုနှစ်အတွင်း အအေးခန်းစက်ရုံ သုံးရုံမှ ငါးကုန်ချော ပြည်တွင်းတင်ပို့မှုမှာ ဧပြီ၊ မေ၊ ဇွန်လတို့တွင် ၁၅၂၇၄၄၁ ကီလိုဂရမ်ဖြစ်ပြီး ပြီးခဲ့သည့်နှစ် အလားတူကာလတွင် ၁၉၇၇၅၇၄ ကီလိုဂရမ်ရှိခဲ့ရာ ယခင်နှစ်ထက် ၄၅၀၁၃၃ ကီလိုဂရမ် ကျဆင်းခဲ့ကြောင်း မြို့နယ်ငါးလုပ်ငန်းဦးစီးဌာန မှတ်တမ်းများအရ သိရသည်။

"အခုလို ငါးကုန်ကြမ်းရရှိမှု ကျဆင်းလာရတာက ရာသီဥတုကလည်း မမှန်ဘူး။ ငါးဖမ်းရာသီပိတ်သိမ်းထားကာ ငါးဖမ်းလှေဖမ်းဆီးခွင့်ပြုတဲ့ ရာခိုင်နှုန်းက ပြီးခဲ့တဲ့နှစ် ၄၀ ရာခိုင်နှုန်းဖြစ်ခဲ့သော်လည်း ယခုနှစ်က ၃၀ရာခိုင်နှုန်းအထိ လျှော့ချထားခြင်းကြောင့် ဖြစ်ပါတယ်" ဟု ငါးလုပ်ငန်းဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်ကုန်တွင် တရားဝင်မှတ်ပုံတင်ထားသူ ရေလုပ်သားပေါင်း လေးထောင်ကျော်ခန့်ရှိကာ ၂၀၁၇ -၂၀၁၈ ခုနှစ် ပထမသုံး လပတ်အတွင်းမှာ တရားဝင် ရေလုပ်သား ၈၅၀ အထိလက်ရှိမှတ်ပုံတင်ထားပြီးဖြစ်၍ကမ်းနီးငါးဖမ်းလှေ ၃၇၂ စင်းရှိကာ ကမ်းဝေးငါးဖမ်းလှေ ၁၉၉ စင်းရှိနေကြောင်း သိရသည်။

**ထွန်းထွန်း(ရေး)**



# အမြန်လမ်းမကြီးတွင် လိုက်ထရပ်ယာဉ် တိမ်းမှောက်၊ လူတစ်ဦးသေဆုံး

**ရန်ကုန် ဇူလိုင် ၁၃**

ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး လှည်းကူးမြို့နယ် အမှတ်(၃) အမြန်လမ်းမကြီး နယ်မြေရဲစခန်းအပိုင်တွင် လိုက်ထရပ်ယာဉ်တစ်စီး အရှိန်လွန်တိမ်းမှောက်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇူလိုင် ၁၃ ရက် နံနက် ၁၁ နာရီခွဲခန့်က ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး မိုင်တိုင်အမှတ် (၁၆/၄)နှင့် (၁၆/၅)အကြားတွင် နေပြည်တော်မှ ရန်ကုန်သို့ ယာဉ်မောင်းအောင်ငြိမ်းကြွယ် (၂၉) နှစ် ရွှေပေါက်ကံလမ်း မြောက်ဥက္ကလာမြို့နယ်နေသူ မောင်းနှင်လာသောယာဉ်သည် ဝဲဘက်ရှေ့ဘီးပေါက်ကာ အရှိန်မထိန်းနိုင်ဘဲ လမ်းလယ်ကျွန်းအား ကာရံထားသော အလူမီနီယံတန်းအား တိုက်မိခဲ့ရာ ယာဉ်ပေါ်တွင် လိုက်ပါစီးနင်းလာသော သံဃာတစ်ပါး၊ အမျိုးသားငါးဦး၊ အမျိုးသမီး လေးဦးအနက် ဒေါ်ခင်အေး (၅၃)နှစ် လာတပုံကျေးရွာ တွံတေးမြို့နယ်နေသူမှာ ဦးခေါင်းကွဲကြေနှင့် အခြားဒဏ်ရာများရရှိကာ အခင်းဖြစ်နေရာတွင် သေဆုံးခဲ့ပြီး သံဃာတစ်ပါး၊ ယာဉ်မောင်းအပါဝင် အမျိုးသားငါးဦး၊ အမျိုးသမီးလေးဦးမှာ ထိခိုက်ဒဏ်ရာများရရှိကာ လှည်းကူးဆေးရုံသို့ တင်ပို့ထားရကြောင်း သိရသည်။

"အမျိုးသမီးတစ်ဦးက ဆုံးသွားပါတယ်။ ယာဉ်မောင်းက သတိလစ်နေတယ်။ ကားပေါ်မှာ သံဃာတစ်ပါးလည်းပါတယ်။ ကိုးနှစ်သားကလေး



နှစ်ယောက်ရယ်နဲ့ နှစ်နှစ်သားလေးလည်းပါတယ်။ ခုက ဆေးရုံမှာပါ"ဟု အခင်းဖြစ်နေရာအနီးတွင် မြင်တွေ့ခဲ့သူတစ်ဦးက ပြောသည်။

**ဖြိုးကိုလင်း(ညောင်ဝိုင်း)**

# ဘူးသီးတောင်မြို့နယ်၌ လူသတ်တရားခံသုံးဦး ဖမ်းဆီးရမိ

**နေပြည်တော် ဇူလိုင် ၁၃**

ဘူးသီးတောင်မြို့နယ် ယင်းမချောင်းတောင်ရွာထိပ်၌ ဇူလိုင် ၃ ရက်က ရွာသားနှစ်ဦးအား အမည်မသိ လူ ၁၀ ဦးခန့်က ဓားဖြင့် ထိုးသတ်ခဲ့သည့် ဖြစ်စဉ်၌ ပါဝင်ခဲ့သူ သုံးဦးအား လုံခြုံရေးတပ်ဖွဲ့ဝင်များက ဇူလိုင် ၉ ရက်နှင့် ၁၁ ရက်တို့တွင် ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ဇူလိုင် ၃ ရက်က ဖြစ်ပွားခဲ့သည့် လူသတ်မှု ဖြစ်စဉ်နှင့်ပတ်သက်၍ စုံစမ်းစစ်ဆေးခဲ့ရာ ယင်းဖြစ်စဉ်တွင် ပါဝင်သတ်ဖြတ်ခဲ့သူများဖြစ်ကြသည့် ယင်းမချောင်းတောင်(တောင်ပိုင်း)ရွာနေ ဆွေယော့ ဒူရာမာန်နှင့် ဟာရုန်းတို့နှစ်ဦးအား ဇူလိုင် ၉ ရက် ညနေပိုင်းတွင်လည်းကောင်း၊ ယင်းမချောင်းတောင်(တောင်ပိုင်း)ရွာနေ အဒူရော်ဇော်အား ဇူလိုင် ၁၁ ရက် ညနေပိုင်းတွင်လည်းကောင်း ဖမ်းဆီးရမိခဲ့ခြင်းဖြစ်သည်။

အဆိုပါဖမ်းဆီးရမိတရားခံများအား တောင်ဘဇာနယ်မြေရဲစခန်း၌ အမှုဖွင့်စစ်ဆေးလျက်ရှိပြီး ကျန်ရှိသောတရားခံများ ဆက်လက်ဖမ်းဆီးရမိရေး စုံစမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(သတင်းစဉ်)**

# ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းများတွင် တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေး ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဇူလိုင် ၁၃**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့အား ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ဖွဲ့စည်း စစ်ဆေးဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၁၂ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၅၆၈ စီး၊ သွင်းကုန် ၅၇၅ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၅၄ စီး၊ သွင်းကုန် ၁၆၇ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါစစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၁၂ ရက်တွင် မူဆယ်မှ မန္တလေးသို့ သွားရောက်မည့် Nissan AD Van အငှားယာဉ်အား ရေပူ အမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့မှ တားဆီးစစ်ဆေးခဲ့ရာ တရားဝင်စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်း



မရှိသော တရုတ်နိုင်ငံထုတ် မုန့်မျိုးစုံနှင့် အနံ့ရည်များ**(အပေါ်ပုံ)** ခန့်မှန်းတန်ဖိုး ကျပ် သုည ဒသမ ၇ သန်းခန့်အား တွေ့ရှိ၍ သိမ်းဆည်းခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# မောင်တောမြို့နယ်၌ ဓားကိုယ်စီကိုင်ဆောင်ထားသည့် မသင်္ကာသူနှစ်ဦး ဖမ်းဆီးရမိ

**နေပြည်တော် ဇူလိုင် ၁၃**

ရခိုင်ပြည်နယ် မောင်တောမြို့နယ်တွင် ယမန်နေ့ ညပိုင်းက လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ဓားကိုယ်စီကိုင်ဆောင်ထားသည့် မသင်္ကာသူနှစ်ဦးကို ဖမ်းဆီးရမိခဲ့သည်။

မောင်တောမြို့နယ် နယ်မြေ(၆)တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် လှည့်ကင်းဆောင်ရွက်စဉ် ယမန်နေ့ ည ၈ နာရီ မိနစ် ၂၀ ခန့်က ရွှေဇားအလယ်ရွာ လမ်းမပေါ်၌ အရိုးအသွား ၁၇ လက်မရှိသော ဓားဦးချွန်ကိုင်ဆောင်ထားသည့် အဲလ်ဖမ်နှင့် အရိုးအသွား ခုနစ်လက်မခွဲရှိသော ဓားဦးချွန်ခေါက်ဓား ကိုင်ဆောင်ထားသည့် အဲလ်ကရမ်တို့အား ဖမ်းဆီးရမိခဲ့ပြီး ပြင်ဖြူနယ်မြေစခန်းက စစ်ဆေးလျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ပြည်မြို့တွင် ဆေးခြောက်များ သိမ်းဆည်းရမိ

**ပြည် ဇူလိုင် ၁၃**

ပဲခူးတိုင်းဒေသကြီး ပြည်မြို့ အမှတ်(၁) ရဲစခန်းနယ်မြေအတွင်း ဇူလိုင် ၁၂ ရက် ညနေ ၅ နာရီခန့်က မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိကြောင်း သိရသည်။

ဖြစ်စဉ်မှာ ပြည်မြို့နယ် အမှတ်(၁) နယ်မြေရဲစခန်းမြောက်ဘက် မူးယစ်တပ်ဖွဲ့စုမှ ပြည်မြို့ နဝင်းရပ်ကွက် တိုးချဲ့ကွက်သစ် တာရိုးပေါ်တွင် မူးယစ်ဆေးဝါးသတင်းအရ စောင့်ဆိုင်းနေစဉ် ပြည်မြို့တွင်းဘက်မှ နဝင်းရပ်ကွက်အတွင်းသို့ တာရိုးလမ်းအတိုင်း မောင်းနှင်လာသော ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးခဲ့ရာ ကျော်မိုးအောင်(ခ)မင်းသူ (ခ)ခင်ဆယ်(၄၂)နှစ် ပြည်မြို့နယ် ထန်းပေါက်အုပ်စု တောင်ကုန်းကျေးရွာနေသူဖြစ်ကြောင်း သိရှိရပြီး ဆိုင်ကယ်ရှေ့ခွကြားတွင် ပလတ်စတစ်အနက်ရောင်ဖြင့် ထုပ်ပိုးထားသော ဆေးခြောက်ဟု ယူဆရသည့် အရွက်ခြောက် ၇၀၀ ဂရမ်ပါ တစ်ထုပ်အား ရှာဖွေတွေ့ရှိခဲ့ပြီး ၎င်း၏ နေအိမ်အနောက်ဘက်ရှိ ဝက်ခြံထပ်ခိုးပေါ်တွင် ရောင်စုံပလတ်စတစ်လက်ဆွဲခြင်းတောင်းဖြင့် ထည့်ထားသော ဆေးခြောက်ဟု ယူဆရသည့် ၇၀၀ ဂရမ်ပါ တစ်ထုပ်နှင့် ၄၀၀ ဂရမ်ပါ တစ်ထုပ်တို့အား ထပ်မံ စစ်ဆေးတွေ့ရှိသဖြင့် သက်သေများရှေ့တွင် သိမ်းဆည်းခဲ့ကြောင်း သိရ သည်။

**မျိုးရန်ပိုင်ဝင်း(ပြည်)**

# ဓားထိုးမှုကျူးလွန်သူ လူငယ်ငါးဦးကို နာရီပိုင်းအတွင်း ဖော်ထုတ်ဖမ်းဆီး

**မြစ်ကြီးနား ဇူလိုင် ၁၃**

မြစ်ကြီးနားမြို့ စိမ်းမြဲရောပန်းခြံတွင် ဖြစ်ပွားခဲ့သည့် ဓားထိုးမှုကျူးလွန်ခဲ့သည့် လူငယ် ငါးဦးကို ၂၄ နာရီအတွင်း စုံစမ်းဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့ကြောင်း မြစ်ကြီးနား ခရိုင်ရဲတပ်ဖွဲ့မှူးရုံးမှ သိရသည်။

"ကျူးလွန်သူ တရားခံများနှင့်အတူ ဖမ်းမိတဲ့အချိန်မှာ သက်သေခံပစ္စည်းတွေနဲ့ သေဆုံးသူရဲ့ ဆိုင်ကယ်ကို ဖော်ထုတ်နိုင်ခဲ့တယ်"ဟု မြစ်ကြီးနား ခရိုင်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးသိန်းနိုင်က ပြောသည်။

ဇူလိုင် ၁၁ ရက် ည ၁၁ နာရီခန့်က ဦးမရန်ဂွမ်းလာသည် စိမ်းမြဲရော ပန်းခြံနားရှိ အမှိုက်ပုံသို့ အမှိုက်ပစ်နေစဉ် ဘေးတွင် အရက်သောက်နေကြသည့် လူငယ်ငါးဦးက နောက်ပြောင်ရာ ဦးမရန်ဂွမ်းလာက ဆဲ၍ ဆိုင်ကယ်စီး အပြန်တွင် လူငယ်ငါးဦးက နောက်မှလိုက်လာပြီး ဓားဖြင့် ထိုးခံရခြင်းဖြစ်ကြောင်း၊ ဓားထိုးမှုကြောင့် ဦးမရန်ဂွမ်းလာမှာ ရင်ညွန့်အနီး ဓားဒဏ်ရာ တစ်ချက်ရရှိကာ မြစ်ကြီးနား ပြည်သူ့ဆေးရုံတွင် အတွင်းလူနာ (စိုးရိမ်ရ) အဖြစ် ဆေးကုသခံယူနေစဉ် သေဆုံးသွားခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ ဖမ်းဆီးထားသူ လူငယ်ငါးဦးအား



အမှုဖွင့်အရေးယူဆောင်ရွက်နေကြောင်း သိရသည်။

**(မြစ်ကြီးနားနယ်မြေရဲစခန်း)**

# အမျိုးသားတစ်ဦး လယ်ထွန်စက်ကြိတ်မိ၍ သေဆုံး

**အင်းတော် ဇူလိုင် ၁၃**

စစ်ကိုင်းတိုင်းဒေသကြီး ဝန်းသိုမြို့နယ် ပြင်တဲကြီးဝိုင်းတောင်အတက်တွင် လယ်ထွန်စက်တစ်စီးတိမ်းမှောက်၍ အမျိုးသားတစ်ဦး ထွန်စက်ကြိတ်မိ သေဆုံးသွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇူလိုင် ၁၁ ရက်က အင်းတော်မြို့နယ် ကျောက်ဆင်ကျေးရွာနေ နိုင်လင်းမောင်ဆိုသူ မောင်းနှင်ပြီး အောင်စိုးလင်း လိုက်ပါလာသော လယ်ထွန်စက်သည် ထင်းများ တင်ဆောင်မောင်းနှင်လာစဉ် ပြင်တဲကြီးဝိုင်းတောင်အတက်တွင် ထွန်းစက်နောက်ပြန်လျှောကျသွားရာ ယာဉ်ပေါ်ပါ အောင်စိုးလင်းမှာ ခုန်ဆင်းသွားစဉ် ထွန်စက်ဘီးဖြင့် ဦးခေါင်းအားကြိတ်မိ၍ အခင်းဖြစ်နေရာတွင် သေဆုံးသွားပြီး ထွန်စက်မှာ ချောက်ထဲကျသွားသည်။ ယာဉ်အားပေါ့ဆစွာ မောင်းနှင်သူ နိုင်လင်းမောင်အား ဝန်းသိုမြို့မရဲစခန်းက အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**ကိုမင်း(အင်းတော်)**

# တရုတ်နိုင်ငံတွင် လူလေးဦးနှင့် အဓမ္မပေါင်းသင်းခဲ့ရသော လူကုန်ကူးခံရသူနှင့်ပတ်သက်၍ အမှုဖွင့်လှစ်

**နေပြည်တော် ဇူလိုင် ၁၃**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့နယ်နေ မ---- သည် တရုတ်နိုင်ငံသို့ လူကုန်ကူးခံရပြီး လူလေးဦးထံ အဆင့်ဆင့် ပို့ဆောင်ရောင်းစားခံရပြီး အဓမ္မ လက်ထပ်ပေါင်းသင်းခံခဲ့ရသည်။

သူမအား လွန်ခဲ့သော (၈)နှစ်ခန့်က မခိုင်ဆိုသူက မြစ်ကြီးနားမြို့ရှိ ထမင်းဆိုင်တွင် အလုပ်ရမည်ဟု စည်းရုံးသဖြင့် သဘောတူလိုက်ပါခဲ့ရာ ရွှေဘို-မန္တလေး-မူဆယ်မှတစ်ဆင့် တရုတ်နိုင်ငံ ကျယ်ဂေါင်မြို့သို့ ခေါ်ဆောင်ခံခဲ့ရကြောင်း၊ တရုတ်အမျိုးသား ဆပ်ကျူဆိုသူထံ ရောင်းစားခံခဲ့ရကြောင်း၊ ၎င်းအမျိုးသားနှင့် (၃)နှစ်ခန့်ပေါင်းပြီး သားနှစ်ဦးရခဲ့ကြောင်း၊ နောက်ထပ် ကိုယ်ဝန်ရချိန်တွင် ထွက်ပြေးခဲ့ရာ ခင်မင်ရင်းနှီးသူ မနွေဦးထံ ရောက်ရှိခဲ့ကြောင်း၊ မနွေဦးက သူမအား ဟူကျင်းမြို့ ဆိုင်မားရွာနေ ဆာကူးဆိုသူထံ ကိုယ်ဝန်ဖြင့်ပင် ယွမ် ၄၅၀၀၀ ဖြင့် ရောင်းစားခဲ့ကြောင်း၊ ဆာကူးနှင့် ပေါင်းသင်းနေစဉ် ယခင်တရုတ် အမျိုးသား ဆပ်ကျူနှင့်ရခဲ့သော ကိုယ်ဝန်မှ သမီးတစ်ဦး မွေးခဲ့ကြောင်း။

ဒုတိယအမျိုးသား ဆာကူးနှင့် သားတစ်ဦး မွေးခဲ့ကြောင်း၊ WeChat တွင် ရင်းနှီးသူ အမည်မသိ မြန်မာအမျိုးသမီးတစ်ဦးကို လာရောက်ခေါ်ဆောင်ခိုင်းခဲ့ကြောင်း၊ အဆိုပါအမျိုးသမီးက သူမအား ဟဲနန်ပြည်နယ် ခေနန်ရွာနေ ရှောင်းရှောင်ထံသို့ ယွမ်လေးသောင်းဖြင့် ထပ်မံရောင်းစားခြင်းခံခဲ့ရကြောင်း၊ ရှောင်းရှောင်နှင့် နှစ်လခန့် ပေါင်းသင်းခဲ့ရပြီး တရုတ်နိုင်ငံရောက်မှ ခင်မင်ရင်းနှီးသော ကွမ်းတုံပြည်နယ် တုံကွမ်းမြို့နေ မခိုင်ထံ သွားရောက်ခဲ့ကြောင်း၊ မခိုင်က သူမအား ဟူနန်ပြည်နယ် ဝေဆာမြို့နေ တရုတ်အမျိုးသားတစ်ဦးထံ ယွမ်ကိုးသောင်းဖြင့် စတုတ္ထအကြိမ် ထပ်မံရောင်းစားခဲ့ကြောင်း။

ယင်းတရုတ်အမျိုးသားနှင့် ပေါင်းသင်းပြီး ခုနစ်ရက်အကြာတွင် တတိယ တရုတ်အမျိုးသား ရှောင်းရှောင် လာရောက်ခေါ်ဆောင်ရာ လက်ရှိပေါင်းနေသူ တရုတ်အမျိုးသား၏ မိခင်မှ တရုတ်ရဲစခန်းသို့ ဖုန်းဆက်တိုင်တန်းသဖြင့် ဖမ်းဆီးခံရကြောင်း၊ ထို့နောက် ဝေဆာရဲစခန်းတွင် နှစ်လခန့် ထိန်းသိမ်းခံရပြီး မြန်မာပြည်သို့ ပြန်လည်ရောက်ရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ၎င်းအားတရုတ်အမျိုးသားထံသို့ ပို့ဆောင်ရောင်းစားသူ မခိုင် (စတင်ခေါ်ဆောင်သူ)၊ အဆင့်ဆင့်ရောင်းစားသူ နွေဦး၊ မခိုင်(တရုတ်ရောက်မှ ခင်မင်သူ)တို့အား အရေးယူပေးရန် ဇူလိုင် ၇ ရက် မွန်းလွဲပိုင်းတွင် အမှတ်(၁၄) လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့စု(မုံရွာ)မှ ရဲအုပ်ဇော်မျိုးသန့်က တရားလိုပြုလုပ်တိုင်တန်းသဖြင့် ရွှေဘိုမြို့မရဲစခန်းက အမှုဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

# ကလေးသူငယ် အခွင့်အရေးများ ဆိုင်ရာ ဥပဒေကြမ်း

**ပြည်သူအများသိရှိလေ့လာအကြံပြုနိုင်ပါရန်ဖော်ပြခြင်းဖြစ်ပါသည်။**

**ယမန်နေ့မှအဆက်**

(ဝ) **အသိအမှတ်ပြုလက်မှတ်**ဆိုသည်မှာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုက ပရဟိတဂေဟာ သို့မဟုတ် ယာယီစောင့်ရှောက်ရေးဂေဟာကို တည်ထောင်ဖွင့်လှစ်ထားလျှင်ဖြစ်စေ၊ တည်ထောင်ဖွင့်လှစ်လိုလျှင်ဖြစ်စေ ဤဥပဒေအရ လူမှုဝန်ထမ်းဦးစီးဌာနက ထုတ်ပေးသော အသိအမှတ်ပြုလက်မှတ်ကိုဆိုသည်။

(သ) **အမျိုးသားကော်မတီ**ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းထားသော ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီကို ဆိုသည်။

(ဟ) **ဝန်ကြီးဌာန**ဆိုသည်မှာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနကို ဆိုသည်။

(ဠ) **ဒေသဆိုင်ရာကော်မတီ**ဆိုသည်မှာ ဤဥပဒေအရဖွဲ့စည်းသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာကော်မတီ သို့မဟုတ် ပြည်ထောင်စုနယ်မြေ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကော်မတီ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာကော်မတီ သို့မဟုတ် ခရိုင်ကလေးသူငယ်အခွင့်အရေးများဆိုင်ရာကော်မတီ သို့မဟုတ် မြို့နယ်ကလေးသူငယ်အခွင့်အရေးများဆိုင်ရာကော်မတီကို ဆိုသည်။

(အ) **လူမှုဝန်ထမ်းအရာရှိ**ဆိုသည်မှာ ဤဥပဒေပါ လူမှုဝန်ထမ်းအရာရှိ၏ လုပ်ငန်းတာဝန်များကိုထမ်းဆောင်ရန် တာဝန်ပေးအပ်ခြင်းခံရသော လူမှုဝန်ထမ်းဦးစီးဌာန၏ အရာရှိ သို့မဟုတ် ပုဒ်မ ၁၁ အရ တာဝန်ပေးအပ်ခြင်းခံရသူကို ဆိုသည်။

(အ-၁) ကလေးသူငယ်ကြီးကြပ်သူ ဆိုသည်မှာ ဤဥပဒေပါ ကလေးသူငယ်ကြီးကြပ်သူ၏ လုပ်ငန်းတာဝန်များကို ထမ်းဆောင်ရန် တာဝန်ပေးအပ်ခြင်းခံရသော လူမှုဝန်ထမ်းဦးစီးဌာန၏ ကလေးသူငယ်ကြီးကြပ်သူ သို့မဟုတ် ပုဒ်မ ၁၁ အရ တာဝန်ပေးအပ်ခြင်းခံရသူကို ဆိုသည်။

(အ-၂) မွေးစားခြင်းမှတ်ပုံတင် လူမှုဝန်ထမ်းအရာရှိဆိုသည်မှာ ဤဥပဒေအရ မွေးစားခြင်းကို မှတ်ပုံတင်ရန်အလို့ငှာ လူမှုဝန်ထမ်းဦးစီးဌာနက တာဝန်ပေးအပ်ထားသည့် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လူမှုဝန်ထမ်းဦးစီးမှူးရုံး၊ ပြည်ထောင်စုနယ်မြေ လူမှုဝန်ထမ်းဦးစီးမှူးရုံး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လူမှုဝန်ထမ်းဦးစီးမှူးရုံးနှင့် ခရိုင်လူမှုဝန်ထမ်းဦးစီးမှူးရုံးတို့မှ လူမှုဝန်ထမ်းအရာရှိ အသီးသီးကို ဆိုသည်။

(အ-၃) ထောင်ဒဏ်တစ်သက် ဆိုသည်မှာ ပြစ်မှုထင်ရှားစီရင်ခြင်းခံရသူအား အကျဉ်းထောင်၌ သေဆုံးသည်အထိ ပြစ်ဒဏ်ကျခံစေရန် ချမှတ်သည့် ထောင်ဒဏ်ကိုဆိုသည်။

(အ-၄) ကြီးလေးသောပြစ်မှုဆိုသည်မှာ တည်ဆဲဥပဒေတစ်ရပ်ရပ်အရ ထောင်ဒဏ် လေးနှစ်နှင့်အထက် ပြစ်ဒဏ်ထိုက်သင့်သည့်ပြစ်မှုကို ဆိုသည်။

## အခန်း (၂)
## ရည်ရွယ်ချက်များ

၄။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်းပါ ကလေးသူငယ်၏ အခွင့်အရေးများကို အကောင်အထည်ဖော်ဆောင်ရွက်ရန်၊

(ခ) ကလေးသူငယ်များအတွက် အကောင်းဆုံးအကျိုးစီးပွားကို ဆောင်ရွက်ပေးရန်နှင့် ကလေးသူငယ်အခွင့်အရေးများကို ဥပဒေနှင့်အညီ ရရှိခံစားနိုင်ရေးအတွက် ကာကွယ်စောင့်ရှောက်ရန်၊

(ဂ) ကလေးသူငယ်များ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံကျန်းမာရေး၊ အာဟာရပြည့်ဝရေး၊ ပညာသင်ယူမှုအခွင့်အလမ်းရရှိရေးအပါအဝင် လိုအပ်သော အစီအမံများ ချမှတ်ဆောင်ရွက်ရန်၊

(ဃ) လျစ်လျူရှုခြင်း၊ အလွဲသုံးခြင်း၊ ရက်စက်ယုတ်မာခြင်းနှင့် ခေါင်းပုံဖြတ်ခြင်း ခံရသော ကလေးသူငယ်များအား နိုင်ငံတော်၊ စေတနာ့ဝန်ထမ်းပုဂ္ဂိုလ်နှင့် အစိုးရမဟုတ်သောအဖွဲ့အစည်းများက ကာကွယ်စောင့်ရှောက်ရန်၊

(င) ကလေးသူငယ်မှုခင်းကို သီးခြားစစ်ဆေးစီရင်၍ ပြစ်မှုကျူးလွန်သော ကလေးသူငယ်၏ အကျင့်စာရိတ္တပြုပြင်ရေးကို ဦးတည်ဆောင်ရွက်ရန်၊

(စ) ကလေးသူငယ်အားလုံးကို တည်ဆဲဥပဒေအရ သတ်မှတ်ထားသော သက်ဆိုင်ရာ အခွင့်အရေးနှင့် အကာအကွယ်တို့ တန်းတူညီမျှမှုရှိစေပြီး ခွဲခြားဆက်ဆံခြင်း မပြုစေရန်။

## အခန်း (၃)
## အမျိုးသားကော်မတီ ဖွဲ့စည်းခြင်းနှင့် ယင်း၏လုပ်ငန်းတာဝန်များ

၅။ ပြည်ထောင်စုအစိုးရအဖွဲ့သည် -

(က) ဤဥပဒေပါ ရည်ရွယ်ချက်များကို ထိရောက်အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းရမည် -

(၁) ပြည်ထောင်စုဝန်ကြီး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန - ဥက္ကဋ္ဌ

(၂) သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများ၊ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများမှ တာဝန်ရှိသူများ - အဖွဲ့ဝင်များ

(၃) မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေးကော်မရှင်မှ ကိုယ်စားလှယ် - အဖွဲ့ဝင်

(၄) ကလေးသူငယ်၏ အကောင်းဆုံး အကျိုးစီးပွားများအတွက် ဆောင်ရွက်လျက်ရှိသည့် လူမှုရေးအဖွဲ့အစည်းများနှင့်အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ စေတနာ့ဝန်ထမ်းပုဂ္ဂိုလ်များ - အဖွဲ့ဝင်များ

(၅) ညွှန်ကြားရေးမှူးချုပ် လူမှုဝန်ထမ်းဦးစီးဌာန - အတွင်းရေးမှူး

(ခ) ပုဒ်မခွဲ(က)အရ အမျိုးသားကော်မတီဖွဲ့စည်းရာတွင် လိုအပ်ပါက ဒုတိယဥက္ကဋ္ဌနှင့် တွဲဖက်အတွင်းရေးမှူးတို့ကို သတ်မှတ်ပေးနိုင်သည်။

(ဂ) ပုဒ်မခွဲ(က)အရ ဖွဲ့စည်းသည့် အမျိုးသားကော်မတီကို လိုအပ်ပါက ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၆။ အမျိုးသားကော်မတီ၏ လုပ်ငန်းတာဝန်များမှာ ဤဥပဒေပါ အခြားလုပ်ငန်းတာဝန်များအပြင် အောက်ပါတို့ ပါဝင်သည် -

(က) ဤဥပဒေပါ ရည်ရွယ်ချက်များကို ထမြောက်အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် လိုအပ်သောမူဝါဒများ၊ လမ်းညွှန်ချက်များနှင့် အစီအမံများ ချမှတ်ခြင်း၊

(ခ) ပုဒ်မခွဲ (က) ပါ မူဝါဒများနှင့်အညီ ကလေးသူငယ်၏ အခွင့်အရေးများကို လေးစားရေး၊ အကာအကွယ်ပေးရေးနှင့် အပြည့်အဝခံစားစေရေးတို့အတွက် အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် လိုအပ်သောအရင်းအမြစ်များ ရရှိရေးအတွက် ဆောင်ရွက်ခြင်း၊

(ဂ) မိမိ၏ လုပ်ငန်းတာဝန်များ ထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ရန် လိုအပ်သော လုပ်ငန်းကော်မတီများနှင့် ဆပ်ကော်မတီများကို ဖွဲ့စည်းပြီး လုပ်ငန်းတာဝန်များ သတ်မှတ်ပေးခြင်း၊

(ဃ) သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ အပြည်ပြည်ဆိုင်ရာနှင့် ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ စေတနာ့ဝန်ထမ်းပုဂ္ဂိုလ်များ၊ လူမှုရေးအဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သောအဖွဲ့အစည်းများ၏ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ အကောင်အထည်ဖော် ဆောင်ရွက်မှုများကို လိုအပ်သလို ပေါင်းစပ်ညှိနှိုင်းပေးခြင်းနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

(င) ပြည်တွင်းပြည်ပစေတနာရှင်များထံမှ လှူဒါန်းငွေများ၊ ပစ္စည်းများ လက်ခံရယူရေးနှင့် ယင်းလှူဒါန်းငွေများ၊ ပစ္စည်းများကို ကလေးသူငယ်၏ အကောင်းဆုံးအကျိုးစီးပွားများအတွက် ရန်ပုံငွေထူထောင်ပြီး ထိရောက်စွာ အသုံးပြုစေရေးတို့အတွက် လမ်းညွှန်ခြင်းနှင့် ကြီးကြပ်ခြင်း၊

(စ) ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ အသိပညာပေးသင်တန်းများ၊ ဆွေးနွေးပွဲများနှင့် ဟောပြောပွဲများကို သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ အပြည်ပြည်ဆိုင်ရာနှင့် ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ လူမှုရေးအဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သောအဖွဲ့အစည်းများ သင့်လျော်သလို ပူးပေါင်းဆောင်ရွက်ခြင်း၊

(ဆ) ကလေးသူငယ်များ ပြစ်မှုမကျူးလွန်စေရေးအတွက် ကြိုတင်ကာကွယ်သည့် အစီအမံများ ချမှတ်ဆောင်ရွက်ခြင်း၊

(ဇ) သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၊ စေတနာ့ဝန်ထမ်းပုဂ္ဂိုလ်များ၊ လူမှုရေးအဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများ၏ ကလေးသူငယ်ဆိုင်ရာ လုပ်ငန်းအစီအစဉ်များ တိုးတက်မှုအခြေအနေကို အခါအားလျော်စွာ စိစစ်သုံးသပ်ခြင်း၊ အကဲဖြတ်ခြင်း၊

(ဈ) လိုအပ်သောအစီရင်ခံစာများ၊ စာရင်းဇယားများကို သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများမှ တောင်းခံရယူစုစည်းပြီး နှစ်စဉ်ပြုစု၍ ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြခြင်း၊

(ည) ပြည်ထောင်စုအစိုးရအဖွဲ့က လမ်းညွှန်သည့် ကလေးသူငယ်ဆိုင်ရာ အခြားလုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း။

၇။ (က) အမျိုးသားကော်မတီ၏ လုပ်ငန်းတာဝန်များနှင့်စပ်လျဉ်းသည့် ရုံးလုပ်ငန်းများကို လူမှုဝန်ထမ်းဦးစီးဌာနက တာဝန်ယူဆောင်ရွက်ပေးရမည်။

(ခ) အမျိုးသားကော်မတီ၏ ကုန်ကျစရိတ်များကို ဝန်ကြီးဌာန၏ ဘဏ္ဍာရန်ပုံငွေမှ ကျခံသုံးစွဲရမည်။

## အခန်း (၄)
## ဒေသဆိုင်ရာကော်မတီ အဆင့်ဆင့်ဖွဲ့စည်းခြင်းနှင့် ယင်းကော်မတီများ၏ လုပ်ငန်းတာဝန်များ

၈။ (က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့သည် သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းအဆင့်ဆင့်မှ ကိုယ်စားလှယ်များနှင့် အခြားသင့်လျော်သော ပုဂ္ဂိုလ်များပါဝင်သည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကလေးသူငယ် အခွင့်အရေးများဆိုင်ရာကော်မတီ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာကော်မတီ၊ ခရိုင်ကလေးသူငယ်အခွင့်အရေးများဆိုင်ရာကော်မတီနှင့် မြို့နယ်ကလေးသူငယ်အခွင့်အရေးများဆိုင်ရာကော်မတီများကို လိုအပ်သလို ဖွဲ့စည်းရမည်။

(ခ) နေပြည်တော်ကောင်စီသည် သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်း အဆင့်ဆင့်မှ ကိုယ်စားလှယ်များနှင့် အခြားသင့်လျော်သော ပုဂ္ဂိုလ်များပါဝင်သည့် ပြည်ထောင်စုနယ်မြေ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာကော်မတီကို လိုအပ်သလို ဖွဲ့စည်းရမည်။

(ဂ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့နှင့် နေပြည်တော်ကောင်စီတို့သည် -

(၁) ပုဒ်မခွဲ (က) နှင့် (ခ) တို့အရ မိမိတို့ဖွဲ့စည်းထားသော ဒေသဆိုင်ရာ ကော်မတီအသီးသီးကို လိုအပ်ပါက ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

(၂) ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ လုပ်ငန်းတာဝန်များနှင့်စပ်လျဉ်း၍ အမျိုးသားကော်မတီ၏ လမ်းညွှန်ချက်နှင့်အညီ ဒေသဆိုင်ရာကော်မတီအဆင့်ဆင့်အလိုက် လုပ်ငန်းတာဝန်များ သတ်မှတ်ပေးရမည်။

(၃) ဒေသဆိုင်ရာကော်မတီများ၏ လုပ်ငန်းတာဝန်များကို လမ်းညွှန်ခြင်း၊ ကြီးကြပ်ခြင်း၊ ကူညီပံ့ပိုးခြင်းပြုနိုင်သည်။

၉။ ဒေသဆိုင်ရာကော်မတီအသီးသီးသည် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာလုပ်ငန်းတာဝန်များနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၊ နေပြည်တော်ကောင်စီနှင့် ကော်မတီအဆင့်ဆင့်တို့၏ လမ်းညွှန်မှုနှင့် ကြီးကြပ်မှုကို ခံယူ၍ ဆောင်ရွက်ရမည်။

၁၀။ (က) မိမိတို့ဆောင်ရွက်သည့် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ လုပ်ငန်းတာဝန်များနှင့်စပ်လျဉ်းသည့်အစီရင်ခံစာကို သတ်မှတ်ချက်များနှင့်အညီ တစ်ဆင့်မြင့်ရှိ ဒေသဆိုင်ရာကော်မတီသို့ အစီရင်ခံစာ တင်ပြရမည်။

(ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်နှင့် ပြည်ထောင်စုနယ်မြေ ကလေးသူငယ် အခွင့်အရေးများဆိုင်ရာကော်မတီတို့သည် မိမိတို့ဆောင်ရွက်သည့် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ လုပ်ငန်းတာဝန်များနှင့်စပ်လျဉ်းသည့် အစီရင်ခံစာကို သတ်မှတ်ချက်များနှင့်အညီ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ သို့မဟုတ် နေပြည်တော်ကောင်စီနှင့် အမျိုးသားကော်မတီသို့ အဆင့်ဆင့်တင်ပြရမည်။

## အခန်း (၅)
## လူမှုဝန်ထမ်းအရာရှိနှင့် ကလေးသူငယ်ကြီးကြပ်သူများ ခန့်အပ်တာဝန်ပေးခြင်း

၁၁။ ဝန်ကြီးဌာနသည် ဤဥပဒေပါ ကလေးသူငယ်၏ အခွင့်အရေးများဆိုင်ရာ ပြဋ္ဌာန်းချက် များကို အကောင်အထည်ဖော်ဆောင်ရွက်ရာ၌ လိုအပ်သော လုပ်ငန်းတာဝန်များနှင့် ရုံးလုပ်ငန်းဆိုင်ရာတာဝန်များကို ဆောင်ရွက်နိုင်ရန် အလို့ငှာ ပြည်ထောင်စုအစိုးရအဖွဲ့က ခွင့်ပြုသော ဝန်ထမ်းဖွဲ့စည်းပုံနှင့်အညီ အောက်ဖော်ပြပါ လူမှုဝန်ထမ်းဦးစီးဌာနအဆင့်ဆင့်ကို ဖွဲ့စည်းတည်ထောင်၍ လိုအပ်သော လူမှုဝန်ထမ်းအရာရှိများနှင့် ကလေးသူငယ်ကြီးကြပ်သူများကို ခန့်အပ်တာဝန်ပေးနိုင်သည်-

(က) လူမှုဝန်ထမ်းဦးစီးဌာန၊

(ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လူမှုဝန်ထမ်း ဦးစီးမှူးရုံးနှင့် ပြည်ထောင်စုနယ်မြေ လူမှုဝန်ထမ်းဦးစီးမှူးရုံး၊

(ဂ) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လူမှုဝန်ထမ်းဦးစီးမှူးရုံး၊

(ဃ) ခရိုင်လူမှုဝန်ထမ်းဦးစီးမှူးရုံး၊

(င) မြို့နယ်လူမှုဝန်ထမ်းဦးစီးမှူးရုံး။

၁၂။ ဝန်ကြီးဌာနသည် -

(က) ပုဒ်မ ၁၁ အရ လူမှုဝန်ထမ်းဦးစီးဌာနအဆင့်ဆင့်ကို ဖွဲ့စည်းတည်ထောင် ဖွင့်လှစ်ခြင်း မပြုနိုင်သေးသော နယ်မြေဒေသများတွင် ဤဥပဒေအရ လူမှုဝန်ထမ်းအရာရှိများနှင့် ကလေးသူငယ်ကြီးကြပ်သူများ၏ လုပ်ငန်းတာဝန်များကို ထမ်းဆောင်နိုင်ရန် နိုင်ငံ့ဝန်ထမ်းကို ဖြစ်စေ၊ နိုင်ငံ့ဝန်ထမ်းမဟုတ်သည့် နိုင်ငံသားကို သင့်လျော်သော စရိတ်ချီးမြှင့်ငွေထောက်ပံ့၍ဖြစ်စေ တာဝန်ပေးနိုင်သည်။

(ခ) ပုဒ်မခွဲ (က) အရ အခြားပြည်ထောင်စုဝန်ကြီးဌာနများရှိ နိုင်ငံ့ဝန်ထမ်းကို လူမှုဝန်ထမ်းအရာရှိများနှင့် ကလေးသူငယ်ကြီးကြပ်သူများအဖြစ် တာဝန်ပေးရေးအတွက် သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့် ကြိုတင်ညှိနှိုင်းဆောင်ရွက်ရမည်။

## အခန်း (၆)
## သင်တန်းကျောင်း၊ ပရဟိတဂေဟာနှင့် ယာယီစောင့်ရှောက်ရေး ဂေဟာများ တည်ထောင်ဖွင့်လှစ်ခြင်းနှင့် ကြီးကြပ်ကွပ်ကဲခြင်း

၁၃။ လူမှုဝန်ထမ်းဦးစီးဌာနသည် ဝန်ကြီးဌာန၏လမ်းညွှန်ချက်နှင့်အညီ အောက်ဖော်ပြပါ သင်တန်းကျောင်းများ၊ ယာယီစောင့်ရှောက်ရေးဂေဟာများကို တည်ထောင်ရမည် -

(က) ဤဥပဒေအရ ပို့အပ်သည့် ကာကွယ်စောင့်ရှောက်မှုလိုအပ်သော ကလေးသူငယ် သို့မဟုတ် ပြစ်ဒဏ်ချမှတ်ခြင်းခံရသော ကလေးသူငယ်အား ထိန်းသိမ်းစောင့်ရှောက်ရန် တည်ထောင်ထားသော သင်တန်းကျောင်းများ၊

**ဆက်လက်ဖော်ပြပါမည်။**

ကြေးမုံ



# မိုးရွာသွန်းမှုများပြားချိန် မန္တလေးမြို့တွင် ရေကြီးရေလျှံမှု မဖြစ်ပေါ်စေရေး အဓိကမြောင်းကြီးလေးမြောင်း ဆယ်ယူရှင်းလင်း

**မန္တလေး ဇူလိုင် ၁၃**

မိုးတွင်းကာလ မိုးရွာသွန်းမှုများပြားသည့်အချိန်တွင် မန္တလေးမြို့ပေါ် လမ်းမကြီးများနှင့် ရပ်ကွက်များတွင် ရေကြီးရေလျှံမှုမဖြစ်ပေါ်စေရေးအတွက် အဓိကမြောင်းကြီး လေးမြောင်းကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ သန့်ရှင်းရေးဌာနမှ ခေတ်မီစက်ယန္တရား ၂၆ စီးအသုံးပြု၍ နေ့စဉ်ဆယ်ယူရှင်းလင်းလျက်ရှိကြောင်း သိရသည်။

အဆိုပါ မြောင်းကြီးလေးမြောင်းမှာ မန္တလေးမြို့နယ် ခြောက်မြို့နယ်အတွင်း ဖြတ်သန်းဖောက်လုပ်ထားသည့် ရွှေတစ်ချောင်း၊ ငွေတစ်ချောင်း၊ သင်္ဂဇာမြောင်းနှင့် နဒီမြောင်းများဖြစ်ကြပြီး ယင်းမြောင်းများရေစီးရေလာကောင်းမွန်ရေးအတွက် စည်းကမ်းမဲ့စွန့်ပစ်ကြသည့် အမှိုက်များကို နေ့စဉ်၊ လစဉ်စီမံချက်များရေးဆွဲ၍ ဂျပန်နိုင်ငံထုတ် ဘက်ဟိုးယာဉ် ၂၆ စီးဖြင့် မန္တလေးခြောက်မြို့နယ်တွင် နေ့စဉ်ဆယ်ယူရှင်းလင်းပေးနေကြောင်း အဆိုပါ ဌာနမှ ဌာနခွဲမှူး ဦးစိုးတင့်အောင်က ပြောသည်။

"ဒီမြောင်းကြီးလေးမြောင်းက မိုးများလို့ ရေပြည့်သွားရင် လမ်းပေါ်နဲ့ ရပ်ကွက်တွေထဲ ရေလျှံသွားတာပေ့ါ။ အဓိကအနေနဲ့ မန္တလေးမှာ ရေကြီးရေလျှံဖြစ်စေတာက ရွှေတစ်ချောင်းနဲ့ ငွေတစ်ချောင်းပါပဲ။ နောက်တစ်ခုက သင်္ဂဇာမြောင်းပါပဲ။ ကန်တော်ကြီးမှာ ရေပြည့်သွားရင် သင်္ဂဇာမြောင်းလည်း ရေပြည့်သွားတယ်။ အဲဒီတော့ ဒီမြောင်းကနေ ရေလျှံပြီး ရပ်ကွက်တွေထဲကို ရေဝင်လာတာပါ။ ဒါကြောင့် ကျွန်တော်တို့ဌာနက မိုးမတိုင်ခင်ကတည်းက ကြိုတင်ကာကွယ်တဲ့အနေနဲ့ ကန်တော်ကြီးနဲ့ ဒီမြောင်းလေးမြောင်းကို အဓိကထားပြီး နေ့စဉ်ဆယ်ယူရှင်းလင်းမှုတွေ ဆောင်ရွက်နေပါတယ်" ဟု ၎င်းက ပြောသည်။

ထို့ပြင် မန္တလေးမြို့တော်သည် တစ်နှစ်ထက်တစ်နှစ် လူဦးရေပိုမိုထူထပ်လာသည့်အလျောက် ၎င်းတို့နေထိုင်ရာ လမ်းကြို၊ လမ်းကြား၊ ရပ်ကွက်များအတွင်းရှိရေမြောင်းခွဲများတွင် ပိတ်ဆို့နေသော စွန့်ပစ်အမှိုက်များကိုလည်း လိုက်လံဆယ်ယူပေးနေကြောင်း သိရသည်။

"ကားလမ်းနဲ့ ရပ်ကွက်တွေထဲ ရေမလျှံဖို့ဆိုတာ မြောင်းတွေအပြင် ကားလမ်းဘေးမှာရှိတဲ့ ပလက်ဖောင်းအပေါက်တွေမှာ အမှိုက်တွေ၊ သဲတွေမပိတ်ဖို့လည်းလိုတယ်လေ။ ဒါကြောင့် ကျွန်တော်တို့ သန့်ရှင်းရေးဝန်ထမ်းတွေက ဒီအမှိုက်တွေကိုလည်း နေ့စဉ်လိုက်သိမ်းပေးပြီး အပေါက်တွေ ဖောက်ပေးနေပါတယ်။ ဒ့ါအပြင် ပြည်သူတွေရဲ့အသံကို နားထောင်ပြီး သူတို့ပြောတဲ့နေရာတွေကိုလည်း လိုက်လံဆယ်ယူရှင်းလင်းမှုတွေ ဆောင်ရွက်နေပါတယ်" ဟု ၎င်းက ဆက်လက်ပြောကြားသည်။

မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီမှ မန္တလေးမြို့နယ် ခြောက်မြို့နယ်တွင် မြောင်းဆယ်ယာဉ် ၂၆ စီးဖြင့် ဆယ်ယူရှင်းလင်းနေသည့်အပြင် အမှိုက်သိမ်းယာဉ် ၂၄၃ စီး၊ အမှိုက်သိမ်း သုံးဘီးဆိုင်ကယ် ၁၈၁ စီးတို့ဖြင့် မန္တလေးတစ်မြို့လုံးရှိ အမှိုက်များကို ဝန်ထမ်းအင်အား ၂၀၀၀ ကျော်ဖြင့် သိမ်းဆည်းလျက်ရှိရာ နေ့စဉ် အမှိုက်တန်ချိန် ၉၀၀ နီးပါးထွက်ရှိကြောင်း သိရသည်။



**မင်းထက်အောင်(မန်းကိုယ်ပွား)**

# စိုးရိမ်ရေအမှတ်သို့ကျော်လွန်ရောက်ရှိနေသော မုံရွာမြို့တွင် မြစ်ရေသတိပေးချက်အနီရောင်သတ်မှတ်ပြီး ရေကာင်းများဖြင့် စောင့်ကြည့်

**မုံရွာ ဇူလိုင် ၁၃**

ချင်းတွင်းမြစ်ရေသည် မုံရွာမြို့၏ စိုးရိမ်ရေအမှတ် ၁၀၀၀ စင်တီမီတာအထက်သို့ ကျော်လွန်ရောက်ရှိလျက်ရှိရာ မြစ်ရေသတိပေးချက် အနီရောင်အဖြစ်သတ်မှတ်ကာ ချင်းတွင်းမြစ်ကမ်းတစ်လျှောက်တွင် ရေကာင်းများဖြင့် စောင့်ကြည့်လျက်ရှိကြောင်း သိရသည်။



ချင်းတွင်းမြစ်ရေသည် နှစ်စဉ်မိုးရာသီ၌ အထက်ပိုင်းဒေသများတွင် မိုးသည်းထန်စွာရွာသွန်းသဖြင့် မြစ်ရေကြီးမြင့်မှုများ ဖြစ်ပေါ်လျက်ရှိရာ ၂၀၁၆ ခုနှစ်မိုးရာသီတွင် ချင်းတွင်းမြစ်ရေသည် မုံရွာမြို့တွင် အမြင့်ဆုံးရေအမှတ်အဖြစ် ၁၀၆၄ စင်တီမီတာအထိ မြင့်တက်ခဲ့ကြောင်း သိရသည်။

"နှစ်စဉ်မိုးရာသီမှာ မြစ်ရေကြီးမြင့်မှုရှိတယ်။ ဒီနှစ်မှာတော့ မုံရွာမြို့နယ်အတွင်းမှာ မြစ်ရေတား တာပေါင်တွေကို အဆင့်မြှင့်တင်မှုတွေလုပ်ဆောင်ထားတယ်။ မုံရွာမြို့မှာ စိုးရိမ်ရေအမှတ် ၁၀၀၀ စင်တီမီတာအထက်ကို ကျော်လွန်ခဲ့တာ အခုဆို ခြောက်ရက်ရှိသွားပြီ။ ကျေးရွာတွေနဲ့ မြို့ပေါ်ရပ်ကွက်က ပြည်သူတွေ စိုးရိမ်မှုမဖြစ်စေရေးအတွက် အခုလည်းမြစ်ရေသတိပေးချက်ကို အနီရောင်အဆင့်သတ်မှတ်ပြီး ရေကာင်းတွေနဲ့ စောင့်ကြပ်ကြည့်ရှုနေပါတယ်။ တချို့ရပ်ကွက်တွေမှာ သဲအိတ်တွေ ပြင်ဆင်နေပါတယ်"ဟု မုံရွာမြို့ကျောက်ဆောင်ဆိပ်ရှိ ဗဟိုရေကာင်းမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

မုံရွာမြို့နယ်အတွင်း ဇူလိုင် ၈ ရက်မှ စတင်ပြီး ချင်းတွင်းမြစ်ရေသည် စိုးရိမ်ရေအမှတ် အထက်သို့ ရောက်ရှိလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် ချင်းတွင်းမြစ်ရေသည် မုံရွာမြို့တွင် ၁၀၆၁ စင်တီမီတာသို့ ရောက်ရှိလျက်ရှိရာ စိုးရိမ်ရေအမှတ်အထက် ၆၁ စင်တီမီတာသို့ ရောက်ရှိလျက်ရှိသဖြင့် မြစ်ရေစောင့်ကြည့်ရေး ရေကာင်းများအား မုံရွာမြို့နယ် တောင်ဘက်အခြမ်းသစ် ဆိမ့်ကျေးရွာမှ မုံရွာမြို့ မြောက်ဘက် စစ်ပင်ရပ်(အလုံဘူတာ)အထိ ရေကာင်း ၂၄ ခုဖြင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ရပ်ကွက်နေ ပြည်သူများမှ နေ့/ည စောင့်ကြည့်လျက်ရှိကြောင်း သိရသည်။

**ဝင်းဦး(ဧယျာတိုင်း)**

# မြစိမ်းရောင်စီမံကိန်းအတွက် ရန်ပုံငွေကြီးကြပ်မည့်ကော်မတီဝင်များအား သင်တန်းပေးဆွေးနွေး

**ကျောက်ဆည် ဇူလိုင် ၁၃**

ကျောက်ဆည်ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဇူလိုင် ၁၁ရက် နံနက် ၁၀ နာရီက ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်မည့်ကျေးရွာခြောက်ရွာမှရန်ပုံငွေကြီးကြပ်မှု ကော်မတီဝင် ၄၂ ဦးအားစီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်ရေးနှင့်ပတ်သက်သည့် လုပ်ငန်းစီမံခန့်ခွဲခြင်း၊ ငွေစာရင်းပုံစာများရေးသွင်းခြင်းနှင့် ထိန်းသိမ်းခြင်းဆိုင်ရာ သင်တန်း ဖွင့်လှစ်ပို့ချသည်။

မြို့နယ်စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ချိုက ယခုဆောင်ရွက်မည့် မြစိမ်းရောင်စီမံကိန်းသည် မြို့နှင့်ကျေးလက်ဆင်းရဲနွမ်းပါးမှု ကွာဟခြင်း ကျဉ်းမြောင်းစေရေး၊ အလုပ်အကိုင်အခွင့်အလမ်းများ ပေါ်ပေါက်လာစေရေး၊ လူ့စွမ်းအားအရင်းအမြစ်များ ပိုမိုဖွံ့ဖြိုးတိုးတက်စေရေးတို့အတွက် အကောင်အထည်ဖော်ဆောင်ရွက်မည့် စီမံကိန်းဖြစ်သဖြင့် ကော်မတီဝင်များနှင့်ကျေးရွာသား ရွာသူများ စည်းစည်းလုံးလုံး၊ ညီညီညွတ်ညွတ်နှင့် စီမံကိန်းအောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်သွားကြရန် ရှင်းလင်းဆွေးနွေးခဲ့သည်။

ထို့နောက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးဒေါ်ထိုက်ထိုက်စိုးက နိုင်ငံတော်အစိုးရအနေဖြင့် ကျေးလက်နေပြည်သူများ လူမှုဘဝတိုးတက်စေရေးကို ရည်ရွယ်ပြီး မြစိမ်းရောင်စီမံကိန်းကို ၂၀၁၄ - ၂၀၁၅ ဘဏ္ဍာနှစ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ယခုဘဏ္ဍာနှစ်တွင် အရှေ့သံရွာ၊ မုန်တိုင်၊ တံတားဦး၊ လေးဆယ်ကုန်း၊ ကျောက်ဆောက်ကလေး၊ ရှားပင်စသည့်ကျေးရွာ ခြောက်ရွာ စီမံကိန်း တာဝန်များဆောင်ရွက်ခွင့်ရရှိပါကြောင်း၊ ထို့ကြောင့်စီမံကိန်းကြီးကြပ်မှုကော်မတီများအနေဖြင့် စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရာတွင် လက်စွဲပါစာစောင်ညွှန်ကြားချက်များနှင့်အညီ လုပ်ငန်းများအလေးထား ဆောင်ရွက်သွားကြစေရေးရှင်းလင်းဆွေးနွေးပြီး ကော်မတီတာဝန်ခံများအား စီမံကိန်းလုပ်ငန်းပါ လက်စွဲစာအုပ် စာစောင်များနှင့် ဗီနိုင်းအစများပေးအပ်ပြီး မရှင်းလင်းသည့်လုပ်ငန်းအပိုင်းများကို သင်တန်းပေး ဆက်လက်ဆွေးနွေးခဲ့ကြောင်း သိရသည်။

**သက်မောင်(ကျောက်ဆည်)**

# အသေးစားအရင်းအနှီးချေးငွေနှင့် လယ်ယာသုံးစက်ကိရိယာပံ့ပိုးချေးငွေများပေးအပ်

**နေပြည်တော် ဇူလိုင် ၁၃**

ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိ စိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်းသားများသို့ အသေးစားအရင်းအနှီးချေးငွေနှင့် လယ်ယာသုံးစက်ကိရိယာပံ့ပိုးချေးငွေပေးအပ်ပွဲ အခမ်းအနားကို ဇူလိုင် ၁၃ ရက် နံနက် ၁၀ နာရီက နေပြည်တော်သမဝါယမဦးစီးဌာန ရုံးခန်း၌ကျင်းပသည်။

ရှေးဦးစွာ နေပြည်တော်ကောင်စီဝင် ဦးအေးမောင်စိန်က အမှာစကားပြောကြားရာတွင် ကျေးလက်နေတောင်သူလယ်သမားများအတွက် ကျေးရွာများတွင် သမဝါယမအသင်းများဖွဲ့စည်းပေးထားပြီး အသေးစားအရင်းအနှီးချေးငွေများကို ထုတ်ချေးပေးလျက်ရှိကြောင်း၊ သမဝါယမအသင်းအဆင့်ဆင့်က ရရှိလာသည့် ချေးငွေများမှ အတိုးများ တိုးပွားလာသည့်နှင့်အမျှ အသင်းသားများ၏ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေးစသည့် ကဏ္ဍအရပ်ရပ်တွင် အဆင့်အတန်းမြင့်မားလာရေးကို ဆောင်ရွက်ကြရမှာဖြစ်ကြောင်း၊ သမဝါယမချေးငွေဖြင့် လယ်ယာမြေအဆင့်မြှင့်တင်ရေးလုပ်ငန်းများကို စက်မှုလယ်ယာ ဦးစီးဌာနအပါအဝင် ဆက်စပ်ဆောင်ရွက်ရမည့် ဌာနများက ပူးပေါင်းဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊ သမဝါယမလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် သမဝါယမအခြေခံမူ၊ ကျင့်ဝတ်၊ အနှစ်သာရများနှင့်အညီ စည်းလုံးညီညွတ်စွာ ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် နေပြည်တော်သမဝါယမဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးအောင်မင်းက နေပြည်တော်အတွင်း သမဝါယမလုပ်ငန်းများဆိုင်ရာ ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် နေပြည်တော်ကောင်စီဝင် ဦးအေးမောင်စိန်က ပျဉ်းမနားမြို့နယ်အတွင်းရှိ အခြေခံသမဝါယမအသင်း ၃၁ သင်း၊ အသင်းသား ၂၂၆၈ ဦးတို့အတွက် ချေးငွေကျပ် ၃၅၀ သန်း၊ လယ်ဝေးမြို့နယ်အတွင်းရှိ အခြေခံသမဝါယမအသင်း ၅၁ သင်း၊ အသင်းသား ၆၁၈၇ ဦးတို့အတွက် ချေးငွေကျပ် ၁၀၅၈ သန်း၊ တပ်ကုန်းမြို့နယ်အတွင်းရှိ အခြေခံသမဝါယမအသင်း ၁၃၀၊ အသင်းသား ၁၅၁၀၁ ဦးတို့အတွက် ချေးငွေကျပ် ၂၀၃၆ သန်းကိုလည်းကောင်း၊ သမဝါယမဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသောင်းနိုင်က ဇမ္ဗူသီရိမြို့နယ်အတွင်းရှိ အခြေခံသမဝါယမအသင်း သုံးသင်း၊ အသင်းသား ၂၇၉ ဦး တို့အတွက် ချေးငွေကျပ်၆၃ သန်း၊ ဇေယျာသီရိမြို့နယ်အတွင်းရှိ အခြေခံသမဝါယမအသင်း ၁၆ သင်း၊ အသင်းသား ၁၉၅၁ ဦးတို့အတွက် ချေးငွေကျပ် ၂၉၇ သန်း၊ ဒက္ခိဏသီရိမြို့နယ်အတွင်းရှိ အခြေခံသမဝါယမအသင်း ၁၅ သင်း၊ အသင်းသား ၁၁၈၅ ဦးတို့အတွက် ချေးငွေကျပ် ၂၃၉ သန်းကိုလည်းကောင်း၊ နေပြည်တော်သမဝါယမအသင်းစုချုပ် ဥက္ကဋ္ဌ ဦးခင်မောင်မြင့်က ပုဗ္ဗသီရိမြို့နယ်အတွင်းရှိ အခြေခံသမဝါယမအသင်း ၂၆ သင်း၊ အသင်းသား ၂၄၂၄ ဦးတို့အတွက် ချေးငွေကျပ် ၃၇၉ သန်း၊ ဥတ္တရသီရိမြို့နယ်အတွင်းရှိ အခြေခံသမဝါယမအသင်း ၁၄ သင်း၊ အသင်းသား ၁၀၁၃ ဦးတို့အတွက် ချေးငွေကျပ် ၁၈၃ သန်း၊ အခြေခံသမဝါယမအသင်း လေးသင်းအတွက် လယ်ယာသုံးစက်ကိရိယာပံ့ပိုးချေးငွေကျပ် ၄၃ သန်းကိုလည်းကောင်း မြို့နယ်သမဝါယမအသင်းစု ဥက္ကဋ္ဌများထံ အသီးသီးပေးအပ်ခဲ့ကြောင်းသိရသည်။

**(ရွှေကုက္ကို)**

*နိုင်ငံတော်တည်ဆောက်ရာတွင် နိုင်ငံတော်အချုပ်အခြာအာဏာ၏ ခက်မသုံးဖြာဖြစ်သည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးဟူသည့် မဏ္ဍိုင်ကြီးသုံးရပ်ဖြင့် အချင်းချင်း အပြန်အလှန် ထိန်းကျောင်းဆောင်ရွက်သည်ဟု ဆိုထားရာ ဥပဒေဆိုင်ရာ အကြောင်းအရာများကို ပြည်သူများ သိရှိလေ့လာနိုင်ရန် စာရေးသူ မောင်စာဂ၏ ဥပဒေနှင့်စပ်ဆိုင်သော ဆောင်းပါးများကို ဖော်ပြပေးသွားပါမည်။ ဆောင်းပါးတွင် ပါရှိသည့် အကြောင်းအရာများသည် စာရေးသူ၏ အာဘော်သာဖြစ်ပါသည်။ (စာတည်းအဖွဲ့)*



# တရားရုံး၏စစ်မေးခြင်းပညာ

မောင်စာဂ

တရားခွင်တွင်အမှုမှန်ပေါ်ပေါက်ရေးအတွက် အမှုနှင့်သက်ဆိုင်သူ သက်သေများအား စစ်မေးကြရာ၌ အဓိက စစ်မေးခြင်း ၊ ပြန်လှန်စစ်မေးခြင်းနှင့်ပြန်ရှင်းစစ်မေးခြင်းဟူ၍ စစ်မေးခြင်းသုံးမျိုးရှိကြောင်းနှင့် အဓိကစစ်မေးခြင်းပညာ၊ ပြန်လှန်စစ်မေးခြင်းပညာ၊ ပန်ရှင်းစစ်မေးခြင်းပညာဟူ၍ ဆောင်းပါးများ ရေးသားဖော်ပြခဲ့ပြီးဖြစ်သည်။ ယင်းဆောင်းပါးများတွင် အဓိက စစ်မေးခြင်းသည် အခြေခံကျသော စစ်မေးခြင်းဖြစ်ကြောင်း၊ ပြန်လှန်စစ်မေးခြင်းသည် မှတ်ကျောက်တင်မည့် စစ်မေးခြင်းဖြစ်ကြောင်းနှင့် ပြန်ရှင်းစစ်မေးခြင်းသည်အဓိက သော့ချက်ဖြစ်သည့် စစ်မေးခြင်းဖြစ်ကြောင်း ပြဆိုခဲ့ပြီးဖြစ်သည်။ တစ်ဆက်တည်းမှာပင် တရားရုံး၏ စစ်မေးခြင်းကို ချန်လှပ်ထား၍မရ၊ တရားရုံးကလည်း သက်သေကို စစ်မေးနိုင်သည်။ စစ်မေးပိုင်ခွင့်ရှိသည်။ သို့ဖြစ်ရာ တရားရုံးကစစ်မေးခြင်းနှင့် တရားရုံး၏စစ်မေးခြင်းပညာနှင့် စပ်လျဉ်း၍ အကျဉ်းချုပ်ရှင်းလင်းဖော်ပြပါဦးမည်။

**တရားရုံးကစစ်မေးခြင်း**

တရားခွင်တွင် စစ်ဆေးမေးမြန်းမှုများပြုလုပ်ကြရာ၌ အမှုနှင့်စပ်ဆိုင်သည့် အကြောင်းအရာ ဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ၊ မည်သည့်သက်သေအားဖြစ်စေ၊ မည်သည့်အမှုသည်အားဖြစ်စေ၊ မည်သည့်မေးခွန်းမျိုးကိုဖြစ်စေ၊ မည်သည့်အချိန်တွင်မဆို တရားရုံးက စစ်မေးနိုင်သည်။ (သက်သေခံ အက်ဥပဒေပုဒ်မ ၁၆၅)

"အဓိက စစ်မေးခြင်းကို မေးမြန်းသည့်အခါ" အဓိက စစ်မေးချက်ဟူ၍ ခေါင်းစဉ်တပ်ပြီး မေးကြရသည်။ ပြန်လှန်စစ်မေးခြင်းကို မေးသည့်အခါ "ပြန်လှန်စစ်မေးချက်" ဟူ၍ ခေါင်းစဉ်တပ်ပြီး မေးကြရသည်။ ပြန်ရှင်းစစ်မေးခြင်းကို မေးသည့်အခါ "ပြန်ရှင်းစစ်မေးချက်"ဟူ၍ ခေါင်းစဉ်တပ်ပြီး မေးကြရသည်။ အကယ်၍ ပြန်ရှင်းစစ်မေးခြင်းမရှိလျှင် ပြန်ရှင်းစစ်မေးခြင်းမရှိဟူ၍ မှတ်တမ်းတင်သည်။ ထိုနည်းတူ တရားရုံးက စစ်မေးခြင်းပြုသည့်အခါ "ရုံးမေး"ဟူ၍ ခေါင်းစဉ်တပ်ပြီး မေးကြရသည်။ အကယ်၍ ရုံးမေးမရှိလျှင် ရုံးမေးမရှိဟူ၍ မှတ်တမ်းတင်သည်။ ဤသည်မှာ တရားရုံး၏ ကျင့်စဉ်တစ်ရပ်ဖြစ်သည်။

**တရားရုံး စစ်မေးခြင်းရည်ရွယ်ချက်**

မောင်ခေတ်ထွန်းနှင့် ပြည်ထောင်စုမြန်မာနိုင်ငံ (၁၉၆၆) ခုနှစ် မတစ၊ စာ-၆၂၆ )အမှုတွင် ဤသို့လမ်းညွှန်ဆုံးဖြတ်ထားသည်။

"တရားသူကြီးသည် အမှုအမှန်ရရှိရေးနှင့် ပတ်သက်၍ရုံးတွင် အမှုစစ်ဆေးနေသောအခါ သက်သေများကို အချိန်အခါမရွေး ဝင်ရောက်မေးမြန်းနိုင်သည်။ ထိုသို့ မေးမြန်းသည့်ရည်ရွယ်ချက်မှာ အမှုအမှန်ဖော်ထုတ်ရေးသာလျှင် သက်သက်ဖြစ်ရပေမည်။ တရားခံကို လွတ်စေလိုသောသဘော သို့မဟုတ် တရားခံကို(အပြစ်ဖြစ်) ထောင်ကျစေလိုသော သဘောမျိုးဖြင့် မပြုလုပ်အပ်ပေ။

အစိုးရရှေ့နေကြီးဘက်က သက်သေများအား အဓိက မေးခွန်း မေးမြန်းနေစဉ်ဖြစ်စေ၊ တရားခံ၏ ရှေ့နေကြီးက ပြန်လှန်မေးခွန်းမေးမြန်းနေသည့် အချိန်တွင်ဖြစ်စေ တရားသူကြီးသည် အမှုနှင့် ပတ်သက်၍ ဝင်ရောက်မေးမြန်းနိုင်ပေသည်။ သို့ရာတွင် ထိုသို့မေးမြန်းရာ၌ တရားသူကြီး သတိပြုရန်မှာ မိမိမေးသောမေးခွန်းသည် ရှေ့နေ၏ မေးခွန်းမျိုးမဖြစ်စေဘဲ ရုံးမေးခွန်းမျိုးဖြစ်စေရန် လိုအပ်သည်။ ထို့ကြောင့် "ရုံးမေး" ဟူ၍ ဖော်ပြရန် လိုအပ်သည်။ သို့မှသာလျှင် အယူခံရုံးက မေးသည့်မေးခွန်းကို မည်သူကမေး၍ သက်သေကဖြေဆိုထားသည်ကို သိနိုင်ပေသည်။ သက်သေထွက်ဆိုရာ၌ မရှင်းမလင်းသောအချက်အလက်များရှိလျှင် ရုံးကမေးနိုင်ပေသည်။ ယင်းသို့မေးရာတွင် "ရုံးမေး"ဟု ခေါင်းစဉ်တပ်ရန် မမေ့ဖို့လိုအပ်ပေသည်။

**ကြုံခဲ့ရသည့်မှတ်မှတ်သားသားဖြစ်ရပ်များ**

စာရေးသူသည် မြို့နယ်ဥပဒေရုံးများတွင် တာဝန်ထမ်းဆောင်စဉ်က မြို့နယ်တရားရုံးများတွင် ပြစ်မှုဆိုင်ရာမူလအမှုတော်တော်များများကို အစိုးရရှေ့နေအဖြစ် လိုက်ပါ၍ စစ်ဆေးမေးမြန်းခြင်းများ ပြုလုပ်ခဲ့ရသည်။ မိမိကသက်သေကို အဓိက စစ်မေးခြင်းဖြင့် မေးခွန်းများ မေးမြန်းခြင်း၊ သက်သေက ဖြေဆိုခြင်းပြုလုပ်နေစဉ်တွင် တရားသူကြီးက ဝင်ရောက်၍ သက်သေကို မေးခွန်းများ မေးမြန်းသည်။ မေးခွန်းတစ်ခုလောက်ဆိုအကြောင်းမဟုတ် နှစ်ခု၊ သုံးခု၊ လေးခုစသည်ဖြင့် ဝင်၍မေးမြန်းမှုများ မေးကြသည်။ မိမိကမနေနိုင်တော့ "တရားသူကြီးမင်းခင်ဗျာ တရားရုံးက ဤသို့မေးမြန်းနေခြင်းအပေါ် မည်သို့မျှ တင်ပြရန်မရှိပါကြောင်း၊ သို့သော်လည်း တရားသူကြီး၏ မေးမြန်းခြင်းကို "ရုံးမေး" ဟူ၍ "ခေါင်းစဉ်တပ်ပြီး မေးမြန်းပေးပါခင်ဗျာ"ဆိုပြီး ရုံးတော်ကိုတင်ပြရသည်။ ဒီလိုတင်ပြတော့ တရားသူကြီးက မေးခွန်းတွေ ဝင်ပြီးမေးမြန်းခြင်း မရှိတော့။ သို့သော် မိမိကိုတရားသူကြီးက အမြင်မကြည်တော့ ယင်းအပေါ် မည်သို့မျှ မတတ်နိုင်။ ထိုသို့ မတင်ပြလျှင် မိမိကပဲဒီလို မေးခွန်းတွေမေးလို့ သက်သေက ဒီလိုဖြေသွားသည်ဟုဆို၍ မှတ်ယူကြပေတော့မည်။ မိမိ မေးသည့် မေးခွန်းအပေါ် သက်သေက ဖြေဆိုသည်ကို မိမိကတာဝန်ယူနိုင်သည်။ သို့သော် မိမိက မမေးပါဘဲလျက် သက်သေက ဖြေဆိုချက်အပေါ်မှာတော့ မိမိကမေးသကဲ့သို့ ဖြစ်သွားသည်ကို မလိုလားပါ။ တာဝန်လည်းမခံလိုပါ။ စည်းနှင့်ကမ်းနှင့် ဥပဒေနှင့် အညီသာ ဖြစ်စေလိုသည်မှာ အမှန်ပါ။ ဤသို့သောဖြစ်စဉ် မကြာမကြာ ကြုံခဲ့ရသည်။ မြို့နယ်တော်တော်များတွင်လည်း ကြုံခဲ့ရသည်။

ယခုအချိန်အခါ သိကျွမ်းခင်မင်သည့် ဥပဒေအရာရှိများနှင့်တွေ့ဆုံကြရာတွင် ဥပဒေရေးရာနှင့် သက်သေစစ်မေးခြင်းများကို မေးမြန်းတတ်ကြသည်။ မိမိက မိမိ ကြုံတွေ့ရသည့် အထက်ပါအဖြစ်ကို ပြောပြသည်။ ထိုကဲ့သို့သော ဖြစ်စဉ်မျိုးသည် ကနေ့ကြုံနေရသေးသလားမေးမြန်းကြည့်သည်။ "ဒီလိုဖြစ်စဉ်မျိုးတွေသည် ကနေ့မှာလဲ မကြာမကြာဆိုသလို တွေ့ကြုံနေရပါသေးတယ်" ဆိုပြီး ပြောပြကြသည်။ မိမိကလည်း အထက်တွင် ဖော်ပြခဲ့သည့် မောင်ခေတ်ထွန်းနှင့် ပြည်ထောင်စုမြန်မာတရားစီရင်ထုံးပါ လမ်းညွှန်ဆုံးဖြတ်ချက်ကို ရှင်းလင်းပြောပြရသည်။

**ရုံးခေါ်သက်သေအဖြစ် ခေါ်ယူစစ်မေးနိုင်ခွင့်ရှိခြင်း**

တရားခွင်တွင် စစ်ဆေးနေသော သက်သေတစ်ဦးကို တရားရုံးက မည်သည့်မေးခွန်းမျိုးကိုမဆို မည်သည့်အချိန်အခါတွင်မဆို စစ်မေးနိုင်ခွင့်ရှိကြောင်း ဖော်ပြခဲ့ပြီးပြီ။ ထို့အပြင် တရားရုံးသည် အမှုတွင် အမှန်တရားပေါ်ပေါက်စေရေးအတွက် လိုအပ်လျှင် မည်သည့်သက်သေကိုမဆို မည်သည့်အချိန်တွင်မဆို ခေါ်ယူ၍ စစ်မေးပိုင်ခွင့်ရှိသည်။ ထိုသက်သေကို ရုံးခေါ်သက်သေဟုခေါ်သည်။ (ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၅၄၀ )

ရုံးကခေါ်ယူသော ရုံးခေါ်သက်သေကို "ရုံးမေး" ဟူ၍ ခေါင်းစဉ်တပ်ပြီး မေးမြန်းပါသည်။ ထိုကဲ့သို့ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၅၄၀ အရ ခေါ်ယူသော ရုံးခေါ်သက်သေများကို တရားရုံးက စစ်မေးခြင်းပြုလုပ်ပြီးနောက် တရားလိုဘက်မှရော၊ တရားခံဘက်မှရော ပြန်လှန်စစ်မေးခွင့် ရှိပါသည်။ (B.B.MITRA'S THE CODE OF CRIMINAL PROCEDURE, P.2143)

ရုံးခေါ်သက်သေ၏ ဖြေကြားချက်အပေါ် တရားလိုဘက်ကရော တရားခံဘက်ကရော ပြန်လှန်စစ်မေးခွင့်ပေးထားသော်လည်း မည်သူ့ဘက်က စတင်၍ ပြန်လှန်စစ်မေးခွင့်ရှိကြောင်း ပြဋ္ဌာန်းသတ်မှတ်ထားချက်မရှိပါ။ ဤအချက်မှာလည်း အရေးကြီးပါသည်။ အဘယ်ကြောင့်ပါနည်း။ စတင်ပြန်လှန်စစ်မေးခွင့်ရှိသူထက် နောက်မှပြန်လှန်စစ်မေးခွင့်ရှိသူက အခွင့်အရေးပိုမိုရရှိသွားသော ကြောင့်ဖြစ်သည်။ လက်တွေ့ဆောင်ရွက်ခဲ့ရသည့် ကျင့်စဉ်အရဆိုပါက စွဲချက်မတင်မီ အဆင့်ဖြစ်လျှင် ရုံးခေါ်သက်သေကို တရားခံဘက်က စတင်ပြန်လှန်စစ်မေးသည်။ တရားလိုဘက်က နောက်မှ ပြန်လှန်စစ်မေးသည်။ စွဲချက်တင်ပြီး အဆင့်ဖြစ်လျှင် ရုံးခေါ်သက်သေကို တရားလိုဘက်က စတင်ပြန်လှန်စစ်မေးသည်။ နောက်မှ တရားခံဘက်က ပြန်လှန်စစ်မေးသည်။

**ရုံးခေါ်သက်သေအဖြစ် ခေါ်ယူစစ်မေးပေးရန် လျှောက်ထားခွင့်ရှိခြင်း**

ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၅၄၀ အရ တရားရုံးက လိုအပ်လျှင် မည်သူကိုမဆို မည်သည့်အချိန်တွင်မဆို ရုံးခေါ်သက်သေအဖြစ် မိမိသဘောအလျောက် ခေါ်ယူစစ်မေးနိုင်သကဲ့သို့ တရားလိုဘက်ကရော တရားခံဘက်ကပါ ယင်းပုဒ်မ ၅၄၀ အရ မည်သူ့ကို မဆို ရုံးခေါ်သက်သေအဖြစ် ခေါ်ယူစစ်မေးပေးဖို့တရားရုံးသို့ လျှောက်ထားနိုင်သည်။ ထိုသို့ လျှောက်ထားခြင်းသည် အမှုအတွက် အမှန်တကယ်လိုအပ်ပါက တရားရုံးက ရုံးခေါ်သက်သေအဖြစ် ခေါ်ယူစစ်မေးပေးသည်။ တရားရုံး၏ လုပ်ပိုင်ခွင့်ဖြစ်သည်။ သို့ရာတွင် အဆိုပါ ပုဒ်မ ၅၄၀ သည် တစ်ဦးတစ်ယောက်၏ လျှောက်ထားချက်အရ တရားရုံးက မိမိ၏လုပ်ပိုင်ခွင့်ကို ကျင့်သုံးနိုင်စေရန် ရည်ရွယ်သည် မဟုတ်ကြောင်း။ ၁၉၆၇ ခုနှစ် မြန်မာနိုင်ငံ တရားစီရင်ထုံး စာမျက်နှာ ၆၈၇ တွင် လမ်းညွှန်ဆုံးဖြတ်ထားသည်။

တရားလိုဘက်က လျှောက်ထားခြင်းဖြစ်ပြီး တရားရုံးက ခွင့်ပြု၍ စစ်မေးသော ရုံးခေါ်သက်သေကို တရားရုံးက စစ်မေးပြီးလျှင် တရားလိုဘက်ကစတင်၍ ပြန်လှန်စစ်မေးသည်။ နောက်မှ တရားခံဘက်က ပြန်လှန်စစ်မေးသည်။ တရားခံဘက်က လျှောက်ထားခြင်းဖြစ်ပြီး တရားရုံးက ခွင့်ပြု၍ စစ်မေးသော ရုံးခေါ်သက်သေကို တရားခံဘက်က စတင်ပြန်လှန်စစ်မေးသည်။ တရားလိုဘက်က နောက်မှစစ်မေးသည်။ ထိုသည်မှာလည်း လက်တွေ့ကျင့်သုံးခဲ့ရသည့် ကျင့်စဉ်ဖြစ်သည်။

**ထိရောက်သော မေးခွန်းများဖြင့် အမှန်တရားကို ဖော်ဆောင်နိုင်ပါစေ**

နိဂုံးချုပ်ပါတော့မည်။ ဤဆောင်းပါးအပါအဝင် တရားရုံး၌ အမှုမှန်ပေါ်ပေါက်ရေးအတွက် စစ်မေးခြင်းများ၏ အစပျိုးဆောင်းပါးသည် "မေးပါများစကားရ ဆိုသော်လည်းဆောင်းပါးဖြစ်သည်။ ယင်းဆောင်းပါး၌ မောင်ပေါက်ကျိုင်း၏ တကောင်းရာဇဝင်တွင် "သွားပါများ ခရီးရောက် မေးပါများ စကားရ၊ မအိပ်မနေအသက်ရှည် " ဟူ၍ စကားကြီး သုံးခွန်းရှိကြောင်း။ တရားခွင်တွင် သက်သေများကို စစ်မေးရာ၌ "အဓိကစစ်မေးခြင်း၊ ပြန်လှန်စစ်မေးခြင်းနှင့်ပြန်ရှင်းစစ်မေးခြင်း"ဟူ၍ မေးခွန်းကြီး သုံးခုရှိကြောင်း ဖော်ပြခဲ့သည်။ မောင်ပေါက်ကျိုင်း၏ စကားကြီး သုံးခွန်းတွင်ပါရှိသည့် မေးပါများ စကားရသည်မှာ မှန်ကန်သော်လည်း တရားခွင်က မေးခွန်းကြီး သုံးမျိုးသည် မေးပါများတိုင်း စကားမရ၊ မေးတတ်မှ စကားရသည်ဆိုကြောင်း ညွှန်ပြခဲ့သည်။

မေးတတ်မှစကားရသည် ဆိုသည့်အတွက် "မေးပါများ စကားရဆိုသော်လည်း"ဆောင်းပါး၏ နောက်ဆက်တွဲ ဆောင်းပါးများအဖြစ် အဓိက စစ်မေးခြင်းပညာ၊ ပြန်လှန်စစ်မေးခြင်းပညာ၊ ပြန်ရှင်းစစ်မေးခြင်း ပညာဟူ၍ ဆောင်းပါးများ ရေးသားခဲ့သည်။ ပိုမိုပြည့်စုံစေရန် ဤဆောင်းပါးကို ဖြည့်စွက်ရေးသားလိုက်ရသည်။ ဆောင်းပါး ငါးခုစလုံးပေါင်းစပ်၍ ဖတ်ရှုလေ့လာဖို့ အကြံပြု ပါရစေ။ ဆက်နွယ်ဆက်စပ်လျက်ရှိသော ဥပဒေ၊ စီရင်ထုံးများ ကိုလည်း လေ့လာဖတ်ရှုစေလိုသည်။

ဤသည်တို့ထက် ပိုမိုကောင်းမွန်သည်က အတွေ့အကြုံရှိ၍ တတ်ကျွမ်းသော ဥပဒေပညာရှင်များ၊ ရှေ့နေရှေ့ရပ်ကြီးများထံမှ အတွေ့အကြုံပညာရပ်များကို လက်တွေ့ကျကျ လေ့လာသင်ယူဆည်းပူးကြဖို့ တိုက်တွန်းပါရစေ။ ဤသို့ဆိုလျှင် တရားခွင်မေးခွန်းကြီး သုံးမျိုးဖြစ်သည့် အဓိကစစ်မေးခြင်းပညာ၊ ပြန်လှန်စစ်မေးခြင်းပညာ၊ ပြန်ရှင်းစစ်မေးခြင်းပညာတို့ကို ကောင်းစွာတတ်ကျွမ်း၍ ထိရောက်မှုရှိသော မေးခွန်းများကို ထုတ်နိုင်ကြမည်ဖြစ်သည်။

အချုပ်အားဖြင့်ဆိုရသော် တရားခွင်၌ အမှုရင်ဆိုင်ကြသည့်အခါ အမှုခြင်းအရာကို အမှန်အတိုင်း ဖော်ထုတ်နိုင်ရေးအတွက် နှစ်ဖက်အမှုသည်များနှင့် သက်သေတို့ကို စစ်မေးတတ်ရန် လွန်စွာအရေးကြီးသည်။ သို့ဖြင့် စစ်မေးခြင်းအတတ်ပညာသည် မှန်ကန်သော တရားစီရင်ရေးအတွက် မရှိမဖြစ် လိုအပ်ချက်ဖြစ်သည်။

**ဆိုင်ရာဆိုင်ရာပုဂ္ဂိုလ်များ အမှုမှန်ပေါ်ပေါက်ရေးအတွက် မေးခွန်းများကို မေးတတ်ကြပါစေ။**

**ထိရောက်သော မေးခွန်းများဖြင့် အမှန်တရားကို ဖော်ဆောင်နိုင်ကြပါစေ။**

**ကိုးကားချက်**

**သက်သေခံအက်ဥပဒေနှင့် ရာဇဝတ်ကျင့်ထုံးဥပဒေ**
THE CODE OF CRIMINAL PROCEDUTE (B.B.MITRA)

❖ တရားခွင်မေးခွန်းကြီး သုံးမျိုးဖြစ်သည့် အဓိကစစ်မေးခြင်းပညာ၊ ပြန်လှန်စစ်မေးခြင်းပညာ၊ ပြန်ရှင်းစစ်မေးခြင်းပညာတို့ကို ကောင်းစွာတတ်ကျွမ်း၍ ထိရောက်မှု ရှိသော မေးခွန်းများကို ထုတ်နိုင်ကြမည်ဖြစ်သည်။

❖ တရားခွင်၌ အမှုရင်ဆိုင်ကြသည့်အခါ အမှုခြင်းအရာကို အမှန်အတိုင်း ဖော်ထုတ်နိုင်ရေးအတွက် နှစ်ဖက်အမှုသည်များနှင့် သက်သေတို့ကို စစ်မေးတတ်ရန် လွန်စွာအရေးကြီးသည်။ သို့ဖြင့် စစ်မေးခြင်းအတတ်ပညာသည် မှန်ကန်သော တရားစီရင်ရေးအတွက် မရှိမဖြစ် လိုအပ်ချက်ဖြစ်သည်။

# ထင်လင်း၏ ချစ်သောငွေတာရီ

တက္ကသိုလ်တင်ခ

ကဗျာဆရာ၊ စာရေးဆရာ မင်းယုဝေ၏ဇနီးဖြစ်သူ ကဗျာဆရာ၊ စာရေးဆရာမ ငွေတာရီသည် ၁၉၅၈ ခုနှစ် မတ်လ ၁၉ ရက်နေ့တွင် ကွယ်လွန်ခဲ့သည်။ ဆရာမင်းယုဝေက စာဆိုငွေတာရီကို ဂုဏ်ပြုအထိမ်းအမှတ်တစ်ရပ်အနေဖြင့် ၁၉၆၀ ပြည့်နှစ် ဇူလိုင်လ ၁ ရက်နေ့မှ စတင်ကာ ငွေတာရီမဂ္ဂဇင်းကို စတင်ထုတ်ဝေခဲ့ပေသည်။

၂၀၀၉ ခုနှစ် ဇူလိုင်လ ၁ ရက်နေ့တွင် ငွေတာရီမဂ္ဂဇင်းသည် (၄၉) နှစ်တင်းတင်းပြည့်မြောက်ခဲ့ပြီဖြစ်သည်။ (၄၉) နှစ်မြောက် ငွေတာရီအထူးထုတ်တွင် ဆရာမင်းယုဝေက "ငွေတာရီမဂ္ဂဇင်းနှင့် ကျွန်တော်"ဆောင်းပါးတွင်း ဆရာထင်လင်း၏ အကြောင်းကို ဤသို့ရေးပြထားသည်။

"ထို့ကြောင့် ကျွန်တော်နှင့် ညီအစ်ကိုလိုခင်မင်သော" ကျွန်တော့်ထက် အသက်ကြီးသော၊ အတွေ့အကြုံများသော စာရေးဆရာကြီး ဦးသိန်းမောင်(လင်းလင်း)ကို အကူအညီတောင်းရသည်။"

ဆရာထင်လင်းသည်"ငွေတာရီ"ကို လွန်စွာချစ်ခင်လေးစားသူဖြစ်သည်။ ၁၃၄၁ ခုနှစ် နတ်တော်လဆန်း ၁ ရက် ၁၉၇၉ ခုနှစ် နိုဝင်ဘာလ ၁၉ ရက်နေ့ စာဆိုတော်နေ့ အထိမ်းအမှတ် စာပေလောကစာစောင်တွင် ဆရာထင်လင်းက "ချစ်သောငွေတာရီဆောင်းပါးကို လွန်ခဲ့သော နှစ်ပေါင်း ၃၀ က အမှတ်တရရေးသားခဲ့ပေသည်။ဤဆောင်းပါးကို ညွှန်းဆိုလျက် (၄၉) နှစ်မြောက် ငွေတာရီ အထူးထုတ်ကို ထပ်မံဂုဏ်ပြုရေးသားရခြင်းဖြစ်ပေသည်။

**ငွေတာရီ၏ အယ်ဒီတာချုပ်ဆရာထင်လင်း**

ဆရာမင်းယုဝေက ဆရာထင်လင်းကို ငွေတာရီ အယ်ဒီတာချုပ်တာဝန်ယူပေးရန် ဤသို့တာဝန်ပေးခဲ့သည်။

"ကိုသိန်းမောင် ကျွန်တော်အလုပ်က ထွက်ပြီး "ငွေတာရီ မဂ္ဂဇင်း" ထုတ်မလို့၊ အတွေ့အကြုံမရှိသေးဘူး၊ ကိုသိန်းမောင်က အယ်ဒီတာချုပ်အမည်ခံပြီး တစ်နေ့ကို နှစ်နာရီ သုံးနာရီလောက် အချိန်ပိုင်း အလုပ်ဆင်းပေးဗျာ။ ဝင်ငွေကောင်းတဲ့ ကိုသိန်းမောင်ရဲ့ ကျူရှင်ဆရာအလုပ်ကိုတော့ မထွက်ပါနဲ့။ အချိန်ပိုင်းဆင်းပြီး ဝတ္ထုတွေကိုသာ ရွေးချယ်တည်းဖြတ်ပေးပါ။"

ဆရာထင်လင်း(ဦးသိန်းမောင်)သည် အယ်ဒီတာချုပ်တာဝန်ကို လက်ခံပြီး ငွေတာရီမဂ္ဂဇင်းအမှတ်(၁) တွင် သူကိုယ်တိုင်"အမေ့သား"ဝတ္ထုကို ရေးပေးခဲ့သည်။ ဆရာထင်လင်းသည် "ငွေတာရီ"ကို လွန်စွာချစ်ခင်လေးစား တန်ဖိုးထားသည်။ သူ၏ ဆောင်းပါးအစတွင် ဤသို့ မှတ်တမ်းတင်ခဲ့သည်။

"ကွန်လွန်သူ ငွေတာရီသည် အလွန်စိတ်ကောင်း နှလုံးကောင်း ရှိသူဖြစ်သည်။ သူကွယ်လွန်သွားချိန်မှစ၍ ယနေ့တိုင်အောင် သူ့ကို သတိရစရာ အကြိမ်ပေါင်းများစွာတွေ့ခဲ့ကြုံခဲ့ရသည်။ လူ့လောက၏ အနိမ့်အမြင့် အတက်အဆင်းများ၊ အထူးသဖြင့် စာနှင့်ပေနှင့် ပတ်သက်သော အရေးကိစ္စများတွင် စိတ်ပျက်စရာ အားငယ်စရာများနှင့် ကြုံရလျှင် သူ့ကို သတိရမိတတ်ပါသည်. . ."

ဆရာထင်လင်းသည် ဆရာမင်းယုဝေ၏ ပြောပြချက်အရ ငွေတာရီမဂ္ဂဇင်းတွင် အယ်ဒီတာချုပ်တာဝန်ကို တစ်နှစ်ခန့်သာ တာဝန်ယူခဲ့ရသည်။ ဤသို့တစ်နှစ်တာ တာဝန်ယူခဲ့ရသော်လည်း ငွေတာရီမဂ္ဂဇင်းအပေါ် တစ်သက်တာပတ်လုံး သတိရတမ်းတရပုံ အလုံးစုံကို သူ၏ ဆောင်းပါးတွင် အမှတ်ထင်ထင်ရေးပြထားသည်။ (၄၉) နှစ်မြောက် ငွေတာရီအထူးထုတ်ကဗျာများ၊ ဆောင်းပါးများ ရေးသားတင်ပြကြရာတွင် လွန်ခဲ့သော အနှစ် ၃၀က ဆရာထင်လင်း၏ "ချစ်သောငွေတာရီ" ဖော်ညွှန်းရေးသားရခြင်းဖြစ်ပေသည်။

**ငွေတာရီမဂ္ဂဇင်းအတွက် ကြိုးပမ်းအားထုတ်ချက်များ**

ဆရာထင်လင်းနှင့် ဆရာမင်းယုဝေသည် ငွေတာရီ မဂ္ဂဇင်းအတွက် အထူးကြိုးပမ်းထမ်းရွက်ခဲ့ကြရသည်။ ဆရာ၏ ဆောင်းပါးအရ ဆရာထင်လင်းကိုယ်တိုင် အင်္ဂလိပ်စာဌာနမှ နုတ်ထွက်ခဲ့ရသည်။ အားလပ်ချိန်မရတော့သည့်အတွက် မဟာဝိဇ္ဇာတန်းမှ နုတ်ထွက်ခဲ့ရသည်။ ဆရာတို့နှစ်ဦးသည် ပုံနှိပ်စက်လုပ်ငန်းထူထောင်ရေး ကြိုးပမ်းကြရာတွင် ရန်ကုန်တစ်မြို့လုံး ရက်ကန်းရှယ်သလို ပြေးလွှားခဲ့ရပုံကို ဖော်ပြရေးထားသည်။

ဆရာထင်လင်းက ဆရာမင်းယုဝေ၏ စာပေစိတ်ထက်သန်ပုံ၊ ကိုယ်ကျိုးမကြည့်ဘဲ ငွေတာရီမဂ္ဂဇင်း ထူထောင်ခဲ့ရပုံကို ဤသို့အမှတ်တရဖော်ပြထားသည်။

"လုပ်ငန်းလည်ပတ်ရုံအမြတ်အစွန်းလောက်ပဲရရင် တော်ပါပြီ။ စာပေတိုက်ထောင်ပြီး သူဌေးဖြစ်သွားတယ်ဆိုတဲ့ အဖြစ်မျိုးတော့ မရောက်ချင်ဘူး။ စာပေနဲ့ တိုင်းပြည်ပြုလုပ်ငန်းမျိုးလုပ်ချင်တယ်"

ဆရာမင်းယုဝေ၏ ပြောပြချက်ကို အမှတ်တရရေးပြထားသည်။

သူတို့နှစ်ဦးလုံးနှင့် ငွေတာရီမဂ္ဂဇင်းထုတ်ဝေသည့် ရည်ရွယ်ချက်ကို ထင်ထင်ရှားရှားပြတ်ပြတ်သားသားရေးပြထားပုံမှာ စာပေသမားတိုင်း မှတ်သားလိုက်နာသင့်ပေသည်။ သူတို့စကားမှာ ဤသို့ဖြစ်သည်။

"ငွေမလိုချင်ဘူးဗျာ၊ ဆင်းရဲတာပဲ ကြိုက်တယ်။ ငွေရှိရင် မဟုတ်တာလုပ်တာ လူ့ဓမ္မတာပဲ၊ နာမည်လည်း မကြီးချင်ဘူး။ နာမည်ကြီးရင် နာမကျန်းဖြစ်တဲ့အခါ ဆေးရုံမှာ လူရှုပ်တယ်။ သေတဲ့အခါ မသာမှာလူစည်တယ်။ ဒါပါပဲ. . ."

**ငွေတာရီ၏ စာပေခရီးစဉ်**

ငွေတာရီ၏ စာပေခရီးစဉ်သည် အဆင်ပြေချောမွေ့ခဲ့သည်ချည်းမဟုတ်ပေ။ ဆရာထင်လင်း၏ ချစ်သောငွေတာရီဆောင်းပါးတွင် စာပေခရီးစဉ်အောင်မြင်ခဲ့သော်လည်း ငွေအရင်းအနှီးစက္ကူအခက်အခဲကြုံရမြဲဒုက္ခနှင့် ကြုံတွေ့ခဲ့ရသည်။ မတည်ငွေ တစ်သိန်းမှ စက်ပစ္စည်းများက ခြောက်သောင်းကျော်စာရင်းဝင်နေသည်။ ဤငွေသုံးသောင်းဖြင့် လှည့်ပတ်သုံးစွဲခဲ့ရာတွင် စက္ကူအခက်အခဲကြုံရသောအခါ ငွေပြတ်သွားတော့သည်။

"မင်းယုဝေမှာလည်း ငွေမရှိတော့သဖြင့် လစဉ်မဂ္ဂဇင်းထွက်ဖို့အရေး အလုပ်သမားနှစ်ဆယ်ကျော်အား လခမှန်မှန်ပေးနိုင်ရေးအတွက် ပြေးရလွှားရချေးရငှားရသည့်ကိစ္စများက အလုပ်ပိုလိုဖြစ်လာသည်။ တာဝန်တက်လာသည်။ စိတ်ရော လူရောမောကြရသည်။ မင်းယုဝေ၏ အိမ်ကိုပေါင်ကာ ဘဏ်ကငွေသုံးသောင်းချေးငှား၍ စက္ကူအခက်အခဲကာလအတွင်း အသက်ဆက်ခဲ့ကြရသည်။

ဆရာထင်လင်း၏ ချစ်သော ငွေတာရီဆောင်းပါးတွင် စာပေခရီးခက်ခဲကြမ်းတမ်းလှသော်လည်း အောင်မြင်ခဲ့ပုံကို အလွမ်းပြေ အမောပြေရေးပြသွားပေသည်။ ငွေတာရီစာစဉ်မှ စာအုပ်ရှစ်အုပ်ထုတ်ဝေခဲ့ရာတွင် ငွေတာရီကဗျာ ၁၀၀၊ ခင်နှင်းယု၏ ဝတ္ထုတိုပေါင်းချုပ်နှင့် ဒဂုန်တာရာ၏ ဝတ္ထုတိုပေါင်းချုပ်စာအုပ်သုံးအုပ်သည် စာပေဗိမာန်စာမူဆုများ ရရှိခဲ့ပေသည်။

"ငွေတာရီမဂ္ဂဇင်းသည် ထွက်လာကတည်းကပင် တစ်လလျှင် စောင်ရေငါးရာ တစ်ထောင်ခုန်၍ တက်ခဲ့သည်။ အမှာစာ ဝေဖန်ချီးကျူးစာများကို မြင်ရသည်မှာ အားရစရာဖြစ်ပါတော့သည်"ဟူ ၍ဆရာထင်လင်းက ရင်ဖွင့် ရေးပြထားပေသည်။

ဆရာမင်းယုဝေက "ငွေတာရီမဂ္ဂဇင်းနှင့် ကျွန်တော်" ဆောင်းပါးတွင် ငွေတာရီစာပေခရီးစဉ် အောင်မြင်မှုများကို ဤသို့ဖော်ပြထားခဲ့သည်။

"ငွေတာရီမဂ္ဂဇင်းသည် တစ်လပြီးနောက်တစ်လ တိုးတက်ခဲ့သည်။ ၁၉၆၈ ခုနှစ် မဂ္ဂဇင်း အမှတ် ၁၀၀ သို့ရောက်သောအခါ စောင်ရေ ၁၂၀၀၀ သို့ ရောက်ရှိခဲ့သည်။ အကျိုးပြုစာပေများကို ဖော်ပြနိုင်သည့်နည်းတူ စာရေးဆရာပေါင်းများစွာ အနုပညာပေါင်းများစွာကိုလည်း မွေးထုတ်ပေးနိုင်ခဲ့သည်။

**ဆရာထင်လင်းနှင့် ချစ်သောငွေတာရီ**

ဆရာထင်လင်းသည် ငွေတာရီမဂ္ဂဇင်းကို သံယောဇဉ်ကြီးမား တန်ဖိုးထားသည်။ ဆရာထင်လင်းနှင့် ဆရာမင်းယုဝေတို့သည် -

"အလုပ်သမားများအား လခလုပ်ခထိုက်ထိုက်တန်တန်ပေး၍ ခန့်ထားခဲ့သော်လည်း မင်းယုဝေနှင့် ကျွန်တော်တို့မှာ အယ်ဒီတာအမည်သာခံ၍ ထိုက်တန်သောလခဟူ၍ မည်မည်ရရ ထုတ်ယူခြင်းမပြုဘဲ လစဉ်မဖြစ်စလောက်လခကလေးများကို သွားစရိတ်လာစရိတ်အဖြစ်ယူကာ စာပေအတွက် စေတနာမှန်မှန်ဖြင့် ဆင်းရဲခံခဲ့ကြပါသည်" ဟူ၍ မှတ်မှတ်ရရရေးပြထားပေသည်။

ဆရာထင်လင်းသည် ဆရာမင်းယုဝေက မိမိအား အမေရိကန်နိုင်ငံသို့ လေးလခန့် လေ့လာခရီး ခရီးသွားရန် ပန်ကြားတိုက်တွန်းခဲ့သော်လည်း ငွေတာရီမဂ္ဂဇင်းသံယောဇဉ်ဖြင့် အတန်တန်ငြင်းပယ်ခဲ့ကြောင်း ရေးခဲ့သည်။ အမေရိကန်သို့ လေ့လာခရီးသွားခွင့်ပြုရခြင်းမှာ ငွေတာရီမဂ္ဂဇင်း၏ စာပေကျေးဇူးတုံ့ပြန်မှုတစ်ရပ်ဖြစ်ခဲ့ပေသည်။

ဆရာထင်လင်းက " မင်းယုဝေငွေတာရီနှင့် စာပေအသိုင်းအဝိုင်းကို ခင်မင်မှု၊ စာပေ၌ ယုံကြည်မှုတို့ဖြင့်သာ ကျွန်တော်စွန့်စား၍ လုပ်လာခဲ့သည်။ အခြေအနေအားလုံးကို သုံးသပ်၍ ကြည့်မိသောအခါတွင် ကျွန်တော်ရင်ပူလာမိသည်"ဟု သူ၏ စာပေစိတ်ထားကို ဤသို့ ရေးပြသွားပေသည်။

"ငွေတာရီမကွယ်လွန်မီအချိန်များက ကျွန်တော်တို့လူစုဆုံမိတိုင်း စိတ်ကူးရှိရာ ဆွေးနွေး၍ လာခဲ့ကြသော အိပ်မက်ထဲက စာပေလုပ်ငန်းများသည် လှုလှပပ အကောင်အထည်ပေါ်လာပြီးမှ အိပ်မက်ထဲမှာ ပျောက်ကွယ်သွားသကဲ့သို့ ကျွန်တော်ရင်ထဲတွင် ဟာ၍ ကျန်ရစ်ခဲ့သည်။ ဤသို့ ရင်ထဲကဟာလျက်နှင့်ပင် ကျွန်တော်နိုင်ငံခြားသို့ သွားရန် လေယာဉ်ပျံပေါ်သို့ တက်ခဲ့သည်။"

**စာပေစိတ်ခိုင်မြဲရေး**

ဆရာထင်လင်းသည် "ချစ်သောငွေတာရီ"သံယောဇဉ်ဖြင့် နိုင်ငံရပ်ခြားခရီးသွားလှည့်လည်စဉ်က သူ၏ စာပေစိတ်ဓာတ်ခိုင်မာပုံကိုပါ တွေ့ကြုံခံစားနားလည်ခဲ့ရပေသည်။ ဆရာထင်လင်းသည် နိုင်ငံခြားခရီးသွား လှည့်လည်စဉ်"ရောမမြို့ကို ရောက်လျှင် ရောမလို ကျင့်မယ်၊ ရောမလိုနေမယ်" စကားပုံဆိုထုံးကို လက်မခံဘဲ ရောမအဆောက်အအုံပျက်ကြီးများကို တွေ့ရသောအခါ ရောမ သံဝေဂတရားများခဲ့ပုံမှာ ထူးခြားလေးနက်လှပေသည်။

ဆရာထင်လင်းသည် အီတလီ၊ ဆွစ်ဇာလန်၊ ဂျာမနီ၊ ပြင်သစ်၊ အင်္ဂလန်တို့ကို ဝင်ရောက်လည်ပတ်ခဲ့ပြီး အမေရိကန်ပြည်ထောင်စုအတွင်း လှည့်လည်သွားလာလျက်ရှိသည်တွင် ငွေတာရီလုပ်ငန်းများကို ပေးလိုက်ပြီဖြစ်ကြောင်း မင်းယုဝေထံမှ ဆရာ့ထံ စာရောက်လာခဲ့သည်။

ဆရာထင်လင်း၏ စာပေစိတ်ကြီးမားပုံကို သူ၏ ချစ်သော ငွေတာရီစာပေသံဝေဂအဖြစ်ကို အထင်ကရမြင်လိုက်ရပေသည်။

"ကျွန်တော်စိတ်မထိခိုက်တော့ပါ။ ရောမတွင် ကျွန်တော်ဆင်ခြင်ခဲ့ရသည့်အတိုင်း မမြဲသောသဘောကို ကျွန်တော်နားလည်ပါပြီ။ အဆိုးထဲက အကောင်းကို ရှာကြည့်တော့မည်။ ငွေတာရီစာစဉ်နှင့် မဂ္ဂဇင်းတို့သည် ကျွန်တော်တို့စာပေသမားတစ်စုတို့၏ လုံ့လ ဝီရိယ စေတနာဖြင့် တည်ထောင်ခဲ့ကြသော မာလာမြိုင်ပုံနှိပ်တိုက်ပိုင်ရှင်အဖြစ်မှ ငြိမ်းသွားပြီ။ သို့သော် မြဝတီပုံနှိပ်တိုက်က ဆက်လက်ထိန်းသိမ်းသွားမည်ဆို၍ "ငွေတာရီ" ဆိုသော အမည်ကလေးတော့ ကျန်နေဦးမည်ဖြစ်သည်။"

**ချစ်သော ငွေတာရီ**

ဆရာထင်လင်းက လွန်ခဲ့သော နှစ် ၃၀ က မြန်မာသက္ကရာဇ် ၁၃၄၁ နတ်တော်လဆန်း ၁ ရက်နေ့ စာဆိုတော်နေ့ အထိမ်းအမှတ် စာပေလောက စာစောင်တွင် "ချစ်သောငွေတာရီ"ဆောင်းပါးကို အမှတ်ထင်ထင်မော်ကွန်းတင်ရေးခဲ့ပေသည်။ ၄၉ နှစ်မြောက် ငွေတာရီ အထူးထုတ် မဂ္ဂဇင်း မျက်နှာဖုံးမှာ ကဗျာဆရာ၊ စာရေးဆရာငွေတာရီ အသက် (၃၀) ပြည့်နှစ်အရွယ်တွင် ရိုက်ကူးလာခဲ့သော ဓာတ်ပုံအား ပန်းချီဆရာမောင်မောင်သိုက်က အမှတ်တရပုံတူခြယ်မှုန်းအလှဆင်ဂုဏ်ပြုထားခဲ့ပေသည်။ ထူးထူးခြားခြားတိုက်ဆိုင်ခွင့်ကြုံကြိုက်နေမှုကို ဂုဏ်ပြုလိုပေသည်။

၄၉ နှစ်မြောက် ငွေတာရီအထူးထုတ်တွင် ကဗျာရှင်များ၊ စာရေးဆရာများက အမှတ်တရ ဂုဏ်ပြုရေးဖွဲ့ပေးခဲ့ကြပေသည်။ ဆရာမင်းယုဝေက "ငွေတာရီမဂ္ဂဇင်းနှင့် ကျွန်တော် ဆောင်းပါးဖြင့် ငွေတာရီအမှတ် ၁ ကို ပြန်ပြောင်းအောက်မေ့ကာ ရေးပြထားပေသည်။ ဆောင်းပါးနှင့် သင့်တင့်စပ်အပ်မိအောင် ကျွန်တော် တက္ကသိုလ်တင်ခက "ဆရာထင်လင်း၏ ချစ်သော ငွေတာရီ"ဆောင်းပါးဖြင့် ထပ်ဆင့်ဂုဏ်ပြုမှတ်တမ်းတင်ရခြင်းဖြစ်ပေသည်။

နိဂုံးအားဖြင့် ဆရာထင်လင်း၏ ချစ်သောငွေတာရီ ဆောင်းပါးတွင် နိဂုံးပိုင်းမှာ "ဤအမည်ကလေးကျန်နေသမျှ ကျွန်တော်တို့သည် မခင်ရီကို သတိရနေကြမည်။ မခင်ရီကိုသတိရနေကြသမျှ ကျွန်တော်တို့တွင် စာပေစိတ်ခိုင်မြဲနေမည်။ ကျွန်တော်တို့တွင် စာပေစိတ်ခိုင်မြဲနေဖို့သာ အရေးကြီးသည်ဟု အောက်မေ့ထားလိုက်ပါသည်။" ဟူ၍ ဖော်ညွှန်းထားသည်ကိုပင် မော်ကွန်းတင်လိုက်ရပေသည်။

## မိုးရာသီသဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးဆွေးနွေး

**ဒေါပုံ ဇူလိုင် ၁၃**

ရန်ကုန်အရှေ့ပိုင်းခရိုင် ဒေါပုံမြို့နယ်တွင် ဇူလိုင် ၁၂ ရက် မွန်းလွဲပိုင်းက ဒေါပုံမြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူးရုံး၌ မြို့နယ်အုပ်ချုပ် ရေးမှူးဦးစိုးဝင်းနိုင်နှင့် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးစိုးမြင့်အောင်တို့သည် မိုးရာသီရောက်ရှိပြီးဖြစ်၍ သဘာဝဘေးအန္တရာယ်များ အချိန်မရွေးကျရောက်နိုင် ခြင်းကြောင့် အုပ်ချုပ်ရေးအဖွဲ့များမှ ကြိုတင်ပြင်ဆင်ထားရန်လိုအပ်ကြောင်းနှင့် မိမိတို့ဘက်မှလည်း တတ်နိုင်သမျှကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း တွေ့ဆုံဆွေးနွေးပွဲတွင်ပြောကြားသည်။



**ကိုထင်ကျော်**

## အင်္ဂပူမြို့နယ် ညောင်ကျိုးကျေးရွာတွင် ရေဘေးသဏ္ဍာန်တူ ဇာတ်တိုက်လေ့ကျင့်

**အင်္ဂပူ ဇူလိုင် ၁၃**

မြစ်ကမ်းဘေးကျေးရွာများမှ ပြည်သူများ စုပေါင်းပြီး ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန်ရည်ရွယ်၍ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာနနှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့ ပူးပေါင်းပြီး ဇူလိုင် ၁၂ ရက် နံနက် ၁၀ နာရီ က အင်္ဂပူမြို့နယ် ညောင်ကျိုးကျေးရွာအုပ်စု ညောင်ကျိုးကျေးရွာ၌ ကျေးရွာပြည်သူများနှင့် ကယ်ဆယ်ရေးအဖွဲ့များ ပူးပေါင်းပြီး ရေဘေးသဏ္ဍာန်တူ ဇာတ်တိုက်လေ့ကျင့်ခဲ့သည်။

ယင်းနောက် တိုင်းဒေသကြီးကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနမှ တိုင်းဦးစီးမှူးဦးသန်းစိုး၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးမျိုးအောင်တို့က ရေဘေးသဏ္ဍာန်တူ ဇာတ်တိုက်လေ့ကျင့်ရခြင်း ရည်ရွယ်ချက်များနှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရဲရင့်လှိုင်က သဘာဝဘေးအန္တရာယ်များကာကွယ်ရေးအတွက် ဆောင်ရွက်ထားရှိမှုများကိုရှင်းလင်းပြောကြားခဲ့ပြီး ဟသ်ာတမြို့နယ်တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးကျော်စိုးနှင့် တိုင်းဒေသကြီးကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာန တိုင်းဦးစီးမှူးဦးသန်းစိုးနှင့်အဖွဲ့များက ဇာတ်တိုက်လေ့ကျင့်မှုတွင်ပူးပေါင်းဆောင်ရွက်ကြသော ပြည်သူများအား ထမင်းထုပ်များ ဝေငှပေးခဲ့သည်။

ယင်းဇာတ်တိုက်လေ့ကျင့်ရာသို့ ဟသ်ာတမြို့နယ် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးကျော်စိုးနှင့် တိုင်းဒေသကြီးကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာနမှ တိုင်းဦးစီးမှူးဦးသန်းစိုး၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးမျိုးအောင်နှင့်ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်အုပ်ချုပ်ရေးမှူးဦးရဲရင့်လှိုင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်မိရပ်ဖများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ လူမှုရေးအဖွဲ့များ၊ ကျေးရွာပြည်သူများ တက်ရောက်ခဲ့ကြောင်းသိရသည်။

**မန်းကျော်(ပြန်/ဆက်)**

# Psy ရဲ့တေးဗီဒီယိုသစ် စတင်စမ်းသပ်ထုတ်လွှင့်



Psy ဟာ လတ်တလောမှာတော့ သူ့ရဲ့ တေးအယ်လ်ဘမ်သစ်မှာပါဝင်တဲ့ တေးသီချင်း တစ်ပုဒ်ရဲ့ တေးဗီဒီယိုကို စတင်စမ်းသပ် ထုတ်လွှင့်လိုက်ပြီဖြစ်ပါတယ်။ "4 + 2 = 8"လို့ အမည်ပေးထားတဲ့ Psy ရဲ့ တေးအယ်လ်ဘမ်သစ်ဟာ အော်ဒီယိုအဖြစ် ထုတ်လွှင့်ခဲ့ပြီး ဖြစ်ကာ ပါဝင်တဲ့ တေးသီချင်းတွေရဲ့ တေးဗီဒီယိုတွေကိုတော့ ပြင်ဆင်ထုတ်လွှင့်နေတာ ဖြစ်ပါတယ်။

ပြီးခဲ့တဲ့ ဇူလိုင် ၁၃ ရက်မှာ Psy ရဲ့ ဖျော်ဖြေရေးအေဂျင်စီဖြစ်တဲ့ ဝိုင်ဂျီအန်တာတိန်းမန့်က ယင်းတေးအယ်လ်ဘမ်မှာ ပါဝင်တဲ့ တေးသီချင်းတစ်ပုဒ်ဖြစ်တဲ့ "Love" အတွက် တေးဗီဒီယိုကို အစမ်းသဘော ထုတ်လွှင့်ပြသခဲ့တာဖြစ်ကြောင်း ကိုရီးယားဘိုးဒေါ့ကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

"Love" ဟာ Psy ရဲ့ ရှစ်ခုမြောက် တေးအယ်လ်ဘမ်မှာ ပါဝင်နေတဲ့ တေးသီချင်း တစ်ပုဒ်ဖြစ်ပြီး အစမ်းဗီဒီယိုရဲ့အစမှာတော့ Psy ဟာ ကျွန်တော်တို့လိုအပ်နေတာက အချစ်ဖြစ်ပါတယ်လို့အဓိပ္ပါယ်ရတဲ့ စာသားတွေကို သီဆိုထားတာတွေ့ရပါတယ်။ တေးဗီဒီယိုရဲ့ အဆုံးမှာတော့ အကအဖွဲ့တစ်ဖွဲ့ဟာ ငြိမ်းချမ်းရေးသင်္ကေတတွေကို ကိုယ်စီပြုလုပ်ထားရင်းကနေတဲ့ဟန်နဲ့ အဆုံးသတ်ထားတာဖြစ်တယ်လို့လည်း သိရပါတယ်။ ယင်းတေးသီချင်းကိုတော့ Psy နဲ့အတူ နာမည်ကျော် တေးသံရှင်တစ်ဦးဖြစ်တဲ့ "BIGBANG"တေးဂီတအဖွဲ့မှ တေးယန်လည်း ပါဝင်အားဖြည့်သီဆိုပေးထားတာ ဖြစ်ပါတယ်။

လာမယ့် ဇူလိုင် ၁၇ ရက်မှာတော့ "Love"ရဲ့ တေးဗီဒီယိုအပြည့်အစုံကို ထုတ်လွှင့်ပြသသွားမှာဖြစ်ပြီး Psy ဟာ သူ့ရဲ့ လာမယ့် နွေရာသီ နယ်လှည့်ဖျော်ဖြေရေး အစီအစဉ်တွေကိုလည်း တောင်ကိုရီးယားနိုင်ငံ ဘူဆန်မြို့မှာ ဖျော်ဖြေမှုနဲ့ စတင်သွားမှာ ဖြစ်တယ်လို့လည်း သိရပါတယ်။

## မန်ချက်စတာရဲ့ ဂုဏ်ပြုခံနိုင်ငံသားတစ်ဦးဖြစ်လာတဲ့ အရီရန်နာဂရန်းဒ်

—— အေးပြည့် – စုစည်းသည် ——

ပြီးခဲ့တဲ့ မန်ချက်စတာဖျော်ဖြေပွဲအတွင်း ဗုံးပေါက်ကွဲခဲ့တာကြောင့် ဖျော်ဖြေပွဲဖျက်သိမ်းခဲ့ပြီး ထိခိုက်ဒဏ်ရာရခဲ့တဲ့ ပရိသတ်တွေ အတွက် ရန်ပုံငွေဖျော်ဖြေပွဲတစ်ရပ်ကို ဗုံးပေါက်ကွဲခဲ့ရာ မန်ချက်စတာမြို့မှာပဲ ပြန်လည်ပြုလုပ်ခဲ့တဲ့ အမေရိကန် ပေါ့ပ်ကြယ်ပွင့် အရီရန်နာဂရန်းဒ်ကို မန်ချက်စတာမြို့က မြို့တော်ရဲ့ ဂုဏ်ပြုခံနိုင်ငံသားတစ်ဦးအဖြစ် သတ်မှတ်ပေး ခဲ့ပြီဖြစ်ကြောင်း အေ့စ်ရှိုးဘစ်ဇ်ဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေ အရ သိရပါတယ်။



"Dangerous Woman"နယ်လှည့်ဖျော်ဖြေပွဲခရီးစဉ်တွေ အနက် ပြီးခဲ့တဲ့ မေ ၂၂ ရက်မှာ မန်ချက်စတာအရီနာမှာ ဖျော်ဖြေခဲ့တဲ့ပွဲမှာတော့ အသေခံဗုံးဖောက်ခွဲမှုဖြစ်ပွားခဲ့တာ ဖြစ်ပါတယ်။ ယင်းအကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ်ကြောင့် ၂၂ ဦး သေဆုံးခဲ့ကာ အများအပြား ထိခိုက်ဒဏ်ရာရခဲ့ကြတာ ဖြစ်ပါတယ်။ ဒီလိုနစ်နာမှုတွေနဲ့ ကြုံတွေ့ခဲ့ရတဲ့ ပရိသတ်တွေအတွက် အရီရန်နာဂရန်းဒ်က ပြီးခဲ့တဲ့ ဇွန် ၄ ရက်မှာတော့ မန်ချက်စတာ မှာပဲ ဖျော်ဖြေပွဲပြန်လည်ပြုလုပ်ပေးခဲ့တာ ဖြစ်ပါတယ်။ ရန်ပုံငွေ ဖျော်ဖြေပွဲတစ်ရပ်အဖြစ် ကျင်းပတာဖြစ်ပြီး ရရှိခဲ့တဲ့ဝင်ငွေတွေနဲ့ အလှူငွေတွေကိုတော့ ဗုံးပေါက်ကွဲမှုအတွင်း ထိခိုက်သေဆုံးခဲ့ရတဲ့ သူတွေအတွက် ပံ့ပိုးတာတွေနဲ့ အရေးပေါ်အကူအညီပေးရေး အဖွဲ့အစည်းတွေကို လှူဒါန်းတာတွေပြုခဲ့ပါတယ်။

"We Love Manchester"လို့ အမည်ပေးကာ ကျင်းပခဲ့တဲ့ အရီရန်နာဂရန်းဒ်ရဲ့ ရန်ပုံငွေဖျော်ဖြေပွဲမှာတော့ အခြားသောနာမည်ကျော်တေးသံရှင်တွေလည်း ပါဝင်အားဖြည့်သီဆိုပေးခဲ့တာလည်း ဖြစ်ပါတယ်။

ဒီလို ပရိသတ်တွေအတွက် ရည်ရွယ်ကာ ပြန်လည်ထောက်ပံ့ပေးခဲ့တဲ့ အသက်(၂၄)နှစ်အရွယ်ပေါ့ပ်ကြယ်ပွင့် အရီရန်နာဂရန်းဒ်ရဲ့ ရဲရင့်တဲ့လုပ်ဆောင်မှုတွေကို ချီးကျူးတဲ့အနေနဲ့ မန်ချက်စတာမြို့တော်က သူ့ကို ဂုဏ်ပြုခံနိုင်ငံသားတစ်ဦးအဖြစ် သတ်မှတ်ပေးခဲ့တာဖြစ်ပါတယ်။

## T.O.P ကို လွမ်းဆွတ်နေတဲ့ G-Dragon

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ အမျိုးသားတေးဂီတအဖွဲ့တစ်ဖွဲ့ ဖြစ်တဲ့ "BIGBANG"မှ အဖွဲ့ဝင်တစ်ဦးဖြစ်တဲ့ G- Dragon ဟာ လတ်တလောမှာ သူ့ရဲ့ လူမှုကွန်ရက်မီဒီယာစာမျက်နှာပေါ်မှာ သူ့ရဲ့ တေးဂီတအဖွဲ့မှ အဖွဲ့ဝင်တစ်ဦးဖြစ်တဲ့ T. O. P ရဲ့ ဓာတ်ပုံတစ်ပုံကို ဖော်ပြခဲ့ပါတယ်။ ယင်းဓာတ်ပုံဟာ ပြီးခဲ့တဲ့ တစ်နှစ်ခန့်အကြာက T. O. P ကိုယ်တိုင် သူ့ရဲ့လူမှုကွန်ရက်စာမျက်နှာပေါ်မှာ ဖော်ပြခဲ့တဲ့ ဓာတ်ပုံဖြစ်ပါတယ်။ ဒီလိုဖော်ပြခဲ့တာကြောင့် လတ်တလောမှာ စစ်မှုထမ်းနေရပြီး စစ်မှုထမ်းကာလအတွင်း ဆေးခြောက်ပြဿနာတွေကြောင့် တရားရင်ဆိုင်နေရတဲ့ တစ်ဖွဲ့တည်းသားဖြစ်တဲ့ T. O. P ကို G-Dragon အနေနဲ့ လွမ်းဆွတ်နေပုံရကြောင်း အေ့စ်ရှိုးဘစ်ဇ် ဒေ့ါကွန်းက ဖော်ပြခဲ့ပါတယ်။

လတ်တလောမှာ G-Dragon က သူ့ရဲ့အင်စတာဂရမ်စာမျက်နှာပေါ်မှာ T.O.P ရဲ့ ဓာတ်ပုံကိုဖော်ပြခဲ့တာဟာ တစ်ဖွဲ့တည်းသားဖြစ်တဲ့ T.O.P မရှိတာကြောင့် သူ့အနေနဲ့ အထီးကျန်သလိုခံစားနေရပုံပေါ်နေကြောင်းလည်း ပရိသတ်တွေက ထင်ကြေးပေးနေကြပါတယ်။

G-Dragon ဖော်ပြခဲ့တဲ့ ဓာတ်ပုံရဲ့အောက်မှာ အချို့သော ပရိသတ်တွေက သူတို့ဟာလည်း T.O.P ကို လွမ်းဆွတ်နေတာဖြစ်ကြောင်း ပြန်လည်ရေးသားဖော်ပြခဲ့ကြတာတွေ့ရပါတယ်။ ဒ့ါအပြင် အချို့သောပရိသတ်တွေကတော့ ဒီလိုခွဲခွာနေရတာဟာ အခိုက်အတန့်သာဖြစ်ကြောင်းနဲ့ အဖွဲ့ဝင်နှစ်ဦးအတွက် အားပေးစကားတွေကိုလည်း ရေးသားဖော်ပြခဲ့ကြတာတွေ့ရပါတယ်။ အချို့ကလည်း လတ်တလောမှာ အမှုရင်ဆိုင်နေရတဲ့ T.O.P ကို သူတို့ဟာ ပေါ့ပ်ကြယ်ပွင့်ဘက်မှာရှိနေမှာဖြစ်ကြောင်းနဲ့ အမြဲအားပေးနေမှာဖြစ်ကြောင်း ပြန်လည်ရေးသားဖော်ပြခဲ့တာကိုလည်း တွေ့ရပါတယ်။



## အောင်မြင်မှုသစ်နဲ့ Black Pink

တောင်ကိုရီးယားရဲ့ တက်သစ်စအမျိုးသမီးတေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ Black Pink ဟာ ယခုနှစ်တွေ အတွင်းမှာ အောင်မြင်မှုတွေ ဆက်တိုက်ရရှိလာခဲ့တာဖြစ်ပါတယ်။ အဖွဲ့ရဲ့ တေးသီချင်းသစ်ရဲ့ ကျော်ကြားမှုတွေနဲ့အတူ အောင်မြင်မှုတွေကို ထပ်ဆောင်းရရှိလာခဲ့ပါတယ်။ လတ်တလောမှာလည်း Black Pink ဟာ အွန်လိုင်းတေးဂီတဝက်ဘ်ဆိုက်တစ်ခုဖြစ်တဲ့ Youtube ပေါ်မှာ ကြည့်ရှုသူပရိသတ် သန်း ၆၀ ကို အမြန်ဆုံးပိုင်ဆိုင်ခွင့်ရရှိတဲ့ တောင်ကိုရီးယားတေးဂီတအဖွဲ့အဖြစ် စံချိန်သစ်တင်နိုင်ခဲ့တာ ဖြစ်ပါတယ်။

Black Pink ရဲ့ လူကြိုက်များတဲ့ တေးသီချင်းတစ်ပုဒ်ဖြစ်တဲ့ "As If It's Your Last"ဟာ ပြီးခဲ့တဲ့ ဇူလိုင် ၁၂ ရက်မှာတော့ Youtube ပေါ်ကနေတစ်ဆင့် ကြည့်ရှုသူ ၆၀ သန်းကျော်သွားခဲ့ပြီဖြစ်ပါတယ်။ လတ်တလောမှာတော့ ကြည့်ရှုသူအရေအတွက်ဟာ ၆၁ သန်းကျော်သွားခဲ့ပြီဖြစ်ပါတယ်။

Black Pink အနေနဲ့ ဒီလိုအချိန်တိုအတွင်း ပရိသတ်တွေရဲ့ အားပေးမှုကို ရရှိခဲ့ခြင်းဟာ တောင်ကိုရီးယားတေးဂီတသမိုင်းတစ်လျှောက်မှာတော့ ကြည့်ရှုသူ သန်း ၆၀ ကို အမြန်ဆုံးပိုင်ဆိုင်ခွင့်ရရှိခဲ့တဲ့ ကေပေါ့ပ်တေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်လာခဲ့ကြောင်းလည်း အောကေပေါ့ပ်ဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။



## နယ်လှည့်ဖျော်ပွဲတွေကို ပြန်လည်ပြုလုပ်သွားမယ့် အဒဲလ်

ပြီးခဲ့တဲ့ သီတင်းပတ်အတွင်းက ဖျော်ဖြေပွဲ တစ်ခုမှာ နယ်လှည့်ဖျော်ဖြေပွဲတွေကို ပြန်လည်ပြုလုပ်ဖြစ်တော့မှာ မဟုတ်ကြောင်း အရိပ်အမြွက်ပြောကြားခဲ့တဲ့ ဗြိတိန်ပေါ့ပ်ကြယ်ပွင့် အဒဲလ်က လတ်လောမှာတော့ နယ်လှည့်ဖျော်ဖြေပွဲတွေကို ပြန်လည်စတင်သွားမှာ ဖြစ်ကြောင်း သတင်းတွေ ထပ်မံပေါ်ထွက်လာခဲ့ကြောင်း အေ့စ်ရှိုးဘစ်ဇ်ဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေ အရ သိရပါတယ်။

"Hello"တေးသီချင်းနဲ့ ကမ္ဘာကျော်ခဲ့တဲ့ တေးသံရှင် အဒဲလ်က ဖျော်ဖြေပွဲတွေကို လက်ခံပြုလုပ်ပေးသွားမှာဖြစ်ကြောင်း ပြောကြားခဲ့ပေမယ့် အချိန်ကာလအတော်ကြာမှသာ ဖြစ်နိုင်မှာဖြစ်ကြောင်း မီဒီယာတစ်ခုကိုပြောကြားခဲ့တယ်လို့ သတင်းရင်းမြစ်တစ်ဦးရဲ့ ပြောကြားချက်ကို ကိုးကားဖော်ပြခဲ့တာ တွေ့ရပါတယ်။

လတ်တလောမှာတော့ အဒဲလ်ဟာ နယ်လှည့်ဖျော်ဖြေပွဲတွေကို ရပ်နားထားကာ အသက် လေးနှစ်အရွယ်ရှိပြီဖြစ်တဲ့ သားလေး အန်ဂျလိုနဲ့ မိသားစုကို အချိန်ပေးသွားဖို့ စိတ်ကူးတွေရှိနေတာဖြစ်ပြီး နောက်ထပ် ရင်သွေးလေးကိုလည်း မျှော်လင့်နေတာဖြစ်တယ်လို့ သိရပါတယ်။ ဒ့ါအပြင် မကြာသေးမီက အဒဲလ်ဟာ ခင်ပွန်းသည် ဆိုင်မွန်ကော်ဝဲလ်၊ အခြားသော မိသားစုဝင်တွေနဲ့အတူ အမေရိကန်မှ အပြီးတိုင်ထွက်ခွာကာ လန်ဒန်မှာ ပြန်လည်အခြေချသွားမှာ ဖြစ်တယ်လို့လည်း သတင်းတွေ ပေါ်ထွက်ခဲ့ပါတယ်။

ပြီးခဲ့တဲ့ ဇွန် ၂၈ ရက်က ဝင်ဘလေကွင်းမှာ ပြုလုပ်ခဲ့တဲ့ဖျော်ဖြေပွဲမှာ အဒဲလ်က သူ့ရဲ့ပရိသတ်တွေအတွက် ရည်ရွယ်ရေးသားထားတဲ့ စာရှည်ကြီးတစ်စောင်ကို ပြသခဲ့ပါတယ်။ ယင်းစာမှာတော့ အဒဲလ်က သူ့အနေနဲ့ နယ်လှည့်ဖျော်ဖြေပွဲအတွက် ပေးဆပ်ခဲ့ရတဲ့ သူ့ရဲ့အချိန်တွေနဲ့ ဖျော်ဖြေခဲ့တဲ့ နိုင်ငံတွေကို ထည့်သွင်းဖော်ပြခဲ့တာ တွေ့ရပါတယ်။ ဒ့ါအပြင် အဒဲလ်က သူဟာ အိမ်မှာနေရတာကို ကြိုက်တဲ့သူတစ်ဦး ဖြစ်တာနဲ့အညီ ယခုလိုပြုလုပ်ခဲ့တဲ့ နယ်လှည့်ဖျော်ဖြေပွဲတွေဟာ သူ့ရဲ့ အကြိုက်၊ စရိုက်နဲ့ ကိုက်ညီမှုမရှိကြောင်းနဲ့ နယ်လှည့်ဖျော်ဖြေပွဲတွေဟာ တေးသံရှင် တစ်ဦးရဲ့ ဘဝမှာတော့ ပုံမှန်လုပ်ဆောင်နေကျ အရာတစ်ခုဖြစ်ပေမယ့် သူ့အနေနဲ့ကတော့ သူ့ရဲ့ပရိသတ်တွေအတွက်သာ ယခုလို နယ်လှည့်ဖျော်ဖြေပွဲတွေကို ကျင်းပခဲ့ခြင်းဖြစ်တယ်လို့လည်း ဖွင့်ဟခဲ့တာတွေ့ရပါတယ်။

ဒ့ါအပြင် ဇာတိမြေကို အစွဲအလမ်းကြီးတဲ့ အဒဲလ်က သူ့ရဲ့ နယ်လှည့်ဖျော်ဖြေပွဲကို လန်ဒန်မှာသာ အဆုံးသတ်လိုကြောင်းနဲ့ အကြောင်းကတော့ သူဟာ နောက်ထပ် ဖျော်ဖြေပွဲတွေ ပြုလုပ်ဖြစ်၊ မဖြစ်ဟာ မသေချာတော့တာကြောင့်ဖြစ်တယ်လို့လည်း ထုတ်ဖော်ပြောကြားခဲ့ဖူးတယ်လို့လည်း သိရပါတယ်။

## ပြည်သူသာအမိ၊ ပြည်သူသာအဖ စိတ်ဓာတ်ဖြင့် ဆက်ဆံဆောင်ရွက်ပါက ပြည်သူများ၏ ပူးပေါင်းပါဝင်မှုရရှိ

**လှိုင်ကော် ဇူလိုင် ၁၃**

ကယားပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဦးကျော်လင်းမောင်နှင့် ပြည်နယ်အတွင်းရှိ ရှေ့နေကြီးများ တွေ့ဆုံပွဲကို ဇူလိုင် ၁၂ ရက် နံနက် ၁၀ နာရီက လွိုင်ကော်မြို့ ခရိုင်တရားရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

တွေ့ဆုံပွဲတွင် ကယားပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဦးကျော်လင်းမောင်က ပြည်သူသာအမိ၊ ပြည်သူသာအဖ စိတ်ဓာတ်ဖြင့် ဆက်ဆံဆောင်ရွက်ပါက ပြည်သူများ၏ ပူးပေါင်းပါဝင်မှုရရှိပြီး ပြည်သူနှင့် တစ်သားတည်း ဆောင်ရွက်ခြင်းဖြင့် ပြည်သူများ ယုံကြည်အားကိုးသော တရားစီရင်ရေးစနစ် ဖော်ဆောင်နိုင်မှာဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသော ရှေ့နေကြီးများက ပြည်နယ်အတွင်း အမှုလိုက်ပါ ဆောင်ရွက်ခြင်းနှင့် စပ်လျဉ်း၍ တွေ့ကြုံရသည်များကို ဆွေးနွေး တင်ပြကြသည်။ အဆိုပါ တွေ့ဆုံပွဲသို့ တရားလွှတ်တော် ရှေ့နေ ၁၀ ဦး၊ အထက်တန်းရှေ့နေ ၂၉ ဦးနှင့် အလုပ်သင်ရှေ့နေ ခြောက်ဦး တက်ရောက်ကြကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

## ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်လုံးကျွတ် သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေးဆောင်ရွက်

**ဒဂုံမြို့သစ်(ဆိပ်ကမ်း) ဇူလိုင် ၁၃**

မိုးတွင်းကာလတွင် သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားနိုင်၍ ရောဂါကာကွယ် နှိမ်နင်းရေးအတွက် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အားလုံး၌ ဇူလိုင် ၁၂ ရက် နံနက် ၈ နာရီမှစတင်၍ ကျန်းမာရေး စီမံချက်လုပ်ငန်းများဆောင် ရွက်ကြရာ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၌ ရပ်ကွက်/ကျေးရွာပေါင်း ၂၀ ကို တစ်ပြိုင်တည်း မြို့နယ်ကျန်းမာရေးဝန်ထမ်းများနှင့် ပူးပေါင်းပါ အဖွဲ့ဝင်များသည် အိမ်တိုင်ရာရောက်ကွင်းဆင်း၍ အဘိတ်ဆေးခတ်ခြင်း၊ ခြင်ဆေးမှုတ်ခြင်း၊ ဖုံး၊ သွန်၊ လဲ၊ စစ်၊ သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေး စီမံချက်လုပ်ငန်းများကို ဆောင်ရွက်ကြသည်။

ယင်းနောက် မြို့နယ်မြို့မရဲတပ်ဖွဲ့ စခန်းမြို့နယ်မှူးရုံးခန်းမ၌ အသိပညာပေး ဟောပြောရာ ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဌေးလွင်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာအေးမူယာကျော်က ကျန်းမာရေးနှင့် သက်ဆိုင်သော သိကောင်းစရာ အကြောင်းအရာကိုလည်းကောင်း၊ မြို့နယ်ကျန်းမာရေးမှူး အဆင့်(၁) ဦးအောင် မိုးပန်းက သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေး ရုပ်ပုံ၊ ပန်းချီကားချပ်များဖြင့်လည်းကောင်း အသိပညာပေးဟောပြောကြောင်း သိရသည်။ **(၅၁၂)**

## သဘာဝပတ်ဝန်းကျင်ဆိုင်ရာစီမံခန့်ခွဲမှုသင်တန်းဖွင့်

**ပဲခူး ဇူလိုင် ၁၃**

ရေအရင်းအမြစ်များဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ၌ သဘာဝပတ်ဝန်းကျင်နှင့် ဆက်စပ်သည့် စီမံခန့်ခွဲမှုလိုအပ်ချက်များဆိုင်ရာ သင်တန်းဖွင့်ပွဲကို ဇူလိုင် ၁၂ ရက်က ဆည်မြောင်းပညာရပ်ဖွံ့ဖြိုးမှုလေ့ကျင့်ရေးဌာနခွဲ (ပဲခူးမြို့)၌ ဖွင့်လှစ်သည်။

ဆည်မြောင်းပညာရပ်ဖွံ့ဖြိုးမှုလေ့ကျင့်ရေးဌာနခွဲ ညွှန်ကြားရေးမှူး ဦးဇော်မင်းထွဋ်က ဆွေးနွေးမည့် ဘာသာရပ်များအကြောင်း ရှင်းလင်းပြောကြားသည်။ သင်တန်းသို့ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနအသီးသီးမှ အရာထမ်းများနှင့် မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း (ပဲခူးတိုင်းဒေသကြီး)မှ အင်ဂျင်နီယာများ တက်ရောက်ကြောင်း သိရသည်။ **(၅၈၈)**

## မြေအောက်ရေစမ်းသပ်မှုလုပ်ငန်းများဆောင်ရွက်

**သထုံ ဇူလိုင် ၁၃**

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန (ရုံးချုပ်)၏ ပံ့ပိုးကြီးကြပ်မှုဖြင့် သထုံမြို့နယ်ကျေးရွာများတွင် ကျေးလက်ရေပေးလုပ်ငန်းများဖြစ်သည့် စက်ရေတွင်း (တွင်းနက်) တူးဖော်ရာတွင် မြေအောက်ရေရရှိနိုင်မှု ကြိုတင်တိုင်းတာရန် အတွက် ဇူလိုင် ၁၁ ရက်က မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီး မှူးနှင့် ဝန်ထမ်းများက မြေအောက်ရေစမ်းသပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**(ကြေးမုံ)**

## မြစိမ်းရောင်ရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များရွေးချယ်

**မှော်ဘီ ဇူလိုင် ၁၃**

မှော်ဘီမြို့နယ် ဝါးနက်ချောင်းကျေးရွာအုပ်စု ဝါးဖြူတောကျေးရွာတွင် ဇူလိုင် ၁၁ ရက် နံနက်ပိုင်းက မြစိမ်းရောင်ရန်ပုံငွေ ကြီးကြပ်မှုကော်မတီ ရွေးချယ်ပွဲ ကျင်းပခဲ့သည်။

အဆိုပါ ကော်မတီရွေးချယ်ပွဲသို့ အမှတ် (၂) တိုင်းဒေသကြီး လွှတ်တော် ကိုယ်စားလှယ်ဦးသန်းအောင်၊ မြောက်ပိုင်းခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုး တက်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဖြူဖြူထွေး၊ မြို့နယ် ဦးစီးမှူး ဦးသန်းဦးနှင့် ရုံးအဖွဲ့ဝန်ထမ်းများ တက်ရောက်၍ မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်း ရည်ရွယ်ချက်များအား ရှင်းလင်းပြောကြားပြီး အများဆန္ဒဖြင့် မြစိမ်းရောင် ရန်ပုံငွေကြီးကြပ်မှု ကော်မတီဝင်များ ရွေးချယ် ပေးခဲ့ကြောင်းသိရသည်။

**(သက်မှူး)**

## ပဲခူးတိုင်းဒေသကြီး တရားဥပဒေစိုးမိုးရေးနှင့် တရားမျှတမှုဆိုင်ရာလုပ်ငန်းများ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ခွဲ လုပ်ငန်းညှိနှိုင်းစည်းဝေး

**ပဲခူး ဇူလိုင် ၁၃**

ပဲခူးတိုင်းဒေသကြီးဥပဒေချုပ်ရုံး၌ ဇူလိုင် ၁၃ ရက် နံနက် ၉ နာရီက ပဲခူးတိုင်းဒေသကြီး တရားဥပဒေစိုးမိုးရေးနှင့် တရားမျှတမှုဆိုင်ရာ လုပ်ငန်းများ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ခွဲရုံးဆိုင်းဘုတ်တင်ပွဲနှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးပွဲ အခမ်းအနား ကျင်းပခဲ့သည်။

ရှေးဦးစွာ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်းက ရုံးဆိုင်းဘုတ်အားစက်ခလုတ်နှိပ် ဖွင့်လှစ်ပေးပြီး တိုင်းဒေသကြီးဥပဒေရုံး အစည်းအဝေးခန်းမ၌ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ဆက်လက် ကျင်းပသည်။

လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ဝန်ကြီးချုပ် ဦးဝင်းသိန်း၊ ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဒုတိယ ဥက္ကဋ္ဌ ဦးကြည်ဇင်၊ တရားလွှတ်တော်တရားသူကြီးချုပ်ဦးမောင်မောင်ရွှေတို့က အဖွင့်အမှာ စကားပြောကြားကြပြီး ဥပဒေချုပ်ဦးအုန်းမြင့်က ရုံးခန်းဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍လည်းကောင်း၊ သယံဇာတ၊ သစ်တောနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီး ဦးကျော်မင်းစံက ဥပဒေဆိုင်ရာအချက်အလက်များနှင့် ပတ်သက်၍ လည်းကောင်း အသီးသီးရှင်းလင်းပြောကြားကြသည်။

ပဲခူးတိုင်းဒေသကြီးတရားဥပဒေစိုးမိုးရေးဌာနနှင့် တရားမျှတမှုဆိုင်ရာလုပ်ငန်းများ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ခွဲရုံးအား ပဲခူးမြို့ ရုံးကြီးရပ်ကွက် ဥပဒေရုံးလမ်းရှိ တိုင်းဒေသကြီး ဥပဒေရုံးအောက်ထပ်တွင် အဖွဲ့ဝင်ရှစ်ဦးဖြင့် ဖွဲ့စည်းဖွင့်လှစ်ထားရှိပြီး ပဲခူးတိုင်းဒေသကြီး လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးကြည်ဇင်က အဖွဲ့ခေါင်းဆောင်အဖြစ်လည်းကောင်း၊ တိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ တိုင်းဒေသကြီးအုပ်ချုပ်ရေးမှူး၊ တိုင်းဒေသကြီးလွှတ်တော်တရားရေးဦးစီးမှူး၊ တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး၊ တိုင်းဒေသကြီးဥပဒေအရာရှိ တရားလွှတ်တော်ရှေ့နေဦးအောင်ထွန်း၊ အရပ်ဘက် လူမှုအဖွဲ့အစည်းမှကိုယ်စားလှယ် ဦးသန်းဦးနှင့် ဦးမင်းသူရအောင်တို့က အဖွဲ့ဝင်များအဖြစ် လည်းကောင်း ပါဝင်ဖွဲ့စည်းထားကြောင်းသိရသည်။

**တင်စိုး(ပဲခူး)**

## လူနာများအား ဝန်ဆောင်မှုအကောင်းဆုံးပေးနိုင်ရေး မှာကြား

**ဒလ ဇူလိုင် ၁၃**

ရန်ကုန်တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဦးနိုင်ငံလင်းသည် အမှတ်(၁) ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းရင်၊ အမှတ်(၂) ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးထွေးတင်၊ တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာဝင်းလွင်နှင့် မြို့နယ်တာဝန်ရှိသူများသည် ဇူလိုင် ၁၂ ရက် နံနက်ပိုင်းက ဒလမြို့နယ်အတွင်း ကွင်းဆင်းကြည့်ရှုသည်။



မြို့နယ်အတွင်းရှိ အမှတ်(၇)အခြေခံပညာမူလတန်းကျောင်း၊ အထက်တန်းကျောင်း(ခွဲ) အ.လ.က(၁)၊ အထက်တန်းကျောင်းခွဲ ရခိုင်ချောင်းကျေးရွာနှင့် အမှတ်(၁) အထက်တန်းကျောင်းများသို့ သွားရောက်ခဲ့ပြီး ကျောင်းကျန်းမာရေး၊ ကျောင်းပတ်ဝန်းကျင် သန့်ရှင်းသာယာလှပစေရေး၊ သွေးလွန်တုပ်ကွေးရောဂါ မဖြစ်ပွားစေရေးအတွက် ခြင်နှင့် ပိုးလောက်လမ်းများ နှိမ်နင်းရေးအတွက် အဘိတ်ဆေးများ ခတ်ခြင်းတို့ကို ကျောင်းသား ကျောင်းသူများ သိရှိလိုက်နာစေရန် သရုပ်ဖော်ပြသဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထို့နောက် လူမှုရေးဝန်ကြီးနှင့်အဖွဲ့သည် ပျော်ဘွယ်ကြီးကျေးရွာရှိ တိုက်နယ်ဆေးရုံနှင့် ရခိုင်ချောင်ကျေးရွာရှိ တိုက်နယ်ဆေးရုံများသို့ သွားရောက်ခဲ့ပြီး တိုက်နယ်ဆေးရုံနှစ်ခုတွင် လစ်လပ်လျက်ရှိသော ဆရာဝန်များနှင့် ဝန်ထမ်းများအား စီစဉ်ဆောင်ရွက်ပေးနိုင်ရေး၊ လူနာများအား ဝန်ဆောင်မှုများ အကောင်းဆုံး ဆောင်ရွက်ပေးနိုင်ရေးကို တာဝန်ရှိသူများအား ပြောကြားခဲ့သည်။

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် မြို့မ (၄) ရပ်ကွက်ရှိ အမှတ်(၁) အထက်တန်းကျောင်းနှင့် မြို့နယ်ပြည်သူ့ဆေးရုံသို့ သွားရောက်ကြည့်ရှုခဲ့ကြောင်း သိရသည်။

**နိုင်လင်းကျော်(ဒလ)**

## ရန်ကုန်မြို့ရှိ လမ်းကျယ်အချို့ရေထုတ်မြောင်းများ ကျဉ်းမြောင်းပြီးတိမ်ကောနေ မိုးရာသီတွင် ရေကြီးရေလျှံမှုကြောင့် ကားလမ်းအချို့ပျက်စီး

**လှိုင် ဇူလိုင် ၁၃**

ရန်ကုန်မြို့တွင် ရပ်ကွက်အတွင်းပိုင်း ရေနုတ်မြောင်းများမှ စီးဆင်းလာသော ရေများသည် လမ်းကျယ် ရေထုတ်မြောင်းများက လက်ခံပြီး ထိုမှတစ်ဆင့် မြစ်ထွက်ပေါက်များသို့ စီးဆင်းသည့် သဘာဝရှိရာ လက်ခံရေထုတ်မြောင်းဖြစ်သော လမ်းကျယ်မှ ရေထုတ်မြောင်းများမှာ ကျဉ်းမြောင်းပြီး တိမ်နေသဖြင့် ရပ်ကွက်အတွင်းပိုင်းမှ စီးဆင်းလာသော ရေများကို လက်ခံနိုင်စွမ်းမရှိတော့သဖြင့် ရေများလျှံ၍ ကားလမ်းအချို့ ရေကြီးရေလျှံမှုဖြစ်ပေါ်ရသည်ဟုဒေသခံများ ပြောဆိုမှုအရ သိရသည်။

"ရပ်ကွက်အတွင်းပိုင်း ရေနုတ်မြောင်းတွေက စီးဆင်းလာတဲ့ရေတွေကို လမ်းကျယ်ရေထုတ်မြောင်းက လက်ခံပြီး မြစ်ထွက်ပေါက်ကိုစီးဆင်းတာလေ။ ကားလမ်းတွေ ရေကြီးရေလျှံဖြစ်တာက ရပ်ကွက်အတွင်းပိုင်း ရေနုတ်မြောင်းက စီးဆင်းလာတဲ့ရေတွေကိုလက်ခံတဲ့ လမ်းကျယ်ရေထုတ်မြောင်းတွေက ကျဉ်းပြီးတိမ်နေတယ်။ ဒါကြောင့်လမ်းကျယ်က ရေထုတ်မြောင်းတွေကို အကျယ် ငါးပေ၊ အနက် ငါးပေ တူးဖော်ဆောင်ရွက်ရင် အဆင်ပြေမယ်လို့ ထင်ပါတယ်" ဟု လှိုင်မြို့နယ် အမှတ် ၁၀ ရပ်ကွက်တွင် နေထိုင်သူတစ်ဦးက ပြောသည်။



လှိုင်မြို့နယ် ရန်ကုန်-ပြည်လမ်း အနောက်ဘက်ခြမ်း ဓမ္မာရုံလမ်းမှ အမှတ် ၅ အေ အရှေ့ထိ အုတ်ရေမြောင်းဖောက်လုပ်ထားမှုမှာ အကျယ် နှစ်ပေ၊ အနက် သုံးပေသာရှိပြီး ယင်းခြံရှေ့မှပေ ၂၀၀ ခန့်အကွာတွင် ပြည်လမ်းမကြီးကိုဖြတ်၍ ပြည်လမ်း အရှေ့ဘက်ခြမ်း အင်းလျားကန်ရေနုတ်မြောင်းနှင့် ဆက်သွယ်ထားသော ရေထုတ်ပြွန်နေရာအထိ ရေထုတ်မြောင်းဖောက်လုပ်ထားမှုမှာ အကျယ် ၁၀ လက်မ၊ အနက် ၁၂ လက်မသာရှိနေရာ ကျဉ်းမြောင်းပြီး တိမ်နေသဖြင့် ရေလက်ခံနိုင်မှု ပမာဏနည်းပါးပြီး ရေလျှံ၍ကားလမ်းပေါ်သို့ရောက်လာသည်ဟုဆိုသည်။ ထို့အတူ ရေတိုက်စားမှုကြောင့် လမ်းပျက်စီးမှု ဖြစ်ပေါ်ပြီး မကြာခဏ ပြုပြင်နေရသည်ဟုဆိုသည်။

ရန်ကုန်မြို့တွင် မိုးရာသီရောက်တိုင်း ကားလမ်းအချို့ ရေကြီးရေလျှံမှုများ ကြုံတွေ့နေရသဖြင့် မြို့တွင်းခြောက်မြို့နယ်ရှိ ပင်မရေထုတ်မြောင်းများကို စနစ်တကျ ပြန်လည်တူးဖော်ဆောင်ရွက်ထားသဖြင့် မြို့တွင်းခြောက်မြို့နယ်တွင် ရေကြီးရေလျှံမှုများ လျော့နည်းမှုရှိသကဲ့သို့ မြို့တွင်းခြောက်မြို့နယ်နှင့် ထိစပ်မြို့နယ်များတွင်လည်း ပင်မရေထုတ်မြောင်းအချို့ ကျဉ်းမြောင်းပြီး တိမ်နေမှုကို ငါးပေ အကျယ်၊ ငါးပေ အနက်အဖြစ် တူးဖော်ဆောင်ရွက်ပေးရန် ဒေသခံများက မျှော်လင့်နေကြသည်။

**သတင်း၊ မောင်သုည**
**ဓာတ်ပုံ၊ ထွန်းဝင်း**




# ကြေးမုံစာအုပ်စင်စာအုပ်အမြင်

(မော်ကွန်း)

ကြေးမုံစာအုပ်စင် စာအုပ်အမြင်ကဏ္ဍတွင် စာအုပ်ထုတ်ဝေသူများ၊ စာအုပ်ဖြန့်ချိသူများ၊ စာရေးဆရာများ၏ထုတ်ဝေသော စာအုပ်များကို စာဖတ်ပရိသတ်များ ကျယ်ကျယ်ပြန့်ပြန့်သိရှိလေ့လာဖတ်ရှုနိုင်ရန်အတွက် စုစည်းဖော်ပြပေးလိုက်ပါသည်။ (စာတည်း)

## ဗုဒ္ဓနှင့်ဗုဒ္ဓဝါဒ




စာရေးဆရာ ဦးအေးမောင်ရေးသားသော ဗုဒ္ဓနှင့်ဗုဒ္ဓဝါဒစာအုပ်ထွက်ရှိလာသည်။

ထိုစာအုပ်တွင်ဗုဒ္ဓဟောကြားသော ကာလာမသုတ်၊ စင်္ကီသုတ်၊ ဓမ္မောဒါသ အစရှိသော ပိဋကတ်တော်လာ ဗုဒ္ဓဒေသနာတော်များအတိုင်း လေ့လာစူးစမ်းမှုပြုကာ၊ ခိုင်မာသောမူရင်းပိဋကတ်ကျမ်းဂန်များနှင့် နိုင်ငံခြားသုတေသီပညာရှင်များစွာတို့၏ ကျမ်းအသီးသီးကိုမှီငြမ်းမှုပြု၍ ဗုဒ္ဓနှင့်ဗုဒ္ဓဝါဒအကြောင်းကိုအကျယ်တဝင့်နှိုက်နှိုက်ချွတ်ချွတ်တင်ပြထားသည်။ မြန်မာနိုင်ငံ ခေတ်သစ်ဗုဒ္ဓစာပေသမိုင်းတွင် အလွန်ထူးခြားသော ကျမ်းစာတစ်စောင်ဖြစ်ကြောင်းလည်း မြန်မာပညာရှင်အချို့က သုံးသပ်တင်ပြကြသည်။ ဆရာစွဲ၊ ကျမ်းဂန်စွဲ၊ ဝါဒစွဲများမပါဘဲ ဗုဒ္ဓနှင့်သံဃာတော်များအကြောင်းကို ခြေခြေမြစ်မြစ် လေ့လာလိုသောပုဂ္ဂိုလ်များအတွက် ရည်ရွယ်၍ စီစဉ်ရေးသားထားသော စာအုပ်ဖြစ်သည်။

စာအုပ်ကို ရန်အောင်စာပေ၊ ဆိုင်အမှတ်( H )၊ အ-ထ-က(၁) ရန်ကင်းကျောင်းရှေ့ ၁၂-လုံးတန်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့ ဖုန်း-၀၉၅၁၇၉၃၉၈နှင့် ၀၉၇၃၂၄၃၈၅၁တို့မှ တန်ဖိုးငွေကျပ် ၆၀၀၀ ဖြင့် ဖြန့်ချိသည်။

## ပိတရံပူဇေမိ(ဖခင်ကိုပူဇော်ခြင်း)




ကျွန်တော် အဖေ့သားကြီးတစ်ယောက်ဖြစ်လာခြင်းအပေါ် လွန်စွာမှ ဂုဏ်ယူသည့်အပြင် များစွာလည်းကျေနပ်လှပြီး သားအဖတော်စပ်ခဲ့ရသော ကံကြမ္မာရေစက်ကို ကျေးဇူးတင်ကြောင်း စာရေးဆရာအောင်ဆင့် ရေးသားသော ပိတရံ ပူဇေမိ စာအုပ်ထွက်ရှိလာသည်။

စာအုပ်တွင် သားသမီးများအပေါ် ထားရှိသောဖခင်တစ်ဦး၏စိတ်ထားနှင့် စာရေးဆရာအောင်ဆင့်၏ ဘဝအတွေ့အကြုံကို ရေးသားဖော်ပြထားသည်မှာ ဖခင်သည်သားကြီးဖြစ်သူ၏မင်္ဂလာဆောင်ပွဲတွင် "သည်မင်္ဂလာဆောင် ပွဲထုတ်တဲ့ကိစ္စက တော်တော်ဆိုးသကွာ တစ်သက်လုံးကျွေးမွေးလာတဲ့ သားသမီးတွေနောက်ကနေ မိဘတွေကထက်ကြပ်မကွာ တရွေ့ရွေ့လိုက်လျှောက်ရတဲ့ပွဲမျိုးပဲကွာ မနိတ်ဘူးကွာ"ဟူ၍ ဖခင်ကွယ်လွန်သွားသောအခါ ဖခင်၏တာဝန်များသည် အကြီးဆုံးသားတစ်ယောက်ပခုံးပေါ်သို့ ကျရောက်ခဲ့ရသည်ကိုရေးသားထားသည်။

စာအုပ်ကို နေမင်းရာဇာစာပေ၊ အမှတ်(၂၉၄)၊ ချမ်းမြေ့သာယာ(၁)လမ်း၊ (၃၂)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့မှ တန်ဖိုးငွေကျပ် ၁၅၀၀ ဖြင့် ဖြန့်ချိသည်။

## အမှန်တရားကိုမြတ်နိုးသူ




စာရေးဆရာ ချစ်နိုင်(စိတ်ပညာ) ရေးသားသော အမှန်တရားကိုမြတ်နိုးသူစာအုပ်ထွက်ရှိလာသည်။

ထိုစာအုပ်သည် အသိပညာဗဟုသုတလည်းပြည့်ဝ၊ အတတ်ပညာ၊ နည်းပညာများလည်းရှိကြပြီး မိမိတို့နိုင်ငံ၏ ရေမြေသဘာဝ၊ ပထဝီနိုင်ငံရေးကို နားလည်ကြသော ပြည်သူပြည်သားများဖြင့် နိုင်ငံသစ်ကိုထူထောင်ကြလျှင် မကြာမီမှာပင်အောင်မြင်မည်ဖြစ်သည်။ ထို့ကြောင့်မိမိတို့နိုင်ငံ၏ သမိုင်းအစဉ်အလာနှင့် သဘာဝသယံဇာတများရှိနေခြင်းကြောင့် အိမ်နီးချင်းနိုင်ငံများထက်ပင် လျင်မြန်သော အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လာမည်ကို နိုင်ငံတကာပညာရှင်များက ထင်မြင်ထားကြသည်။ မိမိတို့ပြည်သူများတွင်ရှိပြီးဖြစ်သော အင်အားများကိုထိ ရောက်စွာအားဖြည့်မြှင့်တင်ကြရမည်ဖြစ်ကြောင်း ရေးသားထားသည်။

စာအုပ်ကို နိုင်စာပေ၊ အမှတ်(၁၅၀)၊ ရတနာလမ်း၊ ရတနာအိမ်ရာ၊ သာကေတ၊ ရန်ကုန်မြို့မှ တန်ဖိုးငွေကျပ် ၁၅၀၀ ဖြင့် ဖြန့်ချိသည်။

## တစ်မိနစ်အမေရိကန်သမိုင်း




တက္ကသိုလ်ရွှေရီဝင်း၏ တစ်မိနစ်အမေရိကန်သမိုင်း ဘာသာပြန်စာအုပ်ထွက်ရှိလာသည်။ Shari Lewis ရေးသားသော One-Minute Stories of Great Americans ကို ပြန်ဆိုထားခြင်းဖြစ်သည်။

မျက်မှောက်ခေတ် ကလေးသူငယ်များအတွက် ရေးသားထားသော စိတ်ဝင်စားဖွယ် တစ်မိနစ်အမေရိကန်သမိုင်းအကြောင်းကို ပိုမိုသိရှိနိုင်စေရန် ခရစ်စတိုဖာကိုလံဘတ်က ကမ္ဘာကြီးလုံးကြောင်းနှင့် အမေရိကတိုက်ကို စတင်တွေ့ရှိပြီး နယ်မြေသစ်များကိုထူထောင်ကြပုံ၊ အခက်အခဲများစွာကို ရုန်းကန်ခဲ့ကြပြီး ပုံနှိပ်စက်ကိုစတင်တီထွင်ခဲ့သူ၊ မိုးကြိုးလွှဲကိုစတင်တီထွင်သူ၊ လေယာဉ်ပျံစတင်တီထွင်သူများအကြောင်းနှင့်လူမျိုးစု၏ နောက်ခံသမိုင်းကြောင်းများကိုရေးသားထားသည်။

စာအုပ်ကို ရန်အောင်စာပေ၊ ဆိုင်အမှတ်(H)၊ အ-ထ-က(၁) ရန်ကင်းကျောင်းရှေ့ ၁၂-လုံးတန်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့ဖုန်း-၀၉-၅၁၇၉၃၉၈နှင့် ၀၉-၇၃၂၄၃၈၅၁ တို့မှ တန်ဖိုးငွေကျပ် ၁၀၀၀ ဖြင့် ဖြန့်ချိ သည်။

## အရှေ့တောင်အာရှနိုင်ငံများအသင်း(အာဆီယံ)မှတ်စုများ




စာရေးဆရာမိုးသိမ်းရေးသားသော အရှေ့တောင်အာရှနိုင်ငံများအသင်း(အာဆီယံ)မှတ်စုများစာအုပ်ထွက်ရှိလာသည်။

အဆိုပါစာအုပ်တွင် အရှေ့တောင်အာရှနိုင်ငံများဖြစ်သော မြန်မာ၊ ဘရူနိုင်း၊ ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ လာအို၊ မလေးရှား၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ ထိုင်း၊ ဗီယက်နမ် စသောနိုင်ငံများ၏ တည်နေရာ၊ အကျယ်အဝန်း၊ မြေမျက်နှာသွင်ပြင်၊ မြို့တော်၊ လူဦးရေ၊ ဘာသာအယူဝါဒ၊ ဘာသာစကား၊ အစိုးရ၊ စီးပွားရေး၊ ဆက်သွယ်ရေး၊ ကျန်းမာရေး၊ ပညာရေး၊ နိုင်ငံတကာအဖွဲ့အစည်း၊ နောက်ခံသမိုင်းအကျဉ်း စသည့်အကြောင်းအရာများကို ပြည့်ပြည့်စုံစုံရေးသားထားသည်။

စာအုပ်ကို မဏ္ဍိုင်စာပေ၊ အမှတ်(၂၃၇)၊ (ပထမထပ်-ဝဲ)၊ ၃၉-လမ်း၊ အပေါ်ဘလောက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့ ဖုန်း- ၀၁-၃၉၂၈၃၅ နှင့် ၀၉-၄၅၁၇၅၀၀၂၂ တို့မှတန်ဖိုးငွေကျပ် ၁၅၀၀ဖြင့် ဖြန့်ချိသည်။

## လူသတ်မှု၊ အပြင်းအထန်နာကျင်စေမှုနှင့် ကာကွယ်ခုခံပိုင်ခွင့်ဥပဒေသိကောင်းစရာများ



စာရေးဆရာဦးသိန်းကိုကိုရေးသားသော လူသတ်မှု၊ အပြင်းအထန်နာကျင်စေမှုနှင့် ကာကွယ်ခုခံပိုင်ခွင့်ဥပဒေသိကောင်းစရာများစာအုပ် ထွက်ရှိလာသည်။

ထိုစာအုပ်တွင် နိုင်ငံတော်အတွင်းမှီတင်းနေထိုင်သောနိုင်ငံသူ နိုင်ငံသားများအတွက် နိုင်ငံတော်၌တရားမျှတခြင်း၊ လွတ်လပ်ခြင်းနှင့်ညီမျှခြင်းတည်းဟူသော လောကပါလတရားများပိုမိုထွန်းကားလာစေရေးနှင့် စစ်မှန်သည့်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကိုကျင့်သုံးလျက်ရှိသည်။ ထို့ကြောင့်နိုင်ငံသားများ၏ စားဝတ်နေရေးကို နေ့စဉ်နှင့်အမျှ နည်းလမ်းမျိုးစုံဖြင့် မိသားစုဘဝအတွက်ဆောင်ရွက်ကြရာတွင် မှန်ကန်သောတွေးခေါ်ကြံဆမှု၊ မွန်မြတ်သောစိတ်ထားရှိမှုတို့ကိုအခြေခံပြီး ကြိုးစားဆောင်ရွက်ကြပါလျှင် ပြည်သူများငြိမ်းချမ်းသာယာဝပြောရေးကို တည်တံ့ခိုင်မြဲစေမည်ဖြစ်သည်။ သို့မဟုတ်ပါက ဆိုးကျိုးများနှင့်ကြုံတွေ့ရမည် ဖြစ်သည်။ သို့ဖြစ်ရာ အမှားနှင့်အမှန်ကိုဝေဖန်ပိုင်းခြားပြီး ဥပဒေအရကာကွယ်ပေးထားသည်ကို ပြည်သူများသိရှိနိုင်စေရန်ဥပဒေအကြောင်းအရာများကို ပြည့်ပြည့်စုံစုံ ရေးသားထားခြင်းဖြစ်သည်။

ထိုစာအုပ်ကို မနောဖြူစာပေ၊ အမှတ်(၂၃၅)၊ မြေညီထပ်၊ (၃၇)လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့ ဖုန်း-၀၉-၄၅၀၀၁၇၀၇၀နှင့် ၀၉-၇၃၂၄၆၉၈၀ တို့မှ တန်ဖိုးငွေကျပ် ၆၀၀၀ ဖြင့် ဖြန့်ချိသည်။

## စတင်လေ့ကျင့်ပထမအဆင့်အင်္ဂလိပ်စကားပြော




အင်္ဂလိပ်စာလေ့လာလိုက်စားလိုသူများအတွက် ဆရာဦးခင်မောင်သန်း၊ ရွှေ့ဆောင်မေရီနှင့် ရွှေ့ဆောင်ဆရာမင်းမင်းတို့ ပူးပေါင်းထုတ်ဝေသော စတင်လေ့ကျင့်ပထမအဆင့် အင်္ဂလိပ်စကားပြောစာအုပ် ထွက်ရှိလာသည်။

ယနေ့ခေတ်သည် နိုင်ငံတကာတွင် အင်္ဂလိပ်စကားကို ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုနေသောကြောင့် မြန်မာနိုင်ငံတွင်လည်းကျွမ်းကျင် တတ်မြောက်သူများ များစွာပေါ်ထွန်းလာစေရန်ရည်ရွယ်၍ အံ့အားသင့်သောအခါ သုံးသောစကား၊ ညှော်သည်နှင့်ပြောသောနည်း၊ လမ်းပေါ်တွင်နိုင်ငံခြားသားနှင့်တွေ့သောအခါပြောသောနည်း၊ ဆရာဝန်နှင့်သွားတွေ့သောအခါပြောသောနည်း စသောနေ့စဉ်ကြုံတွေ့နေရသောလူမှုပတ်ဝန်းကျင်တွင် အသုံးပြုနေသောစကားလုံးများကို ရေးသားထားသဖြင့် လူတိုင်းလေ့လာဖတ်ရှုသင့်သောစာအုပ်တစ်အုပ်ဖြစ်သည်။

စာအုပ်ကိုသန်းစာပေ၊ အမှတ်(၆၃)၊ ၁-လမ်း၊ ၁၁-ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့ ဖုန်း-၀၉၅၀၁၆၈၃၇ မှ တန်ဖိုးငွေကျပ် ၃၀၀၀ ဖြင့် ဖြန့်ချိသည်။

## လက်တွေ့ကျကျခေတ်မီစက်ချုပ်နည်းများ




ဒီဇိုင်းပုံစံတစ်ခုကို နည်းစနစ်မှန်မှန်နှင့် ကိုယ်တိုင်ချုပ်တတ်လိုသူများအတွက် ရည်ရွယ်၍ စာရေးဆရာမအေးအေးစံ စီစဉ်ရေးသားသော လက်တွေ့ကျကျ ခေတ်မီစက်ချုပ်နည်းများစာအုပ် ထွက်ရှိလာသည်။

ထိုစာအုပ်တွင် စက်ချုပ်ပညာကိုတတ်မြောက်လိုသောသူများအတွက် လွယ်ကူရှင်းလင်းစွာလေ့လာနိုင်စေရန်၊ ကိုယ်တိုင်ချုပ်တတ်သော်လည်း ပြန်လည်သင်ပြနိုင်စေရန်၊ စက်ချုပ်ပညာသင်ကြားရာတွင် သင်တန်းကြေးစရိတ်၊ သွားလာရေး စရိတ်သက်သာပြီး မိမိအိမ်တွင်းမှာပင် လေ့လာခြင်းဖြင့် ချုပ်တတ်စေရန်၊ အချိန်ကာလမည်မျှပင်ကြာသည်ဖြစ်စေ စာအုပ်ကိုပြန်ကြည့်ခြင်းဖြင့် လွယ်ကူစွာချုပ်တတ်စေရန်၊ ဤစာအုပ်ကိုဖတ်ရှုလေ့လာခြင်းဖြင့် နည်းစနစ်မှန်မှန်နှင့်တတ်မြောက်တတ်စေရန် ရည်ရွယ်ရေးသားထားသည်။

စာအုပ်ကို မဏ္ဍိုင်စာပေ၊ အမှတ်(၂၃၇)၊ (ပထမထပ်-ဝဲ)၊ ၃၉-လမ်း၊ အပေါ်ဘလောက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့ ဖုန်း -၀၁-၃၉၂၈၃၅နှင့် ၀၉-၇၇၃၇၇၄၇၃၃ တို့မှ တန်ဖိုးငွေကျပ် ၁၅၀၀ ဖြင့် ဖြန့်ချိသည်။




DADDY (ဆော်) ဓာတ်ငြိမ်း
မန္တလေးစစ်ကိုင်းမြစ်ဦးလျှင်
55000/-
(1-8-2017)
09 448001903, 09-440334848

ကိုကျော်နိုင် CAR RENTAL
ALPHARD, HIACE
09 25 358 2510

ကိုသန့်ဇင်
CAR RENTAL
09-43117680, 09-5059821



တိုင်းရင်းဆေးဝါးမှတ်ပုံတင်
အမှတ် - 010813(0117)

"ထိရောက်သေချာစေမှာ
စွယ်စုံအမှတ်တံဆိပ်
သွေးချို၊ဆီးချိုကျဆေးပါ"

ဆရာဦးသောင်းလွင် ၏
စွယ်စုံအမှတ်တံဆိပ်
သွေးချို၊ဆီးချိုကျဆေး

အမြို့မြို့ဆေးဆိုင်တိုင်းတွင်ရရှိနိုင်ပါသည်။

ပင်ရင်း - အမှတ်(၉၄)၊ သရက်တော(၂)လမ်း၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့။

စွယ်စုံ ဆေးတိုက်

ဖုန်း - ၀၉၂၆၁၀၆၃၃၃၃၁ တဆဝက(စာနယ်ဇင်း)၁၅၅/၀၅၁၇

MJC

မြန်မာ-ဂျပန်လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဟဗ်ဌာန (MJC)
စီးပွားရေးစီမံခန့်ခွဲမှုသင်တန်းများ ရန်ကုန်မြို့တွင် ဖွင့်မည်

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန (MoC)၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်(UMFCCI)၊ ဂျပန်အပြည်ပြည်ဆိုင်ရာပူးပေါင်း ဆောင်ရွက်မှုအေဂျင်စီ(JICA)တို့ပူးပေါင်းဆောင်ရွက်မှုဖြင့်တည်ထောင်သည့် မြန်မာ-ဂျပန်လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးမှုဟဗ်ဌာန (MJC) သည် စီးပွားရေးစီမံခန့်ခွဲမှု သင်တန်းများကို ဇူလိုင်လနှင့် ဩဂုတ်လအတွင်း အောက်ပါဇယားအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါ၍ စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက်နိုင်ပါသည်။

General Course (July-August, 2017) Yangon

| သင်တန်းအမည် | အချိန် | သင်တန်းကာလ | ဘာသာစကား | သင်တန်းနေရာ |
|---|---|---|---|---|
| ၁။ Strategic Management | နံနက် ၉း၀၀ မှ ညနေ ၄း၀၀ | ၂၉-၃၁ ဇူလိုင်လ | အင်္ဂလိပ်-မြန်မာ | မြန်မာ-ဂျပန်စင်တာ (ရန်ကုန်ရုံး)။ |
| ၂။ JCCI Bookkeeping (Level 3) | နေ့လည် ၂း၀၀ မှ ညနေ ၅း၀၀ | ၂၁ ရက် ဇူလိုင်လ - ၄ ရက် ဩဂုတ် (Weekday) | မြန်မာဘာသာ | မြန်မာ-ဂျပန်စင်တာ (ရန်ကုန်ရုံး)။ |
| ၃။ Human Resources Management | နံနက် ၉း၀၀ မှ ညနေ ၄း၀၀ | ၅၊ ၆၊ ၁၂၊ ၁၃ ဩဂုတ်လ | ဂျပန် - မြန်မာ | မြန်မာ-ဂျပန်စင်တာ (ရန်ကုန်ရုံး)။ |
| ၄။ Human Resources Management | နေ့လည် ၁း၀၀ မှ ညနေ ၅း၀၀ | ၇၊ ၈၊ ၉၊ ၁၄၊ ၁၅၊ ၁၆ ဩဂုတ်လ | ဂျပန် - မြန်မာ | မြန်မာ-ဂျပန်စင်တာ (ရန်ကုန်ရုံး)။ |
| ၅။ Human Resources Management (Short Course) | နံနက် ၉း၀၀ မှ ညနေ ၄း၀၀ | ၁၉၊ ၂၀ ဩဂုတ်လ | ဂျပန် - မြန်မာ | မြန်မာ-ဂျပန်စင်တာ (ရန်ကုန်ရုံး)။ |
| ၆။ Practical Japanese Tour Guide Training | နံနက် ၉း၀၀ မှ ညနေ ၄း၀၀ | ၁၂၊ ၁၃ ဩဂုတ်လ | ဂျပန် - မြန်မာ | မြန်မာ-ဂျပန်စင်တာ (ရန်ကုန်ရုံး)။ |

အမှတ်စဉ် (၁) နှင့် (၅) အတွက် သင်တန်းကြေး - ၃၅,၀၀၀ ကျပ် / တစ်ပုံ - ၃ ပုံစီ
အမှတ်စဉ် (၃) နှင့် (၄) အတွက် သင်တန်းကြေး - ၇၀,၀၀၀ ကျပ် / တစ်ပုံ - ၃ ပုံစီ
အမှတ်စဉ် (၂) နှင့် (၆) အတွက် သင်တန်းကြေး - ၄၀,၀၀၀ ကျပ် / တစ်ပုံ - ၃ ပုံစီ

MJC မှ လုပ်ငန်းတစ်ခုချင်းစီအလိုက် စီးပွားရေးစီမံခန့်ခွဲမှုနှင့်သက်ဆိုင်သော Tailor Made Program များကိုလည်း ဆောင်ရွက်ပေးပါသည်။ မြန်မာ-ဂျပန်စင်တာ (ရန်ကုန်ရုံး) = UMFCCI ၁၂ထပ်၊ အမှတ် (၂၉)၊ မင်းရဲကျော်စွာလမ်း၊ လမ်းမတော်မြို့နယ်။
ဖုန်း ၀၁-၂၃၀ ၁၆၆၂၊ ၀၉-၂၅၀ ၁၈၅ ၄၅၅။
(မန္တလေးရုံး) = အခန်း (၆)၊ အဆောင် (၁)၊ မင်္ဂလာမန္တလေး ဖုန်း ၀၉- ၄၅၄၈၅၅၁၄၄

Email Address: mjc.reception@gmail.com, mjc.hrd@gmail.com သို့ဆက်သွယ်စုံစမ်းနိုင်ပါသည်။

မိခင်အမည်မှန်
ပါရမီမြို့နယ် ... (ဆူးလျှင်) နေထိုင်သူ ... မိခင်အမည်မှန်မှာ ဒေါ်ယားစေလှ(ခ)ဒေါ်မြင့်မြင့်ဝင်း ဖြစ်ပါသည်။
ဒေါ်ယားစေလှ(ခ)ဒေါ်မြင့်မြင့်ဝင်း

ကွန်ဒိုတိုက်ခန်းသစ်ရောင်းမည်
- စမ်းချောင်း၊ မင်္ဂလာလမ်း၊ နေရာကောင်း
- ပေ(၂၅×၅၀)၊ ပဥ္စမထပ်၊ (Lift)ပါ
- MBR(1),BR(1),AC(3)၊ ဖုန်း
- ကျွန်းပါကေး၊ ဘိုထိုင်(၂)သံပန်းဆန်းရှိတ်
- (ငှားစားရန်၊ လူနေရန်)ကောင်း/သန့်
- ပြင်ပြီး ကွန်ဒိုတိုက်ခန်းသစ်၊ ပွဲစားမလို
သိန်း(၁၃၈၀)၊ ဖုန်း-၀၉-၅၁၈၅၃၅၀

## စာရင်းကိုင်သင်တန်းများဖွင့်လှစ်မည်

မြန်မာနိုင်ငံစာရင်းကိုင်များအသင်းတွင် (၂၆၉)ကြိမ်မြောက် စာရင်းရေးပညာသင်တန်းနှင့် (၁၆၄)ကြိမ် အခြေခံစာရင်းကိုင်ပညာသင်တန်းတို့ကို ၂၃-၇-၂၀၁၇ရက်တွင် ဖွင့်လှစ်သင်ကြားမည်ဖြစ်ပါသဖြင့် အောက်ပါလိပ်စာသို့ စာရင်းပေးသွင်းတက်ရောက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**လိပ်စာ-မြန်မာနိုင်ငံ စာရင်းကိုင်များအသင်း၊**
**အမှတ်-၉၁/၉၃၊ ၄၉လမ်း၊ ပုဇွန်တောင်မြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း-၀၁-၂၉၁၈၂၆၊ ၀၉-၉၆၆၈၅၇၁၁၀**

ကွန်ပျူတာ စနစ်ဖြင့်ထိန်းသော
MECHANICAL CAR PARKING













TRW
No. (31), Room (5), 7 Miles, Pyay Road, Yangon
T: 09.259.81.36.36
: 09.259.81.37.37
: 09.259.81.46.46

အမှတ်(၃၁)၊ အခန်း (၅)၊ ၇မိုင်၊ ပြည်လမ်း၊ ရန်ကုန်။

Golden Valley Inn (GVI)
US သံရုံး ၊ တောင်ကိုရီးယားသံရုံးအနီး ငြိမ်သက်မှု အသစ်ဝန်ဆောင်မှုအသစ်နှင့် ကျယ်ဝန်းသော Car Parking ရှိ
17(A), အင်းသားမြိုင်သမ်းမနေ့ကောင်ကြား (၁)မိုင်ကွက် ဗဟန်း
PH : 01-524 173
09 - 253 000 201
09 - 253 000 202
Wifi Free
အထူး Discount - 10000
(With Breakfast) 27000
(With Breakfast) 35000
Foreigner (With Breakfast) $40
Facebook (Golden Valley Inn)တွင် Promotion အစီအစဉ်များကိုဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ
ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၀)၊ မြေကွက်အမှတ်(၁၄၄၁/က)၊ မြေကွက်တည်နေရာ(၁၄၄၁/က)သုခမိန်လမ်း(၁၄)ရပ်ကွက်၊ ရွှေပြည်သာ၊ ဦးစံရွှေ(I/ABN-၁၁၁၉၁၀)အမည်ပေါက်ပါမြေအား အမည်ပေါက်-ဦးစံရွှေ(I/ABN၁၁၁၉၁၀)ထံမှ အရပ်ကတိစာချုပ်ဖြင့်ဝယ်ယူခဲ့သူဒေါ်လှလှဌေး(၁၂/စနစ(နိုင်)၀၃၁၆၁၅)မှ ပါမစ်လျှောက်ထားကြောင်း ... ကန့်ကွက်နိုင်ကြောင်းနှင့် ... ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

## နီလာ ဗုဒ္ဓဂယာဘုရားဖူးအဖွဲ့

နိုင်ငံကူးလက်မှတ် လက်ဝယ်ရှိသူများကို အောက်ပါဈေးနှုန်းအတိုင်း ပို့ဆောင်ပေးပါသည်။ ခရီးစဉ်အားလုံးအာမခံဖြင့် ထွက်ခွာပါသည်။

၁၂ ရက်ခရီး - ဟိုတယ်(၃)ည → ဈေးနှုန်း (စရံငွေ ၂ သိန်း + ဒေါ်လာ ၇၅၀)
၁၅ ရက်ခရီး - ဟိုတယ်(၅)ည → ဈေးနှုန်း (စရံငွေ ၂ သိန်း + ဒေါ်လာ ၈၀၀)

၁၅ ရက်ခရီး - ကိုလ်ကတ္တားပါဟိုတယ်(၄)ည → (စရံငွေ ၂ သိန်း + ဒေါ်လာ ၈၅၀)

ဇွန်လ(၂၃)ရက်မှ ဇူလိုင် (၃၁)ထိ (၁၂)ဦး စုစည်းလိုက်ပါလျှင် (၁)ဦးအခမဲ့ ပို့ဆောင်ပေးပါသည်။
ထိုင်းနိုင်ငံ ဘန်ကောက် မြို့တွင်း + အပျော်စီးသင်္ဘော (Dinner Cruise)
(၇)ညအိပ် (၈)ရက်ခရီး - ဟိုတယ်(3 Star) - 1500 USD (စရိတ်ငြိမ်း)
ဖုန်း - ၀၁ - ၃၇၆၆၁၀၀၊ ၃၇၂၁၃၇၅၊ ၃၈၄၃၈၆၆၊ ၃၈၄၀၈၆၆၊ ၃၈၅၃၈၄၁၊ ၀၉၅၁၂၈၅၂၉

အင်တာနက် ခေတ်မှာ အင်္ဂလိပ်စကားပြော တတ်မှ ဖြစ်မယ်

## ဂုဏ်ထူး-ဦးအောင်ခိုင်

ဒေါ်စန္ဒာအောင်ခိုင်
B.A ( English )
Diploma in Travel & Tourism
City College of San Francisco

English Speaking (အင်္ဂလိပ် စကားပြော)
၁၀ တန်းအောင်ပြီးသူ၊ အလုပ်ဝင်လိုသူများ နှင့် ကုမ္ပဏီ၊ ဌာနများအတွက် သီးသန့်

မြို့ထဲ ၂၂ ပန်းဆိုးတန်း 01 252 919 | သုဝဏ္ဏ ပညာနန္ဒတော်၊ သံသုမာလမ်း 09 798 44 33 20

EPOXY FLOOR COATING



→ Appliable to Factory, Car Parking Lot, Store, Department Store, Warehouse, Apartment and building.
→ No Dusty, Anti Chemical, Long Durance, Water Resistance, Impact Proof, Good Leveling.
Plot No 39, Pyinmabin Industrial Zone No(3), Trunk Road, Mingalardon Township, Yangon, Myanmar.
To Contact : Mercury Rays Manufacturing Co., Ltd. Tel : 95-1-638310, 638324, 09-509 4350

ASIA DRAGON (အာရှနဂါး)
ချောင်းသာ 12000 ပုဂံခရီးစဉ် (သောကြာ)
ငွေဆောင် 15000
ကျိုက်ထီးရိုး 10000 မြဝတီခရီးစဉ် (သောကြာ)
09-30030030, 09-799100100, 09-797100100

July 14,18

ရွှေတောင်ပြုံးမွဲ သို့ ရွှေကြေးစည်

(1-8-2017)

## ပိုလ်လောင်းသင်တန်းအမှတ်စဉ်(၈၄)သူရတပ်ခွဲ၏ (၂၅)နှစ်မြောက် ငွေရတု ကျောင်းဆင်းနှစ်ပတ်လည်နေ့ အထိမ်းအမှတ် ဝါဆိုသင်္ကန်းကပ်လှူပွဲ၊ အာစရိယပူဇော်ပွဲနှင့် ညစာစားပွဲဖိတ်ကြားခြင်း

သူငယ်ချင်းတို့ရေ ဗိုသူရ(၈၄)ရဲ့ ကျောင်းဆင်းငွေရတုပွဲက ၂၄-၇-၂၀၁၇ ရက်ဆိုရင် (၂၅)နှစ်ပြည့်ပြီ။ ထူးထူးခြားခြား ငွေရတုပွဲဆိုတော့ ဒီနှစ်တော့ တွေ့ဆုံပွဲကို သူငယ်ချင်းတွေ အတတ်နိုင်ဆုံး ကြိုးစားပြီး တွေ့ကြရအောင်။ ဒီနှစ်မှာ ရုံးဖွင့်ရက်နဲ့ ဆုံနေလို့ နေပြည်တော်မှာ ၂၂-၇-၂၀၁၇ရက် (စနေနေ့) ရန်ကုန်မှာ ၂၃-၇-၂၀၁၇ ရက် (တနင်္ဂနွေနေ့)တွေမှာ ဒီလိုစီစဉ်ထားပါတယ်----

**နေပြည်တော် ၂၂-၇-၂၀၁၇ရက်(စနေနေ့)**
- နံနက် ၁၀း၀၀နာရီ နေပြည်တော် ဂရုဏာကမ္ဘာရှိ အဘိုးအဘွားများအား နံနက်စာ၊ နေ့လယ်စာ အာဟာရ ကျွေးမွေးဒါနပြုခြင်းနှင့် အလှူငွေပေးအပ်ခြင်း။
- ညနေ ၁၈း၀၀ နာရီ မန္တလေးယူနန်စားသောက်ဆိုင် (ဘောဂသီရိကားဝင်းအနီး)

**ရန်ကုန် ၂၃-၇-၂၀၁၇ရက်(တနင်္ဂနွေနေ့)**
- နံနက် ၁၀း၀၀နာရီ သဃ်န်းကျွန်း အောင်မြေရတနာ စာသင်တိုက်မှာ ဝါဆိုသင်္ကန်း/နေ့ဆွမ်းကပ် ရေစက်ချအလှူနှင့် အာစရိယပူဇော်ပွဲပြုလုပ်ပါမယ်။
- ညနေ ၁၈း၀၀ နာရီ My Choice Restaurant, Gandama Whole Sale၊ ဝေဇယန္တာလမ်းနှင့် ဂန္ဓမာလမ်းထောင့်

**ဆက်သွယ်ရန်**
**နေပြည်တော်** - ဦးမြင့်အောင်-၀၉-၂၆၀၂၃၅၂၅၅၊ ဦးထွန်းဦး-၀၉-၂၅၄၂၂၃၈၈၂၊ ဦးဝင်းမြင့်-၀၉-၂၁၇၄၅၇၉၊ ဦးဌေးဝင်း-၀၉-၄၂၀၇၀၀၈၅၉၊
**ရန်ကုန်** - ဦးလှဝင်း-၀၉-၅၀၀၃၀၃၆၊ ဦးမြင့်ဆွေ ၀၉-၅၀၁၂၃၂၇၊ ဦးဝင်းမြင့်-၀၉-၄၅၉၀၁၇၀၁၇၊ ဦးအောင်မြင့်-၀၉၅၁၈၈၀၄၂၊ ဦးတင့်ဆွေ-၀၉-၇၈၆၆၉၅၂၀၃

**(ငွေရတုနှစ်ဖြစ်ပါ၍ မိသားစုများ စုံညီစွာ တက်ရောက်ပါရန်)**

စည်းစိမ်မင်း 09-444450446, 09-444450558, 09-250144709
အာကာနည်းနေ့အထူး (18-7-17) 15000 35000
(1-8-2017)

အမည်မှန်
ajrmufjrdK½Ifvdkif;rdkuf;rdkuf (txu)'orwef;(i)rSrcdkdd rm\ zcifrnfrSm 0,Daomif (12^vue(EdkiJ)008895) jzpfygonf

ပျောက်ဆုံးကြောင်း
Royal Planet World Co., Ltd ID No.100028857461 ID Export Certificate Custom Statements Customs
09-770006735



အရောင်စုံတို့ စွန်းထင်းလာသော အဖြူရောင်ညများသို့ မှန်းခြင်း
အုံဘွယ်ကျော်
Ph : 09 42 11 058 64, 09 79 88 425 36



COAIRE
Kyungwon Air Compressor and Accessories
Kyungwon Air Compressor advantages
•Quiet operation with direct coupling •Korean/ English dual language controller •Easy maintenance and High Durability •Various air compressors and accessories will satisfy all your requirements.
Kyungwon Machinery Co., Ltd. Korea
Kyungwon Sole Agent Myanmar: Inter Asia Co., Ltd.
Plot No.39, Pyinmabin Industrial Zone, No.3, Trunk Road, Mingalardon Tsp., Yangon, Myanmar.
Tel: 95-1-638310, 638324, 95-9-250493160

ဆရာ ဦးသိန်းဇော်မိုး BE(EP)MIT ၏ ကိုယ်တိုင်တာဝန်ယူကျူရှင် ဂုဏ်ထူးရအောင်သင်ခဲ့တဲ့
သင်ကြား 90+ Physics, 90+ Chemistry နှင့် English Text 65 မှတ်အတွက် ပြည့်စုံစွာ စီစဉ်ပေးထားတဲ့
65+ English Page 160
➤ ရန်ကုန်- စာပေလောက၊ စာပေနန်းတော်(၀၉-၇၃၁၄၀၉၁၄)၊ ရာပြည့်၊ အင်းဝ၊ စာပေဟင်းလေးအိုးကြီး၊ ခေတ်သစ်၊ လှိုင်ကော်၊ ပြင်ဆိုင်(၀၉-၉၇၂၄၀၃၆၀၁)၊ အင်းစိန်ကော်ဖီ၊
➤ ရန်ကုန်စာအုပ်ဆိုင်ကြီးများတည်ရာ- ဦးထွန်းလင်းခြံလမ်း-လှည်းတန်း၊ တောင်ဥက္ကလာ ပဒေသာလမ်းဆုံ၊ ရန်ကင်း အထက(၁)ရှေ့၊ ပန်းဆိုးတန်းခုံးကျော်အနီး၊ ဆူးလေဘုရားအနီး၊
➤ မန္တလေး- ထွန်းဦး(၀၂-၇၃၅၀၂)၊ နဂါး(၀၂-၃၅၂၆၇)၊ မောင်မောင်ဖြေ (၀၉-၃၃၀၁၃၂၂၂)၊
➤ မုံရွာ- အောင်မင်္ဂလာ၊ အမြင်သစ်၊ သဘ္ဘဦး၊

## ဂုဏ်ရည်ဆေးတိုက်

ဂုဏ်ရည် ® အမှတ်တံဆိပ်

ဂရင်ဂျီနာ၊ အတွင်းအပြင်လိပ်ခေါင်းရောဂါ၊ ဆီးချို၊ သွေးချိုကျဆေး၊ ဆီးကျိတ်ရောဂါ၊
အဆစ်ရောင်ကိုက်လေးဖက်နာ၊ အဆီကျဆေး၊ သွေးတိုးရောဂါ၊ ချောင်းဆိုးရင်ကျပ်၊
အသည်းရောဂါ၊ အရိုးအကြောရောဂါ၊ ဆီးရောဂါ၊ အဖျားရောဂါ၊
အကျိတ်ရောဂါအတွက် အစွမ်းထက်ဆေးများကို ပင်းရင်းလိပ်စာနှင့်
အမြို့မြို့ဆေးဆိုင်တိုင်းတွင် ရရှိနိုင်ပါသည်။
ဈ(၂)၊ သာယာကုန်းလမ်း၊ နံ့သာကုန်းရပ်ကွက်၊ အင်းစိန်မှ အထက်ပါရောဂါများအတွက်
အစွမ်းထက်တိုင်းရင်းဆေးများရရှိနိုင်ပါသည်။
အချိန် - နံနက်(၁၀း၀၀)နာရီမှ ညနေ(၅း၀၀)နာရီအထိ (တနင်္ဂနွေနေ့ပိတ်သည်။)
ဖုန်း - ၀၉ ၇၇၇၇၇ ၃၃၁၄၊ ၀၉ ၇၇၇၇၇ ၃၃၁၅၊ ၀၁ ၆၄၁၅၀၁၊ ၀၉ ၉၇၀၀၅၀၀၅၀

ကြော်ငြာခွင့်ပြုချက်အမှတ်- တဆဝက (စာနယ်ဇင်း) ၀၅၄/၀၇၁၃






# Hello Phone အထူး Promotion စတင်ပါပြီ

## (၃ ရက်သာကန့်သတ်ထားပါသည်။)

Hello ဖုန်းကုမ္ပဏီသည် မိုဘိုင်းဖုန်းကို လူကြီးမင်းများအား တိုက်ရိုက်ရောင်းချပေးသောကြောင့် အလယ်တွင် ကိုယ်စားလှယ်တစ်ဦးတစ်ယောက်မှ မရှိပါ။ ယခုတွင် စျေးနှုန်းချိုသာစွာဖြင့် လူကြီးမင်းများအား ရောင်းချပေးနေပါသည်။ အိမ်မှာနေပြီး ဖုန်းဆက်လိုက်ရုံဖြင့် ဖုန်းကိုအိမ်အရောက်ပို့ပေးပါသည်။ ပစ္စည်းရောက်မှ ငွေချေရမည်။ အိမ်မှာထောင့်နေရုံဖြင့် ကျေနပ်လောက်သည့် မိုဘိုင်းဖုန်းကို စျေးနှုန်းချိုသာစွာဖြင့် ဝယ်ယူနိုင်ပါသည်။

CPU မှာ 1.3GHz ရှိသောကြောင့် အင်အားကို ကောင်းစွာသုံးပြီးပေးနိုင်သည်။ လည်ပတ်သည့် အလျင်နှုန်းလည်း မြန်သည်။ Andriod Version 6.0 ရှိပြီး Facebook, Youtube နှင့် Internet များကို လျင်မြန်စွာ အသုံးပြုနိုင်သည်။ နောက်ဘက်ကင်မရာ 13MP ရှိပြီး ရှေ့ဘက်ကင်မရာမှာ 5.0MP ရှိသောကြောင့် ကြည်လင်၍ အလိုအလျောက် ဆုံဆည်းမှတ်ကို ချိန်နိုင်သည့်ပါဝါရှိပြီး သာယာလှပသည့်ရုပ်ပုံကို ဖန်တီးပေးနိုင်သည်။ သင်၏ အလှပဆုံးသော ရုပ်ပုံကို လွယ်ကူစွာရိုက်ကူးနိုင်သည်။ (၅ လက်မ) ဖန်သားပြင်ရှိပြီး HD IPS ဖန်သားပြင် အသုံးပြုထားပါသည်။ သင်၏အမြင်မှာ ကျယ်ပြန့်ပြီး စိတ်တိုင်းကျ ကိုင်တွယ်အသုံးပြုနိုင်သည်။

### Value Product Portfolio

Hello Phone + Smart Watch + Bluetooth Ear Phone = 129000 ကျပ် (Promotion မှာ လူဦးရေ ၁၀၀ အတွင်းသာ ခံစားခွင့်ရှိသည်။) ဦးစားပေး အရောင်းမြှင့်တင်ရေးလုပ်ရှားမှုမှာ (၃) ရက်သာ ကန့်သတ်ထားသည်။ Smart Watch ပုံသဏ္ဌာန်မှာ သာမန်နာရီနှင့်တူပြီး ဖုန်းအဖြစ်အသုံးပြုနိုင်သည့်အတွက် အဆက်အသွယ်ပြတ်ရန် စိတ်ပူစရာ အကြောင်းမရှိတော့ပါ။ ယခု လူကြီးမင်းများ ဖုန်းဆက်မှာယူလျှင် ပစ္စည်းကို အိမ်တိုင်ရာရောက် ပို့ဆောင်ပေးပါသည်။ ပစ္စည်းရောက်မှသာလျှင် ငွေပေးချေရမည်။ **(Order Ph : 09 422436688, 09 444452808)**

### အလုပ်လျှောက်လွှာခေါ်ယူခြင်း

၁။ မြို့အသီးသီး ကုန်ပစ္စည်းပို့ ဝန်ထမ်းအလိုရှိသည်။ မော်တော်ဆိုင်ကယ်အသင့်ရှိရန် လိုအပ်သည်။ အပင်ပန်းခံနိုင်ရမည်။ စာချုပ်ချုပ်ပြီးလျှင် ပစ္စည်းစတင်ပို့နိုင်သည်။ သင်၏လုပ်ဆောင်ချက်အောင်မြင်လျှင် ပမာဏများပြားသည့် ကော်မရှင်ကို ရရှိနိုင်သည်။

၂။ Telephone Sales (Number) တက္ကသိုလ်ဝင်တန်း အောင်မြင်ပြီးသူဖြစ်ရမည်။ မြန်မာစကားပြောတတ်ရမည်။ ပေါင်းသင်းဆက်ဆံရေးပြေပြစ်ရမည်။ အသက်(၂၀-၃၀) နှစ်၊ ခံစားခွင့်(၁၂၀၀၀၀+ဗိုက်ဆု+ဆုကြေး+ကော်မရှင်) လုပ်ကိုင်ရမည့်နေရာမှာ ရန်ကုန်မြို့ဖြစ်သည်။ အမျိုးသမီးသာ ကန့်သတ်ထားသည်။

၃။ Logistics Commissioner (Number) ကြာရှည် ခရီးသွားနိုင်ရန် လိုအပ်သည်။ မြို့အသီးသီး ကုန်စည်စီးဆင်းမှု ကွန်ရက်တည်ဆောက်နိုင်ရမည်။ ပေါင်းသင်းဆက်ဆံရေး ပြေပြစ်ရမည်။ ကုန်စည်စီးဆင်းမှုနှင့် သက်ဆိုင်သည့် လုပ်ငန်းအတွေ့အကြုံ ရှိသူ ဦးစားပေးမည်။ ခံစားခွင့် (၂၀၀၀၀၀+ကော်မရှင်+ပုံပိုး) အမျိုးသားများသာ ကန့်သတ်ထားသည်။ **(Ph : 09 450035491, 09 786692151)**

---

## ရွှေနန်းစံ

အိမ်ခြံမြေ/အိမ်ရှာဖွေရေး/ဆောင်ရွက်မှု (မြို့တွင်း/နယ်ပေး)

Ph: 09-425308777, 09-770639155, 09-261111549

---

## EAGLE GUEST HOUSE

ရန်ကုန်စလေဆိပ်၊ အောင်မင်္ဂလာအဝေးပြေးဂိတ်သို့ သွားရလွယ်ကူသော EAGLE တည်းခိုရိပ်သာ

၁၉၂၊ အာဇာနည်လမ်း(ဘုန်းကြီးလမ်း)၊ မြောက်ဥက္ကလာ၊ မယ်လမုဘုရားမီးပွိုင့်အနီး

ဖုန်း ၀၁ ၆၅၆၀၈၈
၀၉ ၄၃၀၄၃၈၇၄
၀၉ ၃၂၂၂၉၄၇

၁၀၀၀၀ ကျပ်
၁၅၀၀၀ ကျပ်

---

## မိသားစု အိမ်ခြံမြေ

### ကွန်ဒို/တိုက်ခန်း (အရောင်းသီးသန့်)

| | | |
|---|---|---|
| Grandဖိုးစိန်ကွန်ဒို၊တာမ | (3300Sqft)M2,S2 | 5500L |
| Hill Top Vista၊အလုံ | (1880Sqft) | 4800L |
| (၉)မိုင်ကွန်ဒို၊မရမ | (2400Sqft)M3,S1 | 4500L |
| Junctionမော်တင်၊တာမ | (1450Sqft) | 3600L |
| အလုံကွန်ဒိုသစ်၊အလုံ | (2200Sqft) | 3100L |
| လှိုင်ကွန်ဒိုသစ်၊လှိုင် | (1600Sqft)M1,S2 | 2000L |
| ရန်ကင်းResidence | (1150Sqft) | 1700L |

☎ - 09799991090, 09799991092, 09799991095

---

## မိုးခင်း

အမှတ်စဉ်( L/20 )ယနေ့ထွက်ပြီ
ရှုထောင့်ဂျာနယ် မော်ကြွဲ
Ph-01-397164, 01-9000017

---

## ခရုံမြို့သစ်

အရောင်း
အိမ်ကွက်မြို့နယ်
ကောင်းခိုင်း မြောက်ဦး များ၌ မြေကွက်များကို စျေးကောင်း ပေးဝယ်သည်။

09-6809893
09-5120620

---

## ဆိုင်ဖွင့်ရန်(လျှော့ဈေး)

သာကေတ၊ နဝရတ်လမ်းကျယ် (သုဝဏ္ဏနှင့်နီး)၊ မြေညီတိုက်သစ် (၁၈×၅၄)ပေ၊ RC ထပ်ခိုးပါ။

**Ph. 09-799882250, 09-5077052**

---

## လုံးချင်းတိုက်သစ်ငှားမည်

တောင်မြောက်လမ်းဆုံ၊ အမှတ် (၂)လမ်းမကြီး ပေါ်ရှိ (၅၀'x၈၀') တိုက်သစ် (၄)ထပ်တိုက် ငှားမည်။ အဆင့်မြင့် ဆောက်လုပ်ထားပြီး MB (၅)ခန်း၊ အိပ်ခန်း (၁)ခန်း။ အောက် (၂)ထပ်တွင် ပြခန်းဖွင့်ရန် Hall Type ဖြစ်ပြီး Air-Con၊ ပါတေး အပြည့်အစုံ ခေါင်းမိုးတွင် Pan Houseပါရှိ၊ ကုမ္ပဏီ၊ ဘဏ်၊ ကိုယ်ပိုင်အထက်တန်းကျောင်း၊ အရောင်းပြခန်းဖွင့်ရန် နေရာအလွန်ကောင်း။ ကားရပ်ရန် မြေပိုပါရှိ လိုအပ်ပါက ပူးတွဲငှားရန် မြေကွက် (၁) ကွက် ပါရှိ။ တလ(၃၅)သိန်း။ ပွဲစားလာ

Ph : 09-252055609, 09-444462599

---

"တော်ဝင်မြန်မာသောက်ရေ" မှတိုက်ခန်းများကို ရှိသည်သော စျေးနှုန်းဖြင့် ရောင်းချပေးနေပါသည်။ (YCDC LC No-LC 845)

၁။ (12'.6"x50') ...
၂။ (18'x50') ... - 420 L ... - 320 L ... - 290 L
၃။ (17'x55') ...
၄။ (14'x50') ... Market ...

09- 519 5507, 09-254 219 033

---

## "ကန့်ကွက်နိုင်ပါသည်"

ရန်ကုန်တိုင်းဒေသကြီး အလုံမြို့နယ် နှင်းဆီကုန်းလမ်း တိုက်အမှတ်(၉၇) (၁၆ထပ်)တိုက်၏ ပထမထပ် (၄လွှာ) အခန်းအမှတ်(ဧ-၁၀၅) အကျယ်အဝန်း(၁၅၈၀)စတုရန်းပေရှိ (Hill Top Condo-minium) တိုက်ခန်းအပါအဝင် ... ပိုင်ဆိုင်ခွင့်ရှိကြောင်း ... (၇)ရက်အတွင်း ... ကန့်ကွက်နိုင်ပါသည်။ ... အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

အထက်တန်းရှေ့နေ / တရားလွှတ်တော်ရှေ့နေများ

| | | | |
|---|---|---|---|
| ဒေါ်ခင်မိမိဦး | ဒေါ်နန်းဆင့်ဆင့်လွန်း | ဒေါ်မြမိုးဇေ | ဒေါ်တင်တနည်နွေဝင်း |
| (LL.B,D.M.L)(စဉ် ၄၁၄၀၀) | (LL.B)(စဉ် ၁၂၆၉၉) | (LL.B,D.B.L,D.M.L,D.I.L) | (LL.B,D.I.L)(စဉ် ၉၅၇၇) |
| | | WIPO,DL-101Switzerland(စဉ် ၈၅၅၈) | DL-101(WIPO)Geneva |

အမှတ်(၄၇-က)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။
☎ - 09799991090, 09799991092, 09799991095
Email :rabbitfamilyrealestate@gmail.com


SAMSUNG
Galaxy S8 | S8+
S8 | S8+ ဝယ်ယူပြီး Samsung Original Gift Set နှင့် Cash Back ရယူကြရအောင်
Gift Set (All color)
Special Promotion (SAMSUNG Original Gift Set)
Screen Protector
Power Bank (5,200 mAh)
Clear Cover
Type C Connector
* ပစ္စည်းလက်ကျန်ရှိသည် အထိသာ။
S8 | S8+ Special Color Promotion
For
S8+ Gold (Only)
S8 All Color
#CashBack
50,000 Ks
12th July
to
31st July
MPT
SAMSUNG
MONSOON
SALE
မိုးရာသီအထူးလျှော့ဈေး
ဇူလိုင်လ ၉ရက်နေ့က စတင်ပြီး အထူးလျှော့ဈေးဖြင့် ဝယ်ယူနိုင်ပါပြီ
Galaxy S8 +
ယခင်ဈေး- 11,90,000
ယခုဈေး- 11,60,000
SAVE 30,000
Galaxy S8
ယခင်ဈေး- 10,60,000
ယခုဈေး- 10,30,000
SAVE 30,000
Galaxy A7(2017)
ယခင်ဈေး- 625,000
ယခုဈေး- 600,000
SAVE 25,000
Galaxy J7 Prime
ယခင်ဈေး- 360,000
ယခုဈေး- 319,000
SAVE 41,000
Galaxy X Cover 4
ယခင်ဈေး- 305,000
ယခုဈေး- 299,000
SAVE 6,000
Galaxy ON 7
ယခင်ဈေး- 198,000
ယခုဈေး- 184,000
SAVE 14,000
Galaxy J2 Prime
ယခင်ဈေး- 169,000
ယခုဈေး- 159,000
SAVE 10,000
samsungmobilemyanmar
samsungmyanmar
mySamsung.com/mm
samsung.com/mm
အမြို့မြို့အနယ်နယ်ရှိ Samsung Brand Shop များနှင့် ကိုယ်စားလှယ် အရောင်းဆိုင် များတွင် ဝယ်ယူနိုင်ပါသည်။
Call Center
01 2399 888
(Mon-Sun)
7AM to 11PM

## ရာနှုန်းပြည့် တည်ဆောက်ပြီးစီးသည့်အပြင် လူနေထိုင်ခွင့် (BCC) ကျပြီးဖြစ်၍ အဆင်သင့်တက်ရောက်နေထိုင်နိုင်ပါပြီ



ပေးချေရသည့်
ငွေတန်ဖိုးထက်မက
ပိုမိုထိုက်တန်စွာ ရရှိနိုင်မည့်
အထူးအခွင့်အရေး

တစ်ပေပတ်လည်လျှင်
၉၀၀၀၀/- နှုန်း
မှ စတင်၍..
ရောင်းချပေးနေပြီ

# စွယ်တော်စီးတီး အိမ်ရာ

မင်္ဂလာဒုံမြို့နယ်



■ ရန်ကုန်မြို့တော်၏မြောက်ဘက်အဝင်ဝပေါက်၊ အမှတ် (၃) လမ်းမကြီးအနီး ၊အောင်မင်္ဂလာ အဝေးပြေး ကားဂိတ်၊သီရိဓာနာ လက်လီ လက္ကားဈေး၊ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တို့နှင့် အနီးဆုံးနေရာဖြစ်ပြီး မင်္ဂလာဒုံစက်မှုဇုန် ၊ Royal Mingalardon Golf Resort တို့ တည်ရှိသော မင်္ဂလာဒုံဥယျာဉ်မြို့တော်၏ အလယ် မြေဧက (၃၀) ပေါ်တွင် တည်ဆောက်ထားပြီး တိုက်ခန်းပိုင်ရှင်များ အနေဖြင့် အချိုးကျ မြေပိုင်ဆိုင်မှု ရှိမည့် စီးပွားရေးအရ အချက်အချာကျသည့်နေရာရှိ အဆင့်မြင့်စုပေါင်းအိမ်ရာ ဖြစ်ပါသည်။

■ Thai နိုင်ငံ G4 Architects မှ ရေးဆွဲသောဒီဇိုင်း၊ Pile-Foundation ၊ ခေတ်မီ Post-Tensioned စံနစ်ဖြင့် 10" Concrete Slab၊ ငလျင်ဒဏ်ခံနိုင်သည့် Shear wall များ ထည့်သွင်း ဆောက်လုပ်ထားသည့် (၈) ထပ် အဆင့်မြင့်ကွန်ဒိုမီနီယံဖြစ်ပြီး အဆောက်အဦတိုင်းတွင် 2500 sq-ft ခန့် ကျယ်ဝန်းသော Lobby ပါရှိသည့်အပြင် Schindler အမျိုးအစား ဓာတ်လှေကား (၄) စီး ၊ Security System, CCTV, Fire Protection & Fire Alarm System, Back up Generator System များပါဝင်ပြီး အိမ်ရာဝင်း တစ်ခုလုံး အတွင်း Underground Cable များကိုသာ အသုံးပြုထားပါသည်။





■ ရေကူးကန် ၊ စားသောက်ဆိုင်၊
Fitness Center, SPA,
Convenience Store,
လူဦးရေ (၃၀၀) ခန့် စုဝေးနိုင်သည့်
မြက်ခင်းပြင်ကျယ်နှင့် ခန်းမများ ပါဝင်သော
Clubhouse တစ်ခု ထည့်သွင်း
တည်ဆောက် ထားပါသည်။



■ (၃) ဧကခန့် အကျယ်အဝန်းရှိ သဘာဝရေကန်ပတ်လည်တွင် လမ်းလျှောက်လေ့ကျင့်ခန်းနှင့် စက်ဘီးစီးခြင်းများ ပြုလုပ်နိုင်သည့် လမ်းများနှင့် အဆောက်အဦး ပတ်လည်တွင်သာယာလှပသော ပန်းခြံ ဥယျာဉ်၊ ကလေးကစားကွင်းများ အပါအဝင် ယာဉ်ရပ်နားရန် Car Parking နေရာများ အလုံအလောက် ပါဝင်ပါသည်။

အထူးအစီအစဉ်အနေဖြင့် AYA BANK နှင့် ချိတ်ဆက်၍ (၅) နှစ် မှ (၁၀) နှစ်အထိ အရစ်ကျ ငွေပေးချေမှုစနစ်ဖြင့် ဝယ်ယူနိုင်ရန် အတွက်လည်း စီစဉ်ဆောင်ရွက်ထားပါသည်။

DEVELOPER-

GRAND STYLE CO.,LTD.
အမှတ် (၂၄၅)၊ ဗားကရာလမ်း (ဂမုန်းပွင့် မြေနီကုန်း) ၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။

TEL : 09 797-221133, 09 799-332211
09 799-221133

# THE CENTRAL

## WHERE THE FINEST MEETS

## YANGON'S FINEST RESIDENTIAL PROPERTY







At the **Corner of Kabar Aye Pagoda Road and Kanbe Road,**
The Central is designed to be a world-class mixed-use development with Yangon's first retail walking street, F&B complex, luxury residential units, complete clubhouse facilities, and Grade-A office space. It is a vision for a vibrant, sustainable and harmonious Yangon.

**ကမ္ဘာအေးဘုရားလမ်းနှင့်ကန်ဘဲ့လမ်းထောင့်**

The Central သည် ရန်ကုန်၏ပထမဆုံးသော စျေးဝယ်လမ်းလျှောက်လမ်း၊ စားသောက်ဆိုင်များ၊ အဆင့်မြင့်လူနေအိမ်များ၊ ပြီးပြည့်စုံသော Clubhouse ဝန်ဆောင်မှုများ၊ Grade-A ရုံးခန်းများ ပါရှိသည့် ကမ္ဘာ့အဆင့်မီ mixed-use development တစ်ခုဖြစ်လာပါမည်။ The Central သည် ရန်ကုန်မြို့၏ သက်ဝင်စိုလွင်ခြင်း၊ ခိုင်မာတည်တံ့ခြင်းနှင့် ညီညွတ်ခြင်းတို့၏ ရုပ်ပုံလွှာတစ်ခုဖြစ်ပါသည်။




**ENQUIRY HOTLINE**
